www.burmeseclassic.com

# မောင်ကောင်းထိုက်
## လက်ရွေးစင်
# ဟာသပဒေသာ

အမှတ်(၆)




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၉၃/၉၇(၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၇၈/၉၇(၇)

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၅၀၀)

ထုတ်ဝေခြင်း

နိုဝင်ဘာလ၊ ၁၉၉၇

တန်ဖိုး
၇.၀၀-ကျပ်

မောင်ဟန်(၀၈၇၆)၊ ကမ္ဘာလုံးစာပေ၊
၂၅၉၊ နဝေဒေးလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံ
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဦးကျော်မိုးစိန်(အောင်သာအောဖ်စက်) (၀၃၁၃၇)
အမှတ်-၁၇၂၊ ၃၁-လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

## မာတိကာ


| | | |
|---|---|---|
| ၁။ | နောက်တစ်ခါ အရောက်လာပါဦး | ၁၇ |
| ၂။ | မတွေ့ကြဘူး | ၂၆ |
| ၃။ | ဘွဲ့တံဆိပ်များပိုင်ရှင် | ၂၇ |
| ၄။ | အပတ်တိုင်းရချင်တယ် | ၂၇ |
| ၅။ | ကိုယ်ချင်းစာမှပေါ့ | ၂၈ |
| ၆။ | ဘွဲ့ရမှဖြစ်မယ် | ၂၈ |
| ၇။ | ဆံပင်သစ် | ၃၀ |
| ၈။ | လူဆိုတာ မျောက်က ဆင်းသက်တယ် | ၃၀ |
| ၉။ | မောလှပြီ | ၃၀ |
| ၁၀။ | မဝယ်ပါဘူး | ၃၁ |
| ၁၁။ | သတ္တမမြောက်နှား | ၃၁ |
| ၁၂။ | စာရေးတဲ့အချိန် | ၃၂ |
| ၁၃။ | မခိုးနိုင်ပါဘူး | ၃၃ |
| ၁၄။ | ကျွန်တော့်ကို ကျေးဇူးတင်ပါ | ၃၄ |
| ၁၅။ | ကုန်းတော့ပေါ် | ၃၄ |
| ၁၆။ | ဒီထက်ဈေးပေါတာ မရှိလို့ | ၃၅ |
| ၁၇။ | အမွေရထားတယ်ဆိုရင် ပြီးရော | ၃၆ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁၈။ ရှာလကာရည် ၃၆

၁၉။ ပွဲစား ၃၇

၂၀။ အသက်ပြည့်မှ ၃၇

၂၁။ မရှိလေ ကြောက်လေ ၃၇

၂၂။ ပြုပြင်ပြောင်းလဲရေး ၃၈

၂၃။ တိုက်ဆိုင်မှု ၃၈

၂၄။ ဘယ်သူမှန်သလဲ ၄၀

၂၅။ အခုမှ သိတယ် ၄၀

၂၆။ မီးသတ်သမား ဘယ်မှာလဲ ၄၁

၂၇။ မြစ်နဲ့ပင်လယ် ၄၂

၂၈။ ပိန်စာ ၄၂

၂၉။ စဉ်းစားမိသည်မှာ ၄၃

၃၀။ တွေ့ခဲ့ရသော ကြော်ငြာများ ၄၃

၃၁။ လျှောက်လွှာ ၄၄

၃၂။ ရေမင်းသား ၄၄

၃၃။ ခက်အောင်မလုပ်ပါနဲ့ ၄၄

၃၄။ လက်ဆောင်ပေးရင် သုံးရတယ် ၄၅

၃၅။ နပိုလီယံ ၄၅

၃၆။ ကျောင်းသား ၄၆

၃၇။ ကြက်တူရွေးအာခေါင်နီ ၄၇


## မာတိကာ


၃၈။ ယုန်ဆုတောင်း ၄၈

၃၉။ ဆရာကောင်း ၄၉

၄၀။ အကောင်းမြင်ဖန်ခွက် ၅၀

၄၁။ မထိုးဘူး ၅၀

၄၂။ သုံးလို့ရတဲ့နေရာ ရှိပါတယ် ၅၁

၄၃။ အကြွေးရှင်လာပြီ ၅၁

၄၄။ ကြက်တူရွေး ၅၂

၄၅။ လွယ်ရအောင် ၅၃

၄၆။ ဖတ်ပြီးမှ ပြောနိုင်မယ် ၅၄

၄၇။ အနုကြမ်း ၅၄

၄၈။ သဘောမတူဘူး ၅၅

၄၉။ မဖျက်ဆီးပါနဲ့ ၅၆

၅၀။ နှောင်တ ၅၆

၅၁။ ပုန်းရှောင်သူ ၅၇

၅၂။ မိန်းမထင်လို့ ၅၇

၅၃။ တားကြပါလား ၅၈

၅၄။ ဆန္ဒသာအဓိက ၅၈

၅၅။ ဘဲစားဘဲချေး ၅၉

၅၆။ ယုတ္တိဗေဒ ၅၉

၅၇။ သေချာတယ် ၆၀


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၅၈။ | ပြီးရင် မင်းအလှည့် | ၆၀ |
| ၅၉။ | သတိုထားမှပေါ့ | ၆၁ |
| ၆၀။ | ပုစွန်ဆိတ်ကလေး ဘယ်လိုငယ် | ၆၁ |
| ၆၁။ | ရောက်ပဲ့မလား | ၆၂ |
| ၆၂။ | မလိုချင်တော့ဘူး | ၆၂ |
| ၆၃။ | မယုံနိုင်ဘူး | ၆၃ |
| ၆၄။ | မသိလို့ပါ | ၆၅ |
| ၆၅။ | မသေချာဘူး | ၆၅ |
| ၆၆။ | ဆွဲတော့ဆွဲတာပဲ | ၆၅ |
| ၆၇။ | ဖြေနိုင်တယ် | ၆၆ |
| ၆၈။ | အချိန်ရှိတုန်း | ၆၇ |
| ၆၉။ | နှစ်ယောက်စာ | ၆၇ |
| ၇၀။ | မကြိုက်တာချင်းတော့ အတူတူပဲ | ၆၇ |
| ၇၁။ | စိတ်မဆိုးနဲ့ | ၆၈ |
| ၇၂။ | အထင်ခံရမှာ စိုးတယ် | ၆၈ |
| ၇၃။ | မနှိုးနဲ့ | ၆၉ |
| ၇၄။ | မပြောတတ်ဘူး | ၆၉ |
| ၇၅။ | ဆိုရှယ်လစ်စနစ် | ၆၉ |
| ၇၆။ | မေမေ့ဆန္ဒ | ၇၀ |
| ၇၇။ | အပြီးသတ်မ[illegible] | ၇၀ |


## မာတိကာ


| | | |
|---|---|---|
| ၇၈။ | ကြည့်သောသူ မြင်၏ | ၇၀ |
| ၇၉။ | အမေ့ဆီသွား | ၇၂ |
| ၈၀။ | သိတာ ပြောရတာလေ | ၇၂ |
| ၈၁။ | အရေးထဲ အရာပေါ် | ၇၃ |
| ၈၂။ | အပျင်းထူသူများ | ၇၄ |
| ၈၃။ | မင်းလိုလူစား အများကြီးပေါ့ | ၇၅ |
| ၈၄။ | အယားဖြေနည်း | ၇၆ |
| ၈၅။ | အိပ်ဆေး | ၇၆ |
| ၈၆။ | ဆိုချင်သေးရင်ပြော | ၇၇ |
| ၈၇။ | မစပ်စုပါနဲ့ | ၇၇ |
| ၈၈။ | အထင်မမှားပါနဲ့ | ၇၈ |
| ၈၉။ | နှောက်မလုပ်ပါနဲ့ | ၇၈ |
| ၉၀။ | ပုံမှားရိုက် လူမိုက် | ၇၉ |
| ၉၁။ | အရက်သမားဆိုတာ | ၈၀ |
| ၉၂။ | ဖတ်ချင်လို့ ဟုတ်ဖူး | ၈၀ |
| ၉၃။ | ပိုကောင်းတဲ့နည်း | ၈၁ |
| ၉၄။ | သဏ္ဌာန်လုပ် သရုပ်ပါရမယ် | ၈၂ |
| ၉၅။ | ချစ်သောဖေဖေ | ၈၃ |
| ၉၆။ | သူခိုးကြောက်တယ်မောင် | ၈၄ |
| ၉၇။ | နှောက်မလုပ်တော့ပါဘူး | ၈၅ |


www.burmeseclassic.com

www.burmeseclassic.com

မာတိကာ


| | | |
|---|---|---|
| ၉၈။ | နားမလည်နိုင်ဘူး | ၈၆ |
| ၉၉။ | သဘာဝနဲ့ ဆန့်ကျင်လို့ | ၈၇ |
| ၁၀၀။ | တခြားစက္ကူရှာပါ | ၈၇ |
| ၁၀၁။ | အကြံကောင်း | ၈၈ |
| ၁၀၂။ | နိုင်မှာပဲ | ၈၉ |
| ၁၀၃။ | အပြောင်းအလဲ | ၈၉ |
| ၁၀၄။ | New Russian | ၉၀ |
| ၁၀၅။ | ဒီတစ်ခါ ကြားမှဖြစ်မယ် | ၉[illegible] |
| ၁၀၆။ | သတိရတယ် | ၉၁ |
| ၁၀၇။ | ဘယ်တုန်းက ပြည့်တာလဲ | ၉၁ |
| ၁၀၈။ | လေ့ကျင့်ခန်း | ၉၂ |
| ၁၀၉။ | ရောဂါဆန်း | ၉၂ |
| ၁၁၀။ | မဖွင့်ဘူးဗျာ | ၉၃ |
| ၁၁၁။ | မခံနိုင်တော့ဘူး | ၉၃ |
| ၁၁၂။ | အမြန်ရိုက်ခေတ်ပုံ | ၉၄ |
| ၁၁၃။ | ပညာသအကျိုး | ၉၄ |
| ၁၁၄။ | သုံးယောက်နဲ့တစ်ယောက် | ၉၄ |
| ၁၁၅။ | ဘယ်သူမှမရှိဘူး | ၉၅ |
| ၁၁၆။ | ဘယ်လိုမှ မလွတ်ပါလား | ၉၅ |
| ၁၁၇။ | ရေချိန်ကိုက်ပြီ | ၉၆ |


မာတိကာ


| | | |
|---|---|---|
| ၁၁၈။ | ကျေးဇူး | ၉၆ |
| ၁၁၉။ | အထူးအဆန်းထင်လို့ | ၉၆ |
| ၁၂၀။ | ပေါ်တော့ လုံတာပေါ့ | ၉၈ |
| ၁၂၁။ | မေးထိုက်တယ် | ၉၈ |
| ၁၂၂။ | ကလေးတွေ အိပ်ပါစေ | ၉၉ |
| ၁၂၃။ | ဘာမှ မရှိဘူး | ၉၉ |
| ၁၂၄။ | ခေါင်းနှစ်လုံး | ၁၀၀ |
| ၁၂၅။ | ထောက်ထားမှပေါ့ | ၁၀၀ |
| ၁၂၆။ | အကြောင်းရှင်းသုံးခု | ၁၀၁ |
| ၁၂၇။ | ကျေနပ်မှု | ၁၀၁ |
| ၁၂၈။ | မဝယ်ဘဲ မနေနဲ့ | ၁၀၂ |
| ၁၂၉။ | ထောက်ခံတယ် | ၁၀၂ |
| ၁၃၀။ | အကြောင်းရင်း | ၁၀၂ |
| ၁၃၁။ | အမိုက်မဲဆုံးလူ | ၁၀၃ |
| ၁၃၂။ | ပျော်ရွှင်မှု | ၁၀၄ |
| ၁၃၃။ | ရင်ခုံသံ | ၁၀၄ |
| ၁၃၄။ | အတူတူ စားခွင့် | ၁၀၄ |
| ၁၃၅။ | ကိုဘကြောက် | ၁၀၅ |
| ၁၃၆။ | မပေးဘူးဗျာ | ၁၀၅ |
| ၁၃၇။ | အောင်မြင်မှု | ၁၀၆ |


www.burmeseclassic.com

www.burmeseclassic.com




၁၃၈။ တစ်ခွက်လောက်တော့ အပျော့ပေါ့ ၁၀၆
၁၃၉။ ခိုးတာချင်း အတူတူ ၁၀၇
၁၄၀။ ပြောရဲရင် ပြောကြည့် ၁၀၈
၁၄၁။ ပိုင်ရှင် ၁၀၈
၁၄၂။ မပေးရင် မပေးဘူးပြော ၁၀၉
၁၄၃။ ရေရှောပါ ၁၀၉
၁၄၄။ လျှော်ဖွပ်ခ ၁၁၀
၁၄၅။ လွတ်လပ်စွာ ပြောဆိုခွင့် ၁၁၁
၁၄၆။ မျိုးရိုး ၁၁၁
၁၄၇။ နေနဲ့လ ၁၁၁
၁၄၈။ တော်တဲ့တပည့် ၁၁၂
၁၄၉။ ဒန်းစီးခြင်း ၁၁၂
၁၅၀။ မကြောက်တော့ဘူး ၁၁၃
၁၅၁။ ဖြစ်မှ ဖြစ်ရလေ ၁၁၃
၁၅၂။ ကဗျာ ၁၁၄
၁၅၃။ မယုံပါနဲ့ ၁၁၄
၁၅၄။ အာမခံ ၁၁၅
၁၅၅။ မစိုးရိမ်ပါနဲ့ ၁၁၅
၁၅၆။ ကောင်းကောင်းကြည့်ပါရစေ ၁၁၆
၁၅၇။ မိန်းမနဲ့ပြည်သူ ၁၁၈


မာတိကာ


၁၅၈။ နည်းသလား၊ များသလား ၁၁၈
၁၅၉။ ကြိုသိရမှာပေါ့ ၁၁၉
၁၆၀။ စိတ်ချပါ ၁၁၉
၁၆၁။ စဉ်းစားပါ ၁၂၀
၁၆၂။ အထင်မလွဲပါနဲ့ ၁၂၀
၁၆၃။ ဆိတ်ဆိတ်နေ ထောင်တန် ၁၂၁
၁၆၄။ ရှာသင့်တာပေါ့ ၁၂၂
၁၆၅။ ငယ်မှကြိုက်တယ် ၁၂၂
၁၆၆။ ပြောင်းနေ ၁၂၃
၁၆၇။ စားချိန် ၁၂၄
၁၆၈။ အဖေ့ခြေရာ နင်းသူ ၁၂၄
၁၆၉။ ချွတ်ယွင်းချက် ၁၂၅
၁၇၀။ ဟာသတန်ခိုး ၁၂၆
၁၇၁။ ပိုရချင်တယ် ၁၂၇
၁၇၂။ ခင်ဗျား စဉ်းစားရမယ့်အလှည့် ၁၂၇
၁၇၃။ စောင့်ရတာကြာပြီ ၁၂၉
၁၇၄။ မင်းလိုလူစား မများစေနဲ့ ၁၂၉
၁၇၅။ ဒါကြောင့် ၁၃၀
၁၇၆။ ရန်ပွဲ ၁၃၀
၁၇၇။ အချိန်ကောင်း ၁၃၁


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁၇၈။ | လွန်တာပေါ့ | ၁၃၂ |
| ၁၇၉။ | စားတဲ့ထမင်း ပြန်ထွက်ချင်တယ် | ၁၃၂ |
| ၁၈၀။ | နောင်နှစ်မှ ရမယ် | ၁၃၃ |
| ၁၈၁။ | နေရာလွတ်မရှိဘူး | ၁၃၄ |
| ၁၈၂။ | အရက်ပါသလား | ၁၃၄ |
| ၁၈၃။ | ငါးမှူးဆို တော်ပြီ | ၁၃၅ |
| ၁၈၄။ | စုံထောက်ဝတ္ထု | ၁၃၅ |
| ၁၈၅။ | အသေမဖြောင့်နိုင်ဘူး | ၁၃၆ |
| ၁၈၆။ | ဘယ်လို သောက်ရမလဲ | ၁၃၆ |
| ၁၈၇။ | မလိမ်တတ်ဘူး | ၁၃၇ |
| ၁၈၈။ | ပင်းကွင်းငှက် | ၁၃၈ |
| ၁၈၉။ | လုပ်အား | ၁၃၈ |
| ၁၉၀။ | ဖိတ်ကုန်မှာပေါ့ | ၁၃၉ |
| ၁၉၁။ | တံလျှပ် | ၁၄၀ |
| ၁၉၂။ | အလိမ်ပေါ်ပြီ | ၁၄၀ |
| ၁၉၃။ | ဟုတ်သလိုလိုပဲ | ၁၄၁ |
| ၁၉၄။ | သောခလောက် | ၁၄၁ |
| ၁၉၅။ | အကြွေးပေးပါ | ၁၄၁ |
| ၁၉၆။ | တစ်နေ့တစ်လုံး သင်မယ် | ၁၄၂ |
| ၁၉၇။ | သိတော့သိတယ် | ၁၄၃ |


## မာတိကာ


| | | |
|---|---|---|
| ၁၉၈။ | စစ်ရခက်ကြီး | ၁၄၄ |
| ၁၉၉။ | အရေးကြီးတာ အရင်ပြောမှပေါ့ | ၁၄၄ |
| ၂၀၀။ | မြန်မြန်သေချင်တာလား အချစ်ရယ် | ၁၄၅ |
| ၂၀၁။ | လိုတာပြောပါ | ၁၄၆ |
| ၂၀၂။ | တစ်ယောက်တော့ နေခဲ့ | ၁၄၆ |
| ၂၀၃။ | ခြွေတာရေး | ၁၄၈ |
| ၂၀၄။ | ကျွန်မပါပဲ | ၁၄၈ |
| ၂၀၅။ | စိတ်မပူပါနဲ့ | ၁၄၉ |
| ၂၀၆။ | အံ့သြကုန်နိုင်ဖွယ် | ၁၅၀ |
| ၂၀၇။ | အားလုံးမှန်တယ် | ၁၅၀ |
| ၂၀၈။ | အသက်အာမခံ | ၁၅၁ |
| ၂၀၉။ | တစ်ခုခုများ ဖြစ်သလားလို့ | ၁၅၁ |
| ၂၁၀။ | သိရမယ် | ၁၅၂ |
| ၂၁၁။ | မမေ့ရင် ခက်မယ် | ၁၅၂ |
| ၂၁၂။ | မျိုးရိုး | ၁၅၂ |
| ၂၁၃။ | မေးပဲမေးရက်တယ် | ၁၅၃ |
| ၂၁၄။ | မထုံပါဘူး | ၁၅၄ |
| ၂၁၅။ | ရေကူးနာရီ | ၁၅၅ |
| ၂၁၆။ | ဆုံးအောင်နားထောင်မှပေါ့ | ၁၅၅ |
| ၂၁၇။ | ဖြစ်နိုင်ရင် ဆိုပါတယ် | ၁၅၆ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၂၁၈။ | မိန်းမကို ခေတ်တော်ချစ်ပုံရတယ် | ၁၅၇ |
| ၂၁၉။ | အရောင်းထိုင်းရတဲ့အထဲ | ၁၅၈ |
| ၂၂၀။ | အကြံပေးချင်တယ် | ၁၅၈ |
| ၂၂၁။ | မလိမ်နဲ့ | ၁၅၉ |
| ၂၂၂။ | ရုပ်ရှင်ရှူး | ၁၅၉ |
| ၂၂၃။ | ဖြေနိုင်ရင် ဖြေပါ | ၁၆၀ |
| ၂၂၄။ | ပုစ္ဆန်ထုပ် | ၁၆၁ |
| ၂၂၅။ | ကြာကြာ မနေစေချင်ဘူး | ၁၆၁ |
| ၂၂၆။ | သွေးသောက်သူ | ၁၆၂ |
| ၂၂၇။ | ခင်ဗျား ရန်သူဘက်ကလား | ၁၆၂ |
| ၂၂၈။ | မသိဘူး | ၁၆၃ |
| ၂၂၉။ | သိဖို့စောသေးတယ် | ၁၆၄ |
| ၂၃၀။ | ခေါင်းမှား | ၁၆၄ |
| ၂၃၁။ | ဒီပြဇာတ် အောင်မြင်တယ် | ၁၆၅ |
| ၂၃၂။ | နယ်မြေ | ၁၆၅ |
| ၂၃၃။ | အလုပ်ပြောင်းပါ | ၁၆၆ |
| ၂၃၄။ | ပိုမအိပ်နဲ့ | ၁၆၆ |
| ၂၃၅။ | အိမ်ဖော် | ၁၆၇ |
| ၂၃၆။ | ရေမွှေး | ၁၆၈ |
| ၂၃၇။ | ဘိယာနှင့် အနုပညာ | ၁၆၈ |
| ၂၃၈။ | ကတိတည်သူ | ၁၆၈ |


## မာတိကာ


| | | |
|---|---|---|
| ၂၃၉။ | ကျေနပ်တယ် | ၁၆၉ |
| ၂၄၀။ | နှိမ်မယ်မကြံနဲ့ | ၁၆၉ |
| ၂၄၁။ | ထပ်ကုန်လို့ ဘယ်ဖြစ်မလဲ | ၁၇၀ |
| ၂၄၂။ | လူကြီးလူကောင်း | ၁၇၀ |
| ၂၄၃။ | နှစ်ကားပေါင်း | ၁၇၁ |
| ၂၄၄။ | ဆုံးဖြတ်ချက် | ၁၇၁ |
| ၂၄၅။ | သမ်းခြင်းရဲ့အကျိုး | ၁၇၂ |
| ၂၄၆။ | အထင်သေးလှချည်လား | ၁၇၃ |
| ၂၄၇။ | ဒီတစ်ခါ ရှင့်အလှည့် | ၁၇၃ |
| ၂၄၈။ | ခြိမ်းခြောက်မှု(၁) | ၁၇၄ |
| ၂၄၉။ | ခြိမ်းခြောက်မှု(၂) | ၁၇၄ |
| ၂၅၀။ | အလကား လုပ်ပါ့မလား | ၁၇၅ |
| ၂၅၁။ | ကောက်ချက် | ၁၇၅ |
| ၂၅၂။ | စံပြယောကျ်ား | ၁၇၆ |
| ၂၅၃။ | သိတာနောက်ကျသွားတယ် | ၁၇၆ |
| ၂၅၄။ | ဟိုဘက်ကမ်း | ၁၇၇ |
| ၂၅၅။ | မမျှော်လင့်ထားရင် ဖြစ်တတ်တာပဲ | ၁၇၈ |
| ၂၅၆။ | နောက်ဆုံးဖျော်ဖြေရာ | ၁၇၈ |
| ၂၅၇။ | တွေးမိသည်မှာ | ၁၇၉ |
| ၂၅၈။ | မဖတ်ပါဘူး | ၁၇၉ |
| ၂၅၉။ | မှားပြီထင်တယ် | ၁၈၀ |


www.burmeseclassic.com

www.burmeseclassic.com

မာတိကာ


| | | |
|---|---|---|
| ၂၆၀။ | သူများထက်လျှင်လို့ သူခိုးလုပ်စားတာပေါ့ | ၁၈၀ |
| ၂၆၁။ | ခုမှပဲ ပေါ်တော့တယ် | ၁၈၁ |
| ၂၆၂။ | အရုပ်ဆိုးမယား | ၁၈၂ |
| ၂၆၃။ | ပိုဝေးသွားသလဲ | ၁၈၂ |
| ၂၆၄။ | တစ်နိုင်ငံတစ်မျိုးစီပေါ့ | ၁၈၃ |
| ၂၆၅။ | တောသားဆိုတော့ လှေကြီးထိုး ရိုးရိုးပဲသိတယ် | ၁၈၃ |
| ၂၆၆။ | တစ်ချက်ခုတ် သုံးချက်ပြတ် | ၁၈၄ |
| ၂၆၇။ | သူများလက်ဦးသွားလို့ | ၁၈၅ |
| ၂၆၈။ | ခင်ပွန်းလောင်း | ၁၈၆ |
| ၂၆၉။ | တုတိယလူဖြစ်သွားမယ် | ၁၈၆ |
| ၂၇၀။ | သမက်မေတ္တာ | ၁၈၇ |
| ၂၇၁။ | သတင်းထူးမပါဘူး | ၁၈၇ |
| ၂၇၂။ | ဆုတောင်းပါ | ၁၈၈ |
| ၂၇၃။ | လက်မအားလို့ပါ | ၁၈၈ |
| ၂၇၄။ | တော်တဲ့ပုံ မဆောင်စမ်းပါနဲ့ | ၁၈၉ |
| ၂၇၅။ | ကြွယ်တွေလတွေ မပေါ်မချင်း | ၁၉၀ |
| ၂၇၆။ | ကွယ်ရာမှာတစ်မျိုး ရှေ့မှာတစ်မျိုး | ၁၉၁ |
| ၂၇၇။ | အမြည်းမလိုဘူး | ၁၉၁ |
| ၂၇၈။ | အမွှာပူး | ၁၉၂ |


BURMESE CLASSIC .com

## ၁။ နောက်တစ်ခါ အရောက်လာပါဦး



လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား–

မကြာမီက ဥက္ကဋ္ဌကြီး ရောက်ရှိခဲ့တဲ့ မြို့မှ မြို့သူမြို့သားများက ကျေးဇူးကုဋေကဋာဖြင့် ဤစာကို ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ မြို့သို့ အလည်အပတ်လာ ရောက်မည်ဆိုသည်ကို ဥက္ကဋ္ဌကြီးမှ သုံးရက်သာ ကြိုတင်၍ အသိပေးခဲ့သည် မှန်သော်လည်း မြို့နယ်အာဏာပိုင်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များသည် ဤအချိန်တို လေးနှင့်ပင် ဆိုဗီယက်အာဏာတည်သည့်ကာလ ကစ်လျှောက်လုံး အတွင်း လုပ်ဆောင်နိုင်ခဲ့သည်ထက် ပို၍ မြို့၏ စည်ပင်သာယာ ဝပြောရေးကိစ္စကို ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ပထမဦးဆုံးအနေနှင့် လူကြီးမင်းအား တင်ဆောင်လာသော မော်တော်ယာဉ် ဖြတ်သန်းသွားမည့် လမ်းတစ်ဘက်တစ်ချက်ရှိ အိမ်များအားလုံးကို ဆေးသုတ်ခဲ့ပါသည်၊ သို့သော် လူကြီးမင်းသည် စီစဉ်ထားသည့် ခရီးစဉ်အတိုင်းသွားလေ့မရှိကြောင်း တစ်စုံတစ်ဦးက သတိပေးလာပါသည်။ သို့ဖြင့် မြို့အာဏာပိုင်တို့သည် အခြားအိမ်များကိုပါ ဆေးသုတ်ခဲ့ကြရပါသည်။ ဤကိစ္စတွင် မည်မျှကြိုးစား

www.burmeseclassic.com

www.burmeseclassic.com





အားထုတ်ခဲ့ကြသနည်းဟူမှု အချို့အိမ်တို့၏ ပြတင်းပေါက်မှန်များကိုပါ ဆေးသုတ်မိကြပါသည်။

ဒုတိယအချက်အားဖြင့် ဥက္ကဋ္ဌကြီး မရောက်မီ လမ်းများအားလုံး မီးလင်းလာပါသည်။ နိုင်လွန်ကတ္တရာလမ်းများ ဖြစ်ကုန်ကြပါသည်။ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်အောင်လည်း လုပ်ဆောင်နိုင်ခဲ့ကြပါသည်။ လူကြီးမင်းမရောက်မီ တစ်ညအလိုတွင် မြေအောက်ဖြတ်ကူးလမ်း ၃၆၅–ခုကို ဖော်လုပ်ပြီးသား ဖြစ်သွားပါသည်။ မြို့ပေါ်ရှိ ဆိုင်များတွင် မပြုန်းတီးရအောင် ထိန်းသိမ်းစောင့်ရှောက်ရမည့် ပစ္စည်းစာရင်းထဲသို့ အချိန်တော်တော်ကြာကတည်းက သွတ်သွင်းပြီးဖြစ်သည်ဟု ကျွန်တော်တို့ ထင်မှတ်ခဲ့သော ကုန်ပစ္စည်းများကို တွေ့လာကြရပါသည်။ ဆိုင်ပေါ်တင်လာသော ပစ္စည်းများထဲတွင် အငတ်ဘေး ကြုံတွေ့ရသော အာဖရိကဒုက္ခသည်တို့အတွက် စားနပ်ရိက္ခာများကို သယ်ဆောင်လာသော ဗြိတိသျှသင်္ဘော ကျွန်တော်တို့ မြို့နှင့် မနီးမဝေးနိုင်ငံတကာ ရေပြင်ပိုင်နက်တွင် လွန်ခဲ့သည့် ၁၂–နှစ်က နစ်မြုပ်ခဲ့စဉ် နောက်ဆုံးအကြိမ် မြင်ခဲ့ကြရသော စည်သွတ်ဘူးများပင် ပါရှိခဲ့ပါသည်။

တတိယအချက်အားဖြင့် လွန်ခဲ့သော ငါးနှစ်စီမံကိန်းကာလကတည်းက အခမ်းအနားဖြင့် ဖွင့်လှစ်ပြီးကြောင်း အာဏာပိုင်တို့အထက်သို့ အစီရင်ခံခဲ့သည့် တံတားကိုလည်း ဆောက်လုပ်ရေးလုပ်သားတို့အပြီးသတ်ဆောက်လုပ်ခဲ့ကြပါသည်။ ထိုစဉ်က ယင်းတံတားကို တခမ်းတနား ဖွင့်လှစ်ခဲ့ရာတွင် တံတားဆောက်လုပ်ရေးကော်မရှင်







အဖွဲ့ခေါင်းဆောင်က ဖဲကြိုးဖြတ်အပြီး တံတားလည်း ကမ်းမှလွတ်ကာ ကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ရေစီးကြောင်းအတိုင်း မျောပါသွားခဲ့ပါသည်။

နောက်ဆုံးအချက်အားဖြင့် လေဆိပ်မှအလာလမ်းတစ်လျှောက်လုံးကို ကွန်ဆိုမို*အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တို့က မိမိတို့၏ ကိုယ်ပိုင် ဖုံစုပ်စက်များဖြင့် သန့်ရှင်းရေးလုပ်ခဲ့ကြပါသည်၊ အလုပ်သမားသမဂ္ဂအဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်များကမူ အနီးအနား သစ်တောတို့တွင် အမှိုက်သရိုက်များကို ရှင်းကြပါသည်။ သစ်ပင်အားလုံးမှ သစ်ရွက်များကို အစိမ်းရောင် သုတ်ခဲ့ကြပါသည်။ မြို့ပေါ်ရှိ အထိမ်းအမှတ် ကျောက်တိုင်နှင့် ရုပ်တုများကို ယူဂိုစလားဗီးယားနိုင်ငံလုပ် ခေါင်းလျှော်ရည်ဖြင့် ဆေးကြောခဲ့ကြပါသည်။ မည်မျှ ဆေးကြောလိုက်ကြသနည်းဆိုသော် "မင်ဒီလေးယက်ဖ်"+ရုပ်တုသည် "လိုမိုနိုဆောဖ်"+ ရုပ်တုဖြစ်သွားပါသည်။

---

* Komsomol- ကွန်ဆိုမိုကွန်မြူနစ်လူငယ်အဖွဲ့

+ Mendeleyev, Dmitri Ivanovich(1834-1907)- ရုရှားဓာတုဗေဒပညာရှင်

+ Lomonosov, Mikhail Vasillevich- ရုရှားကဗျာဆရာနှင့်သိပ္ပံပညာရှင်



www.burmeseclassic.com

www.burmeseclassic.com





ထိုမျှမကသေးပါ၊ ဥက္ကဋ္ဌကြီး အမျက်တော်ရှမည်ကို စိုးရိမ်ကြသဖြင့် မြို့နယ်ခေါင်းဆောင်အများအပြားသည် မိမိတို့ပိုင် အနားယူအိမ်များကို နိုင်ငံတော်သို့ လွှဲပြောင်းပေးပါသည်။ ထိုရက်အများအတွင်းတွင် အချို့သော အနားယူအိမ်များကို မူကြိုကျောင်းနှင့် ကလေးထိန်းဌာနများအဖြစ် ဖွင့်လှစ်လိုက်ကြပါသည်။ မြို့နယ်ပါတီကော်မတီဌာနမှူးကြီးတစ်ဦး၏ အနားယူအိမ်ကို လေဆိပ်အဆောက်အဦသစ်အဖြစ် အသုံးချနိုင်အောင် ပြင်ဆင်နိုင်ခဲ့ပါသည်၊ ၎င်းအနားယူအိမ်မှ သခွါးခင်းကို "အီလူးရှင်း-၈၆"လေယာဉ် အဆင်းအတက်လုပ်နိုင်အောင် ကွန်ကရစ်လောင်းခဲ့ပါသည်။

ကျွန်တော်တို့၏အခြားခေါင်းဆောင်များလည်း အသိတရားဝင်ကာ အကောင်းဘက် ပြောင်းလာကြပါသည်။ "ခေါင်းဆောင်ကောင်းတို့မည်သည် ကိုယ်ပိုင်အမြင်ရှိရမည်၊ ဤလိုခေါင်းဆောင်မျိုးကိုသာ လိုလားသည်" ဟူသည့် လူကြီးမင်း၏ သဘောထားကို အားလုံးက သိနားလည်ထားကြသည့်အတိုင်း ကျွန်တော်တို့၏ခေါင်းဆောင်များသည် မြို့နယ်ပါတီယူနစ်ကော်မတီရုံးတွင် သုံးရက်ကြာ အစည်းအဝေးထိုင်ကာ ကိုယ်ပိုင်အမြင်များကို ညှိနှိုင်းဆွေးနွေးကြပါသည်။ ထို့နောက် ၎င်းကို ဒေသပါတီကော်မတီရုံးတွင် အတည်ပြုချက် ရယူကြပါသည်။

မွေးမြူရေးကိစ္စကို ဥက္ကဋ္ဌကြီး ကောင်းစွာ နားလည်သည့် အချက်ကိုလည်း အားလုံးသိကြပါသည်၊ ထို့ကြောင့် "နွားမတွင်နို့သီး ဘယ်နှစ်ခုပါသနည်း"ဆိုသနည်း ခေါင်းစဉ်ဖြင့် မွေးမြူရေးဘက်



BURMESE CLASSIC .com

ဆိုင်ရာပညာရှင်တို့၏ နှီးနှော ဖလှယ်ပွဲကို ကျင်းပခဲ့ပါသည်။ ထိုအခါမှ စုပေါင်းလယ်ယာစိမံကိန်း အကောင်အထည် ဖော်ရေးအတွက် ပစ္စည်းမဲ့လူတန်းစားကို ကျေးလက်ဒေသသို့ စေလွှတ်ခဲ့စဉ် ကစ၍ နို့သီးငါးခု ရှိသည့် အချက်အပေါ် အခြေခံကာ



တစ်ချိန်လုံး စီမံကိန်း ရေးဆွဲခဲ့သည့်အတိုင်းမဟုတ်ဘဲ နွားမတွင် နို့သီးလေးခုသာ ပါရှိကြောင်း ပေါ်ထွက်လာပါသည်။

အစွန်းရောက် ကုန်သည်များလည်း ရှိခဲ့ပါသည်။ ဥပမာအားဖြင့် လူကြီးမင်း မရောက်လာမီ တစ်ညအလိုတွင် ဘာကြောင့်မှန်းမသိ၊ လူထုကာကွယ်ရေး လေ့ကျင့်မှုကို ပြုလုပ်ပါသည်။ သို့သော်လည်း အရေးပေါ်အချက်ပေးစနစ် ပျက်သွားပါသည်။ ဤအထဲ ဓာတ်ငွေ့မသင့်အောင် ကာကွယ်သည့်ကိရိယာများပါ ချွတ်ယွင်းနေပါသည်။ (အသက်ရှူထုတ်လို့သာရပြီး အသက်ရှူသွင်းချင်သည့်အခါတိုင်း ကိရိယာကို မျက်နှာမှချွတ်ပြီး ရှူကြရသည်။) ထို့ကြောင့် နံနက်သုံးနာရီရောက်မှ အဖွဲ့ခေါင်းဆောင်သည် "သတိ၊ ညှုကလီးယား ပေါက်ကွဲပြီ၊ အားလုံး ဝပ်ကြ"ဟု အသံကုန်ဟစ်၍ အော်ရသည်။ ထိုအခါ မြို့သူမြို့သားအားလုံး အိမ်မှထွက်ကာ မြေမှာဝပ်



www.burmeseclassic.com

www.burmeseclassic.com

ကြပါသည်၊ ဤသို့ ဝပ်ရာတွင် ဓာတ်ရောင်ခြည် မသင့်အောင် မျက်နှာကို လက်ဝါးဖြင့် စနစ်တကျ ဖုံးကွယ်ကြပါသည်။ အင်္ကျီ ကြယ်သီးများကိုလည်း အစုံအစေ့ တပ်ကြပါသည်။ ခန့်မှန်းသည်ထက် အချိန်အတော်နောက်ကျမှ လေ့ကျင့်ခန်းလုပ်ကြရသဖြင့် မြို့သူမြို့သား ထက်ဝက်ခန့်မှာ တန်းဖြုတ်သည်ကို စောင့်ရင်း နောက်တစ်နေ့ ရုံးတက် နောက်ကျကုန်ကြပါသည်။

ထို့ပြင် ကျွန်တော်တို့ မြို့ရှိ အဆောက်အဦသစ်များ၏ ပုံ လေးပုံပါရှိသော အမှတ်တရလက်ဆောင်စာအုပ်ငယ်ကို ထုတ်ဝေပါ သည်။ ပုံလေးပုံကို ဖော်ပြထားသော်လည်း တစ်ခုတည်းသော အဆောက်အဦသစ်ကို လေးဘက်လေးတန်မှ ရိုက်ကူးထားခြင်း ဖြစ်ပါသည်။ တစ်ခုတည်းသော ဟင်းသီးဟင်းရွက်ဆိုင်ကိုလည်း ဥက္ကဋ္ဌကြီး၏ မော်တော်ယာဉ် ဖြတ်သွားမည့် လမ်းတစ်လျှောက် မြင်သာ အောင် ခပ်လှမ်းလှမ်းမှနေ၍ ကားဖြင့် တင်ဆောင်မောင်းနှင်ခဲ့ပါသည်။

နောက်ဆုံးအချက်အားဖြင့် လူကြီးမင်းသည် "ပြတိုက်များ ဆီသို့ သွားတတ်သည်၊ ပြတိုက်အထားအသို အခြေအနေ မည်သို့ရှိ သည်ကို စူးစမ်းလေ့လာတတ်သည်" ဟူသည့်သတင်းစကားပေါ်ထွက် လာပါသည်။ ထိုသို့သတင်းစကား ပေါ်ထွက်လာသည်နှင့် မဆိုင်း မတွမှာပင် အုတ်ဖုတ်အတတ်ပညာဆိုင်ရာ စက်မှုသင်တန်းကျောင်း မှ ဆင်းပြီး၊ မြို့နယ်ယဉ်ကျေးမှု ဌာနမှူးရာထူး ရထားသူ၏ အမိန့် ဖြင့် "အန်တွန်ပါးဗလိုဗစ်ချ်ချက်ကော့ဖ်*" နေထိုင်ခဲ့သည့် အိမ်ဟောင်း

* Chekov, Anton Pavlovich(1860-1904)- ရုရှားစာရေးဆရာကြီး







ကို ကရိန်းစက်ဖြင့် ဖျက်ကာ ၎င်းနေရာတွင် ချက်ကော့ဖ် နေထိုင်ခဲ့သည့် အိမ်သစ်ကို ဆောက် လုပ် ခဲ့ ပါ သည်။ ပြတိုက်ရှေ့ မျက်နှာစာတွင် ချက်ကော့ဖ်၏ ရုပ်တုကို စိုက် ထူလိုက်ပါသည်၊ ရုပ်တုမှာ ခုံပေါ်ထိုင်ရင်း မကြာမီက ကျင်းပခဲ့သည့် ပါတီဗဟို ကော်မတီ စုံညီအစည်းအဝေးသို့ တင်သွင်းခဲ့သည့် ဥက္ကဋ္ဌကြီး၏ အစီရင်ခံစာကို ထောက်ခံသည့် မျက်လုံးများဖြင့် ဖတ်ရှုနေသည့်ပုံ ဖြစ်ပါသည်။

သို့သော် ဤသို့ဖြစ်ရသည်များအတွက် ခေါင်းဆောင်များကို ကျွန်တော်တို့ စိတ်မဆိုးကြပါ။ ယနေ့အခြေအနေတွင် ၎င်းတို့မည်မျှ အခက်ကြုံနေကြရသည် ဆိုသည်ကို ကျွန်တော်တို့ ကိုယ်ချင်းစာကြ၍ ဖြစ်ပါသည်။ စံပြခေါင်းဆောင်များ ဖြစ်ကြရမည်ဟု ၎င်းတို့ကို ဥက္ကဋ္ဌကြီးမှ ပြောသော်လည်း ဤသို့ဖြစ်အောင် မည်သို့လုပ်ရမည်ကို ညွှန်ကြားချက် မပေးခဲ့ပါ။ လုပ်နည်းလုပ်ဟန်အဟောင်း၊ ခံယူချက်အဟောင်းတို့ကို ပြောင်းပစ်ရမည်ဟု ဆိုသော်လည်း အချိန်ကန့်သတ်ချက် မပေးခဲ့ပါ။ ထို့ကြောင့် အစောကတည်းက မိမိတို့ ပြောင်းပြီးဖြစ်ပါသည်ဆိုသည်ကို ဥက္ကဋ္ဌကြီးအား မည်သည့်အချိန်

www.burmeseclassic.com

www.burmeseclassic.com



တွင် အစိရင်ခံရမည်နည်း ဆိုသည်ကို ၎င်းတို့ မခန့်မှန်းတတ်အောင် ဖြစ်နေကြပါသည်။ ဤမျှသာမကပါ။ ရှေ့သို့သာ ချီတက်ပါဟု အခွင့်ကြုံတိုင်း လူကြီးမင်းက ပြောသော်လည်း ရှေ့ဘယ်မှာရှိသည်ကို ၎င်းတို့အား မရှင်းပြပါ။ ဤသို့ မရှင်းပြဘဲနှင့် သူတို့ ဘယ်လိုမှ သိနိုင်ရှာကြမည် မဟုတ်ပါ။ ဤအချက်ကို ဥက္ကဋ္ဌကြီး သဘောပေါက်စေချင်ပါသည်။ ကျွန်တော်တို့မြို့၏ အစဉ်အလာကို တင်ပြလိုပါသည်။ အနုပညာပါရမီရှိသူသည် အနုပညာနယ်ပယ်သို့ ဝင်ရောက်လုပ်ကိုင်ကြပါသည်။ စာတော်သူသည် သိပ္ပံပညာဖက် ရောက်ကြပါသည်။ ထုတ်လုပ်ရေးဖက် အားသန်သူဆိုပါက ထုတ်လုပ်ရေးကဏ္ဍသို့ ဝင်ရောက်ကြပါသည်။ ငယ်ငယ်တုန်းက အပျင်းထူပြီး ဘာအစွမ်းအစမှ မပြနိုင်ခဲ့သူသည် ကွန်ဆိုမိုအဖွဲ့၊ အလုပ်သမားသမဂ္ဂအဖွဲ့များထဲသို့ ဝင်ရောက်ပြီး အထက်ပါ အစွမ်းအစရှိသူများအား ခေါင်းဆောင်မှု ပေးကြပါသည်။ ဤကဲ့သို့ ခေါင်းဆောင်မှုပေးသောကြောင့် ထင်ပါသည်။ လောလောဆယ်အထိ ထိုပုဂ္ဂိုလ်တို့၏ အစွမ်းအစများမှာ ပျောက်ကွယ်သွားခြင်း မရှိသေးပါ။

ခြုံ၍ဆိုရလျှင် ကျွန်တော်တို့မြို့သို့ လာရောက် လည်ပတ်ခဲ့သည့်အတွက် ဥက္ကဋ္ဌကြီးအား အထူး ကျေးဇူးတင်ပါသည်။ ကျွန်တော်တို့၏ မြို့သည် လှပလာပါသည်။ စိမ်းလန်းစိုပြည် နေချင့်စဖွယ် ဖြစ်လာပါသည်။ အနီးအနား စုပေါင်းလယ်ယာများသို့ လေယာဉ်များ စတင်ပျံသန်းလာပါသည်။ ဂျာမန်များ ဆုတ်ခွာစဉ်က ဖြုတ်တောက် ဖျက်ဆီးခဲ့သော ကျွန်တော်တို့မြို့နှင့် အခြားမြို့များအကြား တယ်လီဖုန်းလိုင်းကိုလည်း ပြန်လည် သွယ်တန်းနိုင်ခဲ့ပါသည်။





မှန်ပါသည်။ ဥက္ကဋ္ဌကြီး ပြန်သွားပြီးသည့်နောက် ဆိုင်များတွင် ကုန်ပစ္စည်းများ ကြက်ပျောက်ငှက်ပျောက် ဖြစ်ကုန်ပြန်ပါသည်။ သို့သော် ကိစ္စမရှိပါ။ ဥက္ကဋ္ဌကြီး ရောက်ရှိနေသည့် အချိန်အတွင်းတွင် မြို့သူမြို့သားအားလုံး သုံးနှစ်စာ ကြိုတင်ဝယ်ယူထားပြီးဖြစ်၍ ဖြစ်ပါသည်။ ဥက္ကဋ္ဌကြီးအား ကြိုတင်၍ အနူးအညွတ် မေတ္တာရပ်ခံချင်ပါသည်။ နောက်သုံးနှစ်ကြာလျှင် ကျွန်တော်တို့မြို့သို့ နောက်တစ်ကြိမ် အလည်လာစေလိုခြင်း ဖြစ်ပါသည်။ ထိုအချိန်ရောက်လျှင် ဆေးပြယ်၍ အိမ်များလည်း အကျည်းတန် အရုပ်ဆိုး ဖြစ်လောက်ပါပြီ။ အထိမ်းအမှတ်ရုပ်တုများလည်း ဖုံလူးညစ်တူးနေလောက်ပါပြီ။ တံတားလည်း ကမ်းမှလွတ်ကာ ရေထဲမျောပါမည့် အခြေအနေမျိုး ပြန်ဖြစ်လောက်ပါပြီ။ အသစ်မွေးလာသည့် ကလေးများအတွက် မူကြိုကျောင်းနှင့် ကလေးထိန်းဌာနအသစ်များလည်း လိုအပ်ချိန် တန်လောက်ပါပြီ။ ဥက္ကဋ္ဌကြီးသည် ကြီးလေးသော တာဝန်ကို ထမ်းဆောင်နေသူဖြစ်၍ မအားလပ်ကြောင်း ကျွန်တော်တို့ နားလည်ပါသည်။ ကျွန်တော်တို့ကဲ့သို့ပင် ဥက္ကဋ္ဌကြီး အလည်လာမည့်ရက်ကို တန်းစီစောင့်နေသော အခြားမြို့များလည်း



www.burmeseclassic.com

www.burmeseclassic.com

ရှိနေသေးသည် ဆိုသည်ကို သိပါသည်။ ထို့ကြောင့် ဥက္ကဋ္ဌကြီး မလာနိုင်သည်ဘာထားဦး၊ လာမည်ဟုသာ ကျွန်တော်တို့မြို့ အာဏာပိုင်များအား အကြောင်းကြားစေလိုပါသည်။ ထိုအခါ ၎င်းတို့သည် လုပ်သားပြည်သူ တို့အတွက် တစ်ခုခုတော့ မလွဲမရှောင်သာ လုပ်ပေးကြရမည် ဖြစ်ပါသည်။

P.S လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား၊ အကယ်၍ အပန်းမကြီးဟုဆိုပါက ဥက္ကဋ္ဌကြီး၏လက်ထောက် တစ်စုံတစ်ယောက်မှတစ်ဆင့် ဥက္ကဋ္ဌကြီးသည် လုပ်သားပြည်သူတို့၏ အိမ်ခန်းထဲသို့လည်း ဝင်ကြည့်တတ်သည်၊ အိမ်မှာ ရေနွေးလာ, မလာကို စစ်ဆေးတတ်သည်ဟု အသံလွှင့်စေလိုပါသည်။ ကျွန်တော်တို့အားလုံး ရေနွေးစပ်၍ အားရပါးရ ရေချိုးချင်ကြလှပါသည် ခင်ဗျား။

* ၁၉၈၈ – ခုနှစ်၊ မတ်လထုတ် THEATRE မဂ္ဂဇင်းမှ Mikhail Zardoronov ၏ Blagadarnost (Gratitude) ကို ရုရှားဘာသာမှ ပြန်ဆိုပါသည်။

## ၂။ မတူကြဘူး

"ခင်ဗျားခွက်ထဲ ဝီစကီ ထပ်ထည့်ပေးရမလား"

"ဟင့်အင်း၊ မထည့်နဲ့၊ ကျွန်တော် ဝီစကီသောက်ပြီးရင် ညအိပ်လို့ မရဘူး"

"ကျွန်တော်ကတော့ ခင်ဗျားနဲ့ ဆန့်ကျင်ဘက်ပဲ၊ အိပ်နေတုန်း ကျွန်တော် ဝီစကီသောက်လို့ မရဘူး"





## ၃။ ဘွဲ့တံဆိပ်များပိုင်ရှင်



"ဦးရဲ့ ရင်ဘတ်မှာ ဘွဲ့တံဆိပ် သုံးခု တပ်ထားတာကို မြင်ပါတယ်။ ဘာအတွက် ဘွဲ့တံဆိပ်တွေ ချီးမြှင့်ခြင်း ခံရတာလဲဟင်"

"တတိယ တံဆိပ်ကတော့ အရင်က တံဆိပ်နှစ်ခု ရထားပြီးသူဖြစ်လို့ ထပ်ပေးတာပဲ။ ဒုတိယတံဆိပ်ကတော့ ပထမတံဆိပ် ရှိပြီးဖြစ်လို့ပဲ၊ အဲ ပထမတံဆိပ်ကတော့ ဘာမှမရသေးလို့ ပေးတာပဲကွယ်"

## ၄။ အသက်တိုင်းရချင်တယ်

ဧည့်သည်၏မျက်နှာ မသာမယာပုံသဏ္ဌာန် ပေါက်နေသဖြင့် အိမ်ရှင်က မေးသည်။

"ခင်ဗျား မျက်နှာမကောင်းပါလား။ ဘာဖြစ်လို့လဲ"

"ခင်ဗျားပဲ စဉ်းစားကြည့်၊ လွန်ခဲ့တဲ့ သုံးပတ်က ကျွန်တော့်အဖိုး ဆုံးသွားတယ်။ ကျွန်တော့်အတွက် အမွေဆိုပြီး ဒေါ်လာသုံးသောင်း ထားခဲ့တယ်"

"ဒီလောက်ငွေဟာ ဘယ်နည်းမလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com

"လွန်ခဲ့တဲ့နှစ်ပတ်က အဒေါ် သေတယ်။ ကျွန်တော့် အတွက် ဒေါ်လာတစ်သောင်း ထားခဲ့တယ်"

"ဟန်ကျတာပေါ့၊ ဒါနဲ့များ ဘာဖြစ်လို့ မျက်နှာ မကောင်းဖြစ်ရတာလဲ"

"လွန်ခဲ့တဲ့ အပတ်က ကျွန်တော် တစ်ပြားမှ မရ ဘူးလေ"

## ၅။ ကိုယ်ချင်းစာမှပေါ့

လူခေါ်ခေါင်းလောင်းသံ မြည်လာသည်။ အိမ်ရှင်က တံခါး ဖွင့်ပေးသည်။ တံခါးဝတွင် အောက်ထပ်မှ ကိုမြ ရပ်နေသည်။ ပခုံး ပေါ်မှ ဂုံနီအိတ်ကြီးကို ၎င်းချလိုက်ပြီး ပြောသည်။

"ခင်ဗျားတို့အတွက် ကျွန်တော် မြက်တွေ ယူလာ တယ်"

"မြက်ဟုတ်လား၊ ဘာအတွက်လဲ"

"ညတိုင်းခုန့်ပေါက်နေတဲ့ ခင်ဗျားအိမ်က မြင်းတွေ အတွက်လေ"

## ၆။ ဘွဲ့ရမှဖြစ်မယ်

(ရုရှားပညာတတ် လူငယ်တို့၏ အခြေအနေနှင့် ပတ်သက်၍ သရော်ထားသော ဟာသ)







စု ပေါင်း လယ် ယာ လုပ်သားဟောင်း ပိတာရော့သည် မိမိ၏ မိတ်ဆွေဟောင်း ဖြစ်သူ ခေတ်ပေါ် သူဌေး အီဗန်နော့ထံ အကူအညီ လာတောင်းသည်။

"သူငယ်ချင်း၊ ငါ့သားကို အလုပ် ကလေး ဘာလေး မပေးနိုင်ဘူးလားကွာ"

"သူငယ်ချင်းအချင်းချင်းပဲကွာ၊ ကူညီရမှာပေါ့၊ တစ်လ ကို ရူဘယ်တစ်သန်းခွဲဆိုရင် ကျေနပ်မလား"

"များလွန်းတယ်ကွာ၊ ဒီကောင် အရက်တွေဘာတွေ သောက်ပြီး ပျက်စီးသွားပါဦးမယ်"

"ဒီလိုဆိုရင် သူ့လစာကို ငါ တစ်သန်းအထိ လျှော့ လိုက်မယ်၊ ဘယ့်နှယ်လဲ"

"တစ်သန်းလဲ သူ့အတွက် များနေသေးတယ်။ တစ်လ ကို ရူဘယ်တစ်သိန်းပေးရင် ကျေနပ်ပါပြီကွာ"

"ဟော့ မင်းရူးနေသလား၊ တစ်လတစ်သိန်း ငါ ပေးခွင့်မရှိဘူးကွ၊ မင်းသားက တက္ကသိုလ်ဘွဲ့ရ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



## ၇။ ဆံပင်သစ်

ဆံပင်အလှပြင်ဆိုင်မှ ပြန်လာသော အမေကို သမီးငယ်က အောက်ပါအတိုင်း ဆီးကြိုသည်။

"ဟေး ဟေး ဟေး၊ တို့အမေ ဆံပင်အသစ် ဝယ်လာတယ်ဟေ့"

## ၈။ လူဆိုတာ မျောက်က ဆင်းသက်တယ်

"လူဟာ မျောက်က ဆင်းသက်တယ်ဆိုတာ အမှန်ပဲလားဟင်"

"အမှန်ပဲ"

"အင်း ဒါကြောင့် ထင်တယ်၊ မျောက်တွေ နည်းသွားလိုက်တာ"

## ၉။ မောလှပြီ

လူနာအမျိုးသမီးငယ်ကို စမ်းသပ်ကြည့်ရှုရန် သမားတော်ကြီး စတင် ပြင်ဆင်သည်။

"အဝတ်အစားတွေကို ချွတ်လိုက်ပါ"

ဤအချိန်တွင် တစ်ဘက်ခန်းမှာ တယ်လီဖုန်းလာသည် ဆိုသဖြင့် သမားတော်ကြီး ကမန်းကတန်း ထွက်သွားသည်၊ နှစ်နာရီတိတိကြာမှ ၎င်း ပြန်ရောက်လာသည်၊ ၎င်း၏ အခန်းထဲတွင်







အမျိုးသမီးငယ်ကို အဝတ်အစား မပါဘဲ တွေ့ရသည်၊ အမျိုးသမီးက ပြောသည်။

"ဆရာဝန်ကြီးရှင့်၊ ကျွန်မကို မြန်မြန်ကြည့်ပေးပါ၊ ၂-နာရီတိတိ ကုလားထိုင်မှာထိုင်ပြီး ကျွန်မဟာ ဆရာဝန်ကြီးရဲ့ အတွင်းရေးမှူးမ မဟုတ်ဘူးဆိုတာ ပြောရတာ မောလှပြီရှင့်။"

## ၁၀။ မဝယ်ပါဘူး

ဆိုင်ထဲတွင် ဖြစ်သည်။

"ဒီငွေစက္ကူနဲ့ ဘာမှ ဝယ်လို့မရပါဘူး၊ ငွေစက္ကူက အတုကြီးခင်ဗျ"

"ကျွန်မကလဲ မဝယ်ချင်ပါဘူး၊ သူ့ကို လဲချင်တာပါ"

## ၁၁။ သတ္တမပြောက်နွား

လယ်သမားတစ်ယောက်သည် နွားထီးခြောက်ကောင်ကို တစ်ဘက်ရွာတွင် သွားဝယ်သည်၊ တစ်ကောင်ပေါ် တက်ထိုင်လျက်



www.burmeseclassic.com

www.burmeseclassic.com



ကျန်နွားများကို ◌ောင်းကာ ရွာသို့ ပြန်လာသည်၊ လမ်းတွင် နွားများကို ရေတွက်ကြည့်သည်။

တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး ...

ပြန်ရေသည်။

တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး ...

ဘယ်လိုပဲရေရေ ငါးကောင်ထက် မပိုချေ။

ဝယ်တုန်းက ခြောက်ကောင်ပဲ၊ အခုမှ ဘယ်လိုဖြစ်တာတုံး၊

လယ်သမားကြီးသည် အာခေါင်ခြောက်လာသည်၊ ရင်ခုန်သံမြန်လာသည်။

အိမ်ရှေ့ရောက်သောအခါ မိန်းမက ၎င်းကို ဆီးကြိုသည်၊ "ဝယ်တုန်းက ခြောက်ကောင်၊ အခုမှ ငါးကောင်ထဲ ဖြစ်နေမှန်း သိရတယ်"ဟု ငိုသံကြီးနှင့် မိန်းမကို ပြောသည်၊ မိန်းမဖြစ်သူက အသံထွက်အောင် ရယ်လျက် ပြန်ပြောသည်။

"အင်မတန်ထုံ၊ အင်မတန်အ,တဲ့ ယောကျ်ားပါလား၊ နွားပေါ်က ဆင်းလိုက်၊ အဲဒီအခါ ပြန်ရေကြည့်၊ ၇-ကောင် စလုံးကို တွေ့ရမယ်"

## ၁၂။ စာရေးတဲ့အချိန်

"လူကြီးမင်းရဲ့ တစ်နေ့တာ အချိန်ဇယား ဘယ်လိုရှိပါသလဲ"ဟု သတင်းထောက်က မေးရာ နာမည်ကြီး စာရေးဆရာက အောက်ပါအတိုင်း ဖြေသည်။







"မနက် ၁၁-နာရီမှာ အိပ်ရာက ထတယ်၊ ၁၂-နာရီ တိတိမှာ နံနက်စာ စားတယ်၊ အဲဒီနောက် လာတဲ့ စာတွေကို ဖတ် ကြည့် တယ်၊ တယ်လီဖုန်းတွေလာတာကို ဖြေတယ်၊ နောက် ပန်းခြံထဲ လမ်းလျှောက်တယ်၊ နေ့လယ်စာ စားတယ်၊ ပြဇာတ်သွားကြည့်တယ်၊ ပြန်လာတာနဲ့ အိပ်ရာထဲ ဝင်တာပဲ"

"အဲဒီလိုဆို ဘယ်အချိန်မှာ စာရေးသလဲခင်ဗျာ"

"ဘယ်အချိန်မှာ ရေးရမလဲ၊ နောက်နေ့မှာပေါ့ဗျ"

## ၁၃။ မဒိုးနိုင်ဘူး

အိမ်ရှင်မက ယောကျ်ားကို ခိုင်းသည်။

"ခြံဝက ရေစည်ပိုင်းကိုယူပြီး နွားရုံထဲ ထည့်ထားလိုက်ပါတော့၊ နို့မဟုတ်ရင် သူခိုး ခိုးသွားလိမ့်မယ်"

"ဒီရေစည်ကို ဘယ်သူမှ မ,မသွားနိုင်ပါဘူးကွ၊ ရေအပြည့်ရှိနေတဲ့ဥစ္စာ"





www.burmeseclassic.com

www.burmeseclassic.com



## ၁၄။ ကျွန်တော့်ကို ကျေးဇူးတင်ပါ

လူနှစ်ယောက် ကဖီးဆိုင်တွင် နွားနို့သောက်နေကြသည်၊ တစ်ယောက်က ပြောသည်။

“ဒီနေ့ နွားနို့သောက်ရတာ အင်မတန်ကောင်းတာပဲ၊ နို့ပျစ်ပြီး အရသာလည်း ရှိတယ်”

“အဲဒါ ကျွန်တော့်ကို ကျေးဇူးတင်ပါ”

“ဘာလဲ၊ မိတ်ဆွေက ဒီဆိုင်ရဲ့ ပိုင်ရှင်လား”

“မဟုတ်ပါဘူး၊ မြို့နယ်ရေသန့်ဌာနကပါ”

“ရေသန့်ဝန်ထမ်းက နွားနို့နဲ့ ဘယ်လို ပတ်သက်နေလို့တုံး”

“တိုက်ရိုက်ပတ်သက်တာပေါ့”

“ဘယ်လို၊ ဘယ်လို၊ ရှင်းစမ်းပါဦး”

“ဒီဆိုင်က လုပ်သားတွေ နွားနို့ကို မကျိုချက်ခင်မှာ ကျွန်တော် ရေဖြတ်ပစ်လိုက်တယ်လေ”

## ၁၅။ ကန်းတော့ပေါ်

အမေရိကန်နိုင်ငံမှ လူထုအမြင်ကောက်ခံရေးတက္ကသိုလ်၏ ပါမောက္ခချုပ်ထံ လူငယ်တစ်ဦး ရောက်လာပြီး မိမိ၏ လေ့လာချက် အကြောင်းကို ပြောပြသည်။

“အမျိုးသမီးပေါင်း နှစ်ထောင်တိတိကို ကျွန်တော် ကိုယ်တိုင် လေ့လာဆန်းစစ်ချက်အရ ခိုင်မာတဲ့ ကောက်ချက်





တစ်ခုကို ကျွန်တော် ရတယ်၊ အဲဒါက ဘာလဲဆိုတော့ အမျိုးသမီးထုရဲ့ ၁၇–ရာခိုင်နှုန်းဟာ အတွင်းခံဘောင်းဘီကို မဝတ်ကြဘူးဆိုတဲ့ အချက်ပဲ”



“ ဘာ လဲ၊ ခင်ဗျားက စာရင်းအင်းဌာနက ဝန်ထမ်းလား”

“မဟုတ်ဘူး၊ အမျိုးသမီး ဖိနပ်ဆိုင်မှာ ဈေးရောင်းတဲ့သူ”

## ၁၆။ ဒီထက်ဈေးပေါတာမရှိလို့

စကော့တလန်သားတစ်ယောက် ရထား တတိယတန်းတွဲမှ လိုက်ပါလာသည်၊ ဂျစ်ပစီ (အိုးအိမ် အတည်တကျမနေဘဲ လျှောက်သွားနေတတ်သည့်လူမျိုး) တစ်ယောက်က မေးသည်။

“လူကြီးမင်းခင်ဗျာ၊ ဘာဖြစ်လို့ တတိယတန်းက စီးလာတာလဲ ခင်ဗျာ”

“ဘယ့်နှယ်လုပ်မလဲ၊ စတုတ္ထတန်းမှ မရှိတဲ့ဥစ္စာ”

www.burmeseclassic.com

www.burmeseclassic.com



## ၁၇။ အမွေရထားတယ်ဆိုရင်ပြီးရော

"ကျွန်မရဲ့အဒေါ်ဆီက တိုက်အိမ်တစ်လုံးကို အမွေရထားတယ်ဆိုတာ သိလို့ ရှင် ကျွန်မကို လက်ထပ်ဖို့ စဉ်းစားတာ မဟုတ်လား"

"အဓိပ္ပာယ်မရှိတာ မပြောစမ်းပါနဲ့၊ မင်း ဘယ်သူ့ဆီကပဲ အမွေရရ ကိုယ်က လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီးသား"

## ၁၈။ ရှာလကာရည်

ဦးကပ်စေးထံ အိမ်နီးချင်း ရောက်လာပြီး မေးသည်။

"ဦးကပ်စေး၊ ခင်ဗျားဆီမှာ နှစ်လေးဆယ်သက်တမ်းရှိတဲ့ ရှာလကာရည် မရှိဘူးလားခင်ဗျာ"

"ရှိသားပဲ၊ ဘာဖြစ်လို့လဲ"

"ကျုပ်ကို နည်းနည်းလေး ငှဲ့မပေးနိုင်ဘူးလားဗျာ"

"မပေးနိုင်ပါဘူး"

ဤသို့ ပြောင်ပြောင်တင်းတင်း ငြင်းလိုက်သော်ကြောင့် အိမ်နီးချင်း အံ့သြသွားသည်။

"ဟော့လူ၊ ကျုပ်က နည်းနည်းပဲ တောင်းတာပါဗျ၊ ဘာဖြစ်လို့ မပေးချင်ရတာလဲ"

"လာတောင်းတိုင်းသာ ကျုပ်ပေးနေရရင် ကျုပ်ရဲ့ ရှာလကာရည်ဟာ အခုလို နှစ်လေးဆယ်အထိ ခံပါ့မလားဗျ"





## ၁၉။ ပွဲစား

"ပွဲစားဆိုတဲ့ စကားလုံးကို အဓိပ္ပာယ်ဖွင့်ပါ"

"ဥပဒေဘောင်ထဲက ခေါင်းပုံဖြတ်သမား"



## ၂၀။ အသက်ပြည့်မှ

"အဖွားရေ၊ အင်မတန်စိတ်ဝင်စားစရာကောင်းတဲ့ ရုပ်ရှင်ကားတစ်ကားကို သမီး ဒီနေ့ကြည့်ခဲ့ရတယ်"

"ဇာတ်လမ်းကို ပြန်ပြောပြစမ်း"

"မပြောနိုင်ဘူး၊ သမီးမှ ၁၆ – နှစ် မပြည့်သေးပဲဥစ္စာ"

(နိုင်ငံခြားတွင် အချို့ရုပ်ရှင်ကားများကို ၁၆ – နှစ်အောက် မကြည့်ရဟု သတ်မှတ်လေ့ရှိသည်)

## ၂၁။ မရှိလေ ကြောက်လေ

"ရှိသမျှ လက်နက်အားလုံးနီးပါးကို ကျွန်တော်တို့ ဖျက်သိမ်းလိုက်ပြီ၊ ဒါပေမယ့် အနောက်အုပ်စုက ကျုပ်တို့ကို ကြောက်တုန်းပဲ"



www.burmeseclassic.com

www.burmeseclassic.com

"မထူးဆန်းပါဘူး၊ ဗိုက်ဟောင်းလောင်းဖြစ်နေတဲ့လူဟာ ကြောက်စရာ အကောင်းဆုံး မဟုတ်လား"

## ၂၂။ ပြုပြင်ပြောင်းလဲရေး

"ပြုပြင်ပြောင်းလဲရေးလမ်းစဉ်ကို ခင်ဗျား ဘယ်လိုသဘောထားသလဲ"

"ထောက်ခံပါတယ်၊ ဒါပေမယ့် စည်းကမ်းချက်နဲ့ပဲ ထောက်ခံချင်တယ်"

"ဘာစည်းကမ်းချက်ပါလိမ့်"

"ကျွန်တော်တို့ဆီမှာ အဲဒီလမ်းစဉ်ကို အကောင်အထည် မဖော်စေချင်ဘူး"

(ပီရီစထရွိုင်ကာခေတ်က ပေါ်ခဲ့သောဟာသ)

## ၂၃။ တိုက်ဆိုင်မှု

လူငယ်တစ်ယောက် မော်စကိုမြို့သို့ ရောက်လာပြီး အမှုမဲ့အမှတ်မဲ့လိုလိုဖြင့် အော်ဒါလိုက်သော အမျိုးသမီးများကို ဘယ်နေရာတွင် တွေ့နိုင်သနည်းဟု တုတ်ခိုင်ထွားကျိုင်းသော တက္ကစီသမားကို မေးသည်။

"မက်ထရို (မြေအောက်ရထား)နဲ့ 'တော်လှန်ရေးလွှင်ပြင်'ဘူတာအထိစီးသွား၊ အပေါ်တက်ပြီး ဂေါ်ကီလမ်း





အတိုင်း လျှောက်၊ တစ်ယောက်မဟုတ် တစ် ယောက် ကို မောင်ရင် တွေ့ပါလိမ့်မယ်"



ကားသမား ပြောသည့်အတိုင်း လူငယ် ရထားစီးသည်၊ သို့သော် မော်စကိုမြို့တွင် လူစိမ်းဖြစ်သဖြင့် သွားရမည့်ဘူတာ မရောက်ဘဲ 'ကီးယက်စကားယား'ဘူတာသို့ ရောက်သွားသည်၊ မြေပေါ်တက်ပြီး လမ်းလျှောက်သည်၊ ခဏအကြာတွင် အမျိုးသမီးတစ်ယောက်နှင့် အပေးအယူဖြစ်ပြီး အမျိုးသမီးက သူမ၏ အိမ်သို့ ခေါ်သွားသည်၊ လူငယ်က ကုတ်အင်္ကျီနှင့် လည်စီးတို့ကို ချွတ်ရုံသာ ရှိသေးသည်၊ အခန်းအပြင်မှ တံခါးကို သော့ဖြင့် ဖွင့်သံ ကြားရသည်၊ အမျိုးသမီးက စိုးရိမ်တကြီးပြောသည်။

"ကျွန်မယောကျ်ား ပြန်လာတာရှင့်၊ မီးဖိုချောင်ဘက် မြန်မြန်သွားပါ၊ ရေပိုက်ပြင်နေတဲ့ပုံ ဟန်ဆောင်ပါ၊ ကျွန်မက ခေါ်လိုက်လို့ ရေပိုက်သမားရောက်နေတယ်လို့ ယောကျ်ားကို ကျွန်မ ပြောမယ်"

မီးဖိုချောင်ဘက် လူငယ်ပြေးသည်၊ တံခါးပွင့်လာပြီး ယောကျ်ားဝင်လာသည်၊ မိနစ် အနည်းငယ်ကြာသော် ၎င်းမီးဖိုချောင်ဘက် ဝင်လာပြီး လူငယ်ကို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော မင်းပါလားကွ၊ 'တော်လှန်ရေးလွင်ပြင်'ဘက်ကို သွားလို့ မင်းကို ငါပြောမိတယ်ထင်ပါ့"

## ၂၄။ ဘယ်သူမှန်သလဲ

ချူချာက ရုရှားကို မေးသည်။

"ခင်ဗျားဆီမှာ ညီအစ်ကို ဘယ်နှစ်ယောက်ရှိသလဲ"

"အစ်ကိုတစ်ယောက်ပဲ ရှိတယ်"

"ထူးဆန်းလှချည်လား၊ ခင်ဗျားညီမပြောတော့ သူ့ဆီမှာ အစ်ကိုနှစ်ယောက်ရှိတယ် ဆိုပါလား"

## ၂၅။ အခုမှသိတယ်

ကိုချူချာ၏ ဇနီးသည် ၁၂-ယောက်မြောက်ကလေးကို မွေးဖွားပြီးနောက် ဆေးရုံမှဆင်းရန် ပြင်သည်၊ သူနာပြုဆရာမက မချူချာကို လိုက်ပို့ရင်း ပြောသည်။

"ကိုင်း မချူချာ၊ နောင်နှစ် ဒီအချိန်လောက်မှာပဲ ကျွန်မတို့ တွေ့ကြဦးမယ်နော်"

"ဟင့်အင်း၊ ကျွန်မတို့ တွေ့ကြမှာ မဟုတ်တော့ဘူး"

"ဘာဖြစ်လို့ မတွေ့တော့ဘူးလို့ ရဲရဲကြီး ပြောနိုင်တာလဲ"





"ကလေး ဘာကြောင့် မွေးတယ်ဆိုတာ ကျွန်မနဲ့ ကျွန်မယောကျ်ားတို့ အခု သဘောပေါက်သွားပြီရှင့်"



## ၂၆။ မီးသတ်သမားဘယ်မှာလဲ

ညတာဝန်ကို ထမ်းဆောင်ပြီးနောက် ရဲသားသည် မနက် သုံးနာရီတွင် အိမ်သို့ ပြန်ရောက်လာသည်၊ ဇနီးသည်ကို မနှိုးချင်သည်နှင့် အဝတ်အစားကို ချွတ်ပြီး ခြေသံမကြားရအောင် သာသာလေး လျှောက်သည်၊ အိပ်ခန်းထဲ ဝင်ပြီး ဇနီးသည်၏ဘေးတွင် လှဲချလိုက်သည်၊ ချက်ချင်းဆိုသလို ဇနီးသည်၏ ပြောသံကို ကြားရသည်။

"မောင်၊ ကျွန်မ အင်မတန် ခေါင်းကိုက်နေတယ်၊ အခုထိ အိပ်လို့မရဘူး၊ အဲဒါ ဟိုဘက်လမ်းက ညလုံးပေါက်ဖွင့်တဲ့ ဆေးဆိုင်မှာ ခေါင်းကိုက်ပျောက်ဆေး သွားဝယ်ပေးပါလားကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ရဲသား ကုတင်ပေါ်မှ ဆင်းသည်၊ အိမ်ရှေ့ရှိ အဝတ်အစားများ ချိတ်ထားသော နေရာမှ အဝတ်အစားကို ကောက်ဝတ်ပြီး ဆေးဆိုင်သို့ သွားသည်။ ဆေးဆိုင်မှ ဈေးရောင်းသူ လူကြီးက အက်စ်ပရင်ဆေးပြားကို ကမ်းပေးရင်း ရဲသားကို မေးသည်။

"မောင်ရင်ဟာ မြို့နယ်ရဲစခန်းက ရဲသား မောင်မြ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့်ရင် ဘာကိစ္စနဲ့ မီးသတ်သမားဝတ်စုံကို ဝတ်ထားရတာလဲကွ"

## ၂၇။ မြစ်နဲ့ပင်လယ်

ကမ်းတစ်ဖက်ပဲရှိရင် ပင်လယ်၊ ကမ်းနှစ်ဖက်ရှိရင် မြစ်။

## ၂၈။ ပိန်စာ

"ပိန်လိုသူတို့အတွက် အထူး ထုတ်လုပ်လိုက်တဲ့ စည်သွတ်ဘူး အသစ်အကြောင်း ကြားပြီးပလား၊ မကြားရသေးရင် ပြောပြမယ်၊ စည်သွတ်ဘူးကို ဖွင့်လိုက်တယ်၊ အထဲမှာ ဘာမှမပါဘူး"



## ၂၉။ စဉ်းစားစိသည်မှာ



အလုပ်ကြောင့် မျောက်ဟာ လူအဖြစ်ကို ပြောင်းလာတယ်လို့ ပညာရှင်တွေက ဆိုတယ်၊ အလုပ်မရှိတဲ့လူတွေ ဘာဖြစ်သွားမယ် မသိဘူးနော်။

## ၃၀။ တွေ့ခဲ့ရသော ကြော်ငြာများ

**တိရစ္ဆာန်ရုံရှေ့** – ဝက်ဝံကို မထိပါနှင့်၊ ၎င်းသည် ကုတင်ဘေးက ကော်ဇော မဖြစ်သေးပါ။

**လေဆိပ်အတွင်း** – အချိန်မီဖက်ယမ်း နှုတ်ဆက်ကြပါ၊ လေယာဉ်များ သတ်မှတ်ချိန်တွင် အတိအကျ ထွက်လိမ့်မည်။

**ပန်းဆိုင်တံခါးရှေ့** – အိမ်ထောင်ရှင်ယောကျ်ားများပင် ဝယ်ချင်စိတ် ပေါ်လောက်အောင် ကျွန်ုပ်တို့ဆိုင်က ပန်းများ ဈေးနှုန်း ချိုသာပါသည်။

**တယ်လီဖုန်းရုံးရှေ့** – သတ်ပုံအမှားကို ရှောင်ရှားလိုလျှင် စာမရေးပါနှင့်၊ တယ်လီဖုန်းပဲဆက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၃၁။ လျှောက်လွှာ

ကျွန်တော့်အား ဇနီးဖြစ်သူ မေရီနှင့် ကွာရှင်းခွင့် မပြုပါရန် လျှောက်ထားအပ်ပါသည်၊ အကြောင်းမှု ကျွန်တော်တို့ အတူတူ နေကြသော သက်တမ်းတစ်လျှောက်လုံးတွင် ဤနေ့ရက်ကို သူမ အမြဲတမ်း မျှော်လင့် စောင့်စားခဲ့သောကြောင့် ဖြစ်ပါသည်။

## ၃၂။ ရေမင်းသား

"ကိုဒယ်လ်ဖင်ဟာ တလောက ရေနစ်တဲ့ အမျိုးသမီး တစ်ယောက်ကို ကယ်လိုက်တယ်၊ မကြာဘူး၊ အဲဒီ အမျိုးသမီးနဲ့ လက်ထပ်လိုက်တယ်"

"သူ အင်မတန် စိတ်ချမ်းသာနေမှာပေါ့"

"မသိဘူး၊ အခု ရေအနားကို သူ မသွားတော့ဘူး"

## ၃၃။ ခက်အောင်မလုပ်ပါနဲ့

စိတ်ရောဂါအထူးကုဆရာဝန်၏ ဆေးခန်းရှေ့တွင် ချိတ်ထားသော စာတမ်း။

"ဆရာဝန်နှင့်တွေ့ရန် စောင့်နေကြသော လူနာများခင်ဗျား၊ မိမိတို့ ခံစားနေရသော ရောဂါလက္ခဏာများကို အချင်းချင်း မဖလှယ်ကြပါနှင့်၊ ရောဂါဇာစ်မြစ်ကို ဖော်ထုတ်ရာတွင် အခက်အခဲ ဖြစ်စေနိုင်ပါသည်"

## ၃၄။ လက်ဆောင်ပေးရင် သုံးရတယ်



အဘိုးကြီးနှင့် အဘွားကြီး လင်မယားနှစ်ယောက် စကားပြောနေကြသည်။

"မစိန်၊ မနက်ဖြန်မင်း မွေးနေ့မှာ ငါ ဘာလက်ဆောင် ပေးရမလဲ ပြော"

"သင်္ချိုင်းမှာ ကျွန်မအတွက် မြေတစ်နေရာ ဝယ်ထားပေးပါတော်"

နောက် တစ်နှစ်ကြာသော် အဘွားကြီးက အဘိုးကြီးကို ပြောသည်။

"ကိုမြ၊ မနက်ဖြန် ကျွန်မမွေးနေ့၊ အဲဒါ ဘာလက်ဆောင် ပေးမလဲပြော"

"ဘာမှ မပေးဘူး၊ မနှစ်က ငါပေးတဲ့ လက်ဆောင်ကို တောင် မင်း အခုထိ အသုံးမပြုရသေးဘူး"

## ၃၅။ နှုတ်ပိုလီယံ

ကျောင်းသားလေးတစ်ယောက်၏ စာစီစာကုံးမှ ကောက်နုတ်ချက်။





www.burmeseclassic.com

www.burmeseclassic.com

"နပိုလီယံသည် ဧကရာဇ်မင်းနှင့် စစ်ဗိုလ်ချုပ်ကြီး ဖြစ်သည်၊ ၎င်းပြင် အရူးအတော်များများ၏ ဆင့်ပွားနာမည်လည်း ဖြစ်သည်"

## ၃၆။ ကျောင်းသား

(ရှုရှားတက္ကသိုလ်ကျောင်းသားများ စပယ်ပင် အရနည်း၍ ဆင်းဆင်းရဲရဲ နေကြရပုံကိုဖော်သောဟာသ)

ပိန်းပိတ်အောင်မှောင်သော တစ်ညနေတွင် လူငယ်တစ်ယောက်ကို လူဆိုးနှစ်ယောက်က လမ်းထောင့်တစ်နေရာတွင် ညှပ်ပိတ်လိုက်ပြီး အမိန့်ပေးသည်။

"ဟေ့ကောင်၊ ဂျာကင်ကို ချွတ်လိုက်စမ်း"

"ကျွန်တော့်ဂျာကင်က ပလတ်စတစ်ဂျာကင်"

"ကိုလျာ၊ စစ်ကြည့်စမ်း"

"ဟုတ်တယ်၊ ပလပ်စတစ်ဂျာကင်ကြီး"

"အဲဒါဆို ဘောင်းဘီချွတ်"

"ဘောင်းဘီကလည်း စက္ကူဘောင်းဘီပါဗျာ"

"ကိုလျာ၊ စစ်ကြည့်စမ်း"

"ဟုတ်တယ်၊ စက္ကူဘောင်းဘီကြီး"

"မင်းစီးထားတဲ့ဖိနပ်ကကော"

"အောက်ခွာမပါဘူး"

"ဟေ့ကောင်၊ မင်း တက္ကသိုလ်ကျောင်းသားလား"

"ဟုတ်တယ်"





"ကိုလျာ၊ ဒီကောင့်ကို ရှူဘယ်နှစ်သောင်းပေးလိုက်"



## ၃၇။ ကြက်တူရွေး အာခေါင်နီ

ရဲသား တစ်ယောက် အိမ်တစ်အိမ်ကို ဖြတ်လျှောက်လာသည်။ အိမ်ရှေ့ ဝရန်တာတွင် လှောင်အိမ်ထဲမှ ကြက်တူရွေးကို မြင်ရသည်၊ ကြက်တူရွေးက အော်သည်။

"ဂျက်ဖရီ သောက်ရူး၊ ဂျက်ဖရီ သောက်ရူး"

ရဲသားက ကြက်တူရွေးပိုင်ရှင်ကို ဒဏ်ရိုက်လိုက်သည်၊ နောက်နေ့ ဖြတ်လျှောက်လာသောအခါ ကြက်တူရွေးက ယခင်အတိုင်း အော်သည်၊ ဒဏ်ငွေရိုက်လိုက်ပြန်သည်၊ ကျန်ရက်များတွင်လည်း ဤအတိုင်း အော်သဖြင့် ရဲသားက ဆက်တိုက် ဒဏ်ရိုက်သည်၊ နောက်ဆုံး ပိုင်ရှင်ဖြစ်သူ စိတ်ညစ်လာပြီး မိမိ၏ ကြက်တူရွေးကို ခရစ်ယာန်ဘုန်းကြီး၏ ကြက်တူရွေးနှင့် လဲလိုက်သည်၊ လဲပြီး နောက်တစ်နေ့တွင် ရဲသား အိမ်ရှေ့ဖြတ်လျှောက်လာသည်၊ ဝရန်တာဘက် မော့်ကြည့်သည်၊ ကြက်တူရွေးထံမှ ဘာသံမှ မကြားရ၍ ရဲသားက အော်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"[illegible]ကောင်း၊ မင်း ဘာလို့ မအော်သလဲ၊ ငါလေ၊ ဂျက်ဖရီ သောက်ရူးလေ"
ကြက်တူရွေးက ပြန်ပြောသည်။

"အခုမှ နောင်တရလို့ မထူးဘူး၊ ငါ့သား"

## ၃၀။ ယုန်ဆုတောင်း

ယူကရိန်းသားတစ်ယောက် တောလိုက်ထွက်ရာ ယုန်တစ်ကောင်ကို မိလာသည်၊ အိမ်ရောက်သော် မိန်းမကို ပြောသည်။

"မိန်းမရေ၊ ဒီယုန်ကို ဆီနဲ့ ကျွတ်ကျွတ်ကြော်လိုက်စမ်း"

"ဆီမရှိဘူး တော်ရေ့"

"ဒါဆို ဝက်ဆီနဲ့ကြော်ကွာ"

"ဝက်ဆီလည်း မရှိဘူး"

"အဲဒါဆို ရေနဲ့ပဲ ပြုတ်ကြော်လိုက်ကွာ"

"မီးမလာဘူးရှင့်"

ယောက်ျားဖြစ်သူ စိတ်ဆိုးပြီး ယုန်ကို ပြတင်းပေါက်မှ လွှင့်ပစ်လိုက်သည်၊ လမ်းပေါ်တွင် နားရွက်နှစ်ဖက်ကို ကားလိုက်ကာ ယုန်က ဝမ်းသာအားရ အော်သည်။

"ယူကရိန်းနိုင်ငံ ကြီးပွားပါစေ"





## ၃၁။ ဆရာကောင်း



ဖမ်းမိသော သားကောင်တို့ကို အညီအမျှ ခွဲဝေယူကြရန် ခြင်္သေ့၊ မြေခွေးနှင့် ဝံပုလွေတို့ သဘောတူ ဆုံးဖြတ်လိုက်ကြသည်။ ပထမနေ့တွင်ပင် ဆိတ်တစ်ကောင်၊ ယုန်တစ်ယောက်နှင့် ကြက်တစ်ကောင်တို့ကို ဖမ်းမိကြသည်၊ ခြင်္သေ့က ဝံပုလွေကို ပြောသည်။

"ကိုင်း မျှမျှတတဖြစ်အောင် မင်း ဝေပေးစမ်း"

မဆိုင်းမတွပင် ဝံပုလွေက စ,ဝေသည်။

"ဆိတ်က ခြင်္သေ့အတွက်၊ ယုန်က ကျွန်တော့်အတွက်၊ ကြက်ကတော့ မြေခွေးအတွက်"

'အသုံးမကျတဲ့အကောင်'ဟု ခြင်္သေ့က ဟိန်းဟောက်လိုက်ပြီး ဝံပုလွေကို သတ်ပစ်လိုက်သည်၊ ထို့နောက် မြေခွေးကိုမေးသည်။

"မင်းကကော ဘယ်လို ခွဲဝေမလဲ"

ကြောက်ဒူးတုန်နေသော မြေခွေးက ဤသို့ ဖြေသည်။

"ဆိတ်က ခင်ဗျားရဲ့ နံနက်စာအတွက်၊ ယုန်က ခင်ဗျားရဲ့ နေ့လယ်စာအတွက်၊ ကြက်ကတော့ ခင်ဗျားရဲ့ ညစာအတွက်"

www.burmeseclassic.com

www.burmeseclassic.com



"မှန်လိုက်လေ၊ ငါနဲ့ ဒီလို တရားမျှတစွာ ခွဲဝေတတ်အောင် မင်းကို ဘယ်သူက သင်ပေးသလဲကွ"

'ဝံပုလွေ'ဟု မြေခွေးက တိုးတိုးလေး ဖြေသည်။

## ၄၀။ အကောင်းမြင်ဖန်ခွက်

သတင်းစာဖတ်နေရင်း မိုးသမားယောက်ျားကို မိန်းမက လှမ်းပြောသည်။

"ကိုဘမောင် ဖတ်ပြီးပလား၊ အံ့ဖွယ်ဖန်ခွက်တစ်ခုကို တီထွင်လိုက်ပြီတဲ့၊ ဒီဖန်ခွက်က တစ်ဆင့်ကြည့်ရင် ကိုယ့်မိန်းမအပါအဝင် အရာခပ်သိမ်းကို အကောင်းဆုံး၊ အလှဆုံးအသွင်နဲ့ မြင်ရတယ်တဲ့"

"ဒီဖန်ခွက်တွေအကြောင်းကို ငါသိတာ ကြာလှပြီ၊ သူ့မှာ ချွတ်ယွင်းချက်တစ်ခုပဲ ရှိတယ်၊ ဘာလဲဆိုတော့ သူ့ကို အမြဲတမ်း ဖြည့်ထားရတယ်"

## ၄၁။ မထိုးဘူး

မရမ်းပင်ပေါ် ရောက်နေသော မောင်နီက တစ်ဘက်ခြံမှ သူငယ်ချင်းဖြစ်သူ မောင်ကြွက်ကို လှမ်းအော်ပြောသည်။

"ဟေ့ ကြွက်၊ မင်းကို ဆေးထိုးဖို့ ဆရာဝန်လာနေပြီဟေ့"





"ကျေးဇူးပဲ ငနီ၊ အိမ်က ခွေးကို အခုပဲ ကြိုးဖြေပေးလိုက်မယ်"



## ၄၂။ သုံးလို့ရတဲ့နေရာ ရှိပါတယ်

အဆိုသင်တန်း တက်ရောက်ရန် ဂီတတက္ကသိုလ်သို့ လျှောက်လွှာလာတင်သော အမျိုးသမီးငယ်က မိမိ၏အသံကို စစ်ဆေးသည့်ဆရာကို မေးသည်။

"ဆရာ၊ ကျွန်မ အမှန်ကို သိချင်ပါတယ်၊ ကျွန်မ အသံဟာ ဘယ်မှာမှ သုံးလို့မရဘူးလားဟင်"

"ဘယ်မှာမှ သုံးလို့မရဘူးလို့ ဆရာတို့ မပြောပါဘူး၊ သုံးလို့ရတဲ့နေရာ ရှိပါတယ်၊ ဥပမာ– ကားတိုက်လို့၊ ဒါမှမဟုတ် မီးလောင်လို့ ဘေးကလူတွေရဲ့ အကူအညီကို အော်တောင်းတဲ့အခါမှာ အသုံးတည့်နိုင်ပါတယ်"

## ၄၃။ အကြွေးရှင်လာပြီ

တောရွာတစ်ရွာရှိ အရက်ဆိုင်တွင် ဖြစ်သည်၊ အီဗန်သည် အရက်သောက်နေသူများကို ငေးကြည့်နေသည်၊ မိမိကိုယ်တိုင်မူ



www.burmeseclassic.com

www.burmeseclassic.com



မသောက်ချေ။ ဆိုင်ရှင်က ၎င်းအနား ကပ်လာပြီး မေးသည်။

"ဟော့ အီဗန်၊ ဘာလို့ မသောက်တာလဲကွ"

"ပိုက်ဆံမရှိလို့ပါ၊ အဲ- အိမ်က နွားသားလေးကို ရောင်းပြီးရင်တော့လား စိတ်ကြိုက် သောက်လိုက်စမ်းမယ်"

အရက်ဆိုင်ရှင်၏ မျက်လုံးများ ကျယ်လာသည်။

"ဒီလိုလုပ်၊ မင်းကို ငါ အရက်အကြွေးတိုက်မယ်၊ နောက်တော့ မင်း ငါ့ကို နွားသားလေး လာပေး"

ဆိုင်ရှင်က အရက်ငှဲ့ပေးလိုက်သည်။ အီဗန် မနားတမ်း မော့ချလိုက်သည်၊ နောက်နေ့များတွင်လည်း အီဗန် ပုံမှန်လာသောက်သည်။ ၇-ရက်တိတိ ကြာသွားသည်၊ ဆိုင်ရှင်က ပြောသည်။

"အီဗန်၊ မင်းကို ငါတိုက်တဲ့ အရက်ဖိုးဟာ နွားသားလေးရဲ့ တန်ဖိုးနဲ့ ညီတူညီမျှ ဖြစ်နေပြီကွ၊ အဲဒါကြောင့် ငါ့ကို မင်းရဲ့ နွားသားလေး ပေးပါတော့"

အီဗန်နှင့်အတူ အီဗန်၏အိမ်သို့ ဆိုင်ရှင် လိုက်လာသည်၊ အိမ်ရှေ့ရောက်သောအခါ အီဗန်က လှမ်းအော်ပြောသည်။

"မိန်းမရေ၊ နွားမကို နွားထီးဆီ ခေါ်ထုတ်လာခဲ့ဟေ့၊ ဒီမှာ နွားသားလေး ယူမယ့်လူ ရောက်နေတယ်"

## ၄၄။ ကြက်တူရွေး

"အစ်မကြီး၊ ကျွန်တော့်ဆီက ကြက်တူရွေး ဝယ်ပါခင်ဗျ"





"သူ ဆဲတတ်သလား"

"ဟင့်အင်း၊ ဒါပေမယ့် ဒီကောင် အတော်ဉာဏ်ကောင်းတယ်၊ သူ့ကို အစ်မကြီး သင်ပေးလိုက်ရင် တစ်လအတွင်း တတ်ပါတယ်"



## ၄၅။ လွယ်ရအောင်

ခရီးသည်တင်လေယာဉ်ကြီးသည် မီတာတစ်သောင်းအမြင့်မှ ပျံသန်းနေသည်၊ ရုတ်တရက် အင်ဂျင်စက် ချွတ်ယွင်းသဖြင့် လေယာဉ်သည် အောက်သို့ မနားတမ်း ထိုးကျလာသည်၊ ခရီးသည်များ ထိတ်လန့်တကြား ဖြစ်ကုန်ကြသည်၊ ဤအချိန်တွင် လေယာဉ်မယ် ရောက်လာပြီး အားလုံးကြားအောင် အော်ပြောလိုက်သည်။

"လေးစားအပ်တဲ့ ခရီးသည်များရှင့်၊ ကိုယ့်ရဲ့ နိုင်ငံကူးလက်မှတ်တွေကို သွားနဲ့ တအားကိုက်ထားကြပါရှင့်"

ခရီးသည်တစ်ဦးက မေးသည်။

"ဘာအတွက်လဲ"



www.burmeseclassic.com

www.burmeseclassic.com

“လေယာဉ်ပျက်ကျတဲ့အခါမှာ ဘယ်သူ့အလောင်းလဲ ဆိုတာ ဖော်ထုတ်ရ လွယ်အောင်လို့ပါ”

## ၄၆။ ဖတ်ပြီးမှ ပြောနိုင်မယ်

စိတ်ရောဂါကုဆရာဝန်ထံ လူတစ်ယောက် ရောက်လာသည်။

“ဒေါက်တာ၊ ကျွန်တော် ရူးတော့မယ် ထင်တယ်၊ ဒေါက်တာပဲ၊ စဉ်းစားကြည့်၊ ကျွန်တော့်ကိုယ်ကျွန်တော် စာတွေ ရေးနေတယ်”

“နောက်ဆုံးစာကို ဘယ်တုံးက ပို့လိုက်သလဲ”

“ဒီနေ့မနက်”

“ခင်ဗျား ဘာတွေရေးထားသလဲ”

“ဘယ်သိဦးမလဲ၊ စာမှ ရောက်မလာသေးတဲ့ဥစ္စာ”

## ၄၇။ အနုကြမ်း

ညအချိန် လမ်းထောင့်တစ်နေရာတွင် ဖြစ်သည်။

“မိတ်ဆွေ၊ ခင်ဗျားဆီမှာ မီးခြစ်ပါသလားဗျာ”

“ပါတယ်၊ ရော့ ယူပါ”

“တစ်ဆက်တည်း စီးကရက်ပါ မပေးနိုင်ဘူးလားဗျာ”

“ရပါတယ်၊ ရော့”

“အောင်မယ်၊ စီးကရက်ကို ငွေအစ်ထဲ ထည့်ထားပါလား၊ စီးကရက်အစ်ကိုပါ ပေး”





“ကယ်ကြပါဦး၊ ကျွန်တော့်ကို လုနေပါ ဟာယ် ခင်ဗျ”

“အောင်မယ်၊ ရွှေသွားနဲ့ကိုး၊ ရွှေသွားကို ပါ ချွတ်ပေးစမ်း”



## ၄၈။ သဘောမတူဘူး

မွေးပြီး တစ်နှစ်လောက်ကြာမှ မိမိတို့၏ သားသမီးများ လမ်းစလျှောက်နိုင်ကြပြီး နွား၊ မြင်း၊ သိုး စသည့် တိရစ္ဆာန်တို့၏ ကလေးများမှ မနက်မွေးလျှင် ညနေပိုင်းတွင်ပင် လမ်းစလျှောက်နိုင်ကြသည်ကို မြင်ကြရသော မိန်းမများက တရားမျှတမှု မရှိဟု ယူဆကာ သိကြားမင်းထံ အရေးဆိုရန် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်လိုက်ကြသည်၊ တောင်းဆိုချက်မှာ မိမိတို့ကို တိရစ္ဆာန်မများနှင့် တစ်တန်းတည်းထားရေး ဖြစ်သည်။

အဖွဲ့ခေါင်းဆောင် မစိန်ပုအမည်ရှိ အသွက်ဆုံး အမျိုးသမီးကို သိကြားမင်း လက်ခံ နားထောင်သည်၊ ကျန်ကိုယ်စားလှယ် အဖွဲ့ဝင်များက အခန်းပြင်ပမှနေ၍ နားစွင့်နေကြသည်၊ မစိန်ပု၏ ရှင်းပြချက်ကို ကြားသောအခါ သိကြားမင်းက ဤသို့ ပြောသည်။

“ကိုင်း မင်းတို့ ဖြစ်ချင်တဲ့အတိုင်း ဖြစ်စေရမယ်၊ ဒါပေမယ့် စည်းကမ်းချက်တစ်ခု ထားမယ်၊ မိန်းမတွေဟာ

www.burmeseclassic.com

www.burmeseclassic.com


တိရစ္ဆာန်များနည်းတူ တစ်နှစ်မှာ တစ်ခါပဲ မေထုန်မှီဝဲကြရမယ်”

ဤတွင် အခန်းပြင်မှ အမျိုးသမီးများ သံပြိုင်အော်လိုက်ကြသည်။

“စိန်ပုရေ၊ သဘောမတူနဲ့ဟေ့”

## ၄၉။ မဖျက်ဆီးပါနဲ့

တရားသူကြီး – “လက်ထပ်ပြီးလို့ တစ်ပတ်တောင်မကြာသေးဘူး ခင်ဗျားမိန်းမကို ခင်ဗျားရိုက်တယ်၊ ခင်ဗျား ထောင်တစ်နှစ်အထိ ကျနိုင်တယ်၊ သိရဲ့လား”

တရားခံ – “တရားသူကြီးမင်းခင်ဗျာ၊ ကျွန်တော်တို့ရဲ့ ပျားရည်ဆမ်းလကို မဖျက်ဆီးပါနဲ့ခင်ဗျာ”

## ၅၀။ နောင်တ

တရားသူကြီးက စကော့တလန်သားကို မေးသည်။

“မိန်းမကို ခင်ဗျား ပန်းကန်ပြားနဲ့ပေါက်တယ်လို့ စွဲချက်မှာ ဆိုထားတယ်၊ အခု ခင်ဗျား နောင်တမရဘူးလား”

“ရပါတယ်၊ ပန်းကန်ပြားက အသစ်ကျပ်ချွတ်ကြီး ခင်ဗျ”



## ၅၁။ ပုန်းရှောင်သူ

“ဟေ့ မောင်ပီတာ၊ ဘာဖြစ်လို့ မိုးရေထဲ ရပ်နေရတာလဲ၊ တစ်ကိုယ်လုံးလည်း ရွှဲစိုလို့ပါလား”



“အမေက ရေချိုးပေးမယ်ဆိုလို့ ပုန်းနေတာပါ”

## ၅၂။ မိန်းမထင်လို့

တရားရုံးသို့ ရောက်လာသော ကားမောင်းသမားကို တရားသူကြီးက မေးသည်။

“ယာဉ်ထိန်းရဲက ပြောတယ်၊ ခင်ဗျား သူ့ကို ပြက်ရယ်ပြုတယ်တဲ့၊ ဟုတ်သလား”

“သူ့ကို ပြက်ရယ်ပြုချင်တဲ့ ရည်ရွယ်ချက် ကျွန်တော့်ဆီမှာ မရှိခဲ့ရိုး အမှန်ပါ၊ သူ ကျွန်တော့်ကားကို ရပ်ပြီး စစ်ဆေးတဲ့အချိန်မှာ အိမ်က ကျွန်တော့်မိန်းမလိုပဲ သူ အမျိုးမျိုး ဩဝါဒချွေပါတယ်၊ ရုတ်တရက် ကျွန်တော် သတိလက်လွတ်ဖြစ်ပြီး ‘မင်းပြောတာ မှန်တာပေါ့ အချစ်ရယ်’ လို့ ပြောမိပါတယ်၊ ဒါပါပဲ”


www.burmeseclassic.com

www.burmeseclassic.com

## ၅၃။ တားကြပါလား

တရားသူကြီး – "ခင်ဗျားရဲ့နာရီကို သူ ခိုးတာ ဘယ်သူမြင်သလဲ"
တရားလို – "မျက်မြင်သက်သေ ဆယ်ဦးတိတိ ရှိပါတယ်"
တရားခံ – "တရားသူကြီးမင်းခင်ဗျာ၊ ကျွန်တော် ခိုးတာကို လူဆယ်ဦးတိတိက မြင်ခဲ့တယ်ဆိုရင် ဘာဖြစ်လို့ ဘယ်သူမှ မတားကြသလဲဟင်"

## ၅၄။ ဆန္ဒသာအဓိက

တရားသူကြီး – "အစ်ကိုအရင်းခေါက်ခေါက်ရဲ့အိမ်က ပစ္စည်းကို ခင်ဗျားမို့လို့ ခိုးရက်တယ်၊ အံ့ပါရဲ့"
တရားခံ – "တရားသူကြီးမင်းခင်ဗျာ၊ ဆန္ဒပြင်းပြရင် မလုပ်နိုင်တာ မရှိပါဘူး"

## ၅၅။ ဘဲစားဘဲချေ

"မြို့ကလေးက သေးပေမယ့် ချစ်စရာလေးဗျနော်၊ ဒါနဲ့ မြို့နေလူဦးရေတိုးတဲ့ နှုန်းလည်း မြန်မှာပဲနော်"

"လုံးဝ မတိုးဘူး၊ ကလေးတစ်ယောက် မွေးတယ်ဆိုရင်ပဲ ယောက်ျားတစ်ယောက် မြို့ထဲက ထွက်ပြေးတယ်"





## ၅၆။ ယုတ္တိဗေဒ



အစ္စရေးနိုင်ငံ၏ ကျောင်းတစ်ကျောင်းတွင် ယုတ္တိဗေဒ ဘာသာရပ်ကို သင်ကြားနေသည်၊ ဆရာက ပြောသည်။

"ဆိုကြပါစို့၊ လှည်းစီးပြီး မင်းတို့တစ်တွေ တောရွာတစ်ရွာကို အလည်သွားကြတယ်၊ လမ်းမှာ လှည်းဝင်ရိုး ကျိုးသွားတယ်၊ မင်းတို့ဆီမှာ ကြိုးမပါဘူး၊ ကျောက်ခဲတုံးမပါဘူး၊ တုတ်ချောင်းလည်း မပါဘူး၊ ဘာဖြစ်မယ်ထင်သလဲ၊ ကိုင်း အာဘရမ်နဲ့ ဖြေစမ်း"

"လှည်းနဲ့တောရွာကို သွားစဉ်မှာ လှည်းဝင်ရိုး ကျိုးသွားမယ်ဆိုရင် ကြိုးကို ယူလိုက်မယ်"

"ကြိုးမပါဘူးလို့ ငါပြောထားတယ်၊ ထိုင်၊ အသုံးမကျတဲ့ကောင်၊ မိုရှေ၊ မင်းဖြေစမ်း"

"လှည်းနဲ့ တောရွာကိုသွားတဲ့အခါမှာ လှည်းဝင်ရိုး ကျိုးသွားမယ်ဆိုရင် ကျောက်ခဲတုံးကို ယူလိုက်မယ်"

"အတော်ညံ့တဲ့ကောင်၊ ကျောက်ခဲမပါဘူးလို့ ငါပြောထားပြီးသား၊ ထိုင်၊ ဟိုင်း မင်းဖြေစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"လှည်းနဲ့ တောရွာကိုအသွားမှာ လှည်းဝင်ရိုး ကျိုးသွားမယ်ဆိုရင် တုတ်ချောင်းကို ယူလိုက်မယ်"

"ထိုင်စမ်း ငတုံး၊ ဟိုဆိမှာ တုတ်ချောင်းမပါဘူး၊ ယုတ္တိကျကျ ဘယ်သူမှ မစဉ်းစားတတ်ကြသေးပါလား၊ လှည်းနဲ့ သွားတုန်း ဝင်ရိုးကျိုးသွားမယ်ဆိုရင် ရွာကို မင်းတို့ မရောက်တော့ဘူးပေါ့၊ ရှင်းပလား ကဲ"

## ၅၇။ သေချာတယ်

မိမိအတွက် လာသောစာကို ဖတ်ပြရန် အဘွားကြီးက စာပို့သမားကို ပြောသည်၊ စာပို့သမားက ကြောင်ခြစ်သလို ရေးထားသော စာကို ခက်ခက်ခဲခဲ ဖတ်သည်။

"ချစ်...ရတဲ့...မေ...မေ ခင်...ဗျား"

"သေချာတယ်၊ သားဆီကစာပဲ၊ ဒီကောင် ငယ်ငယ်ကတည်းက စကားထစ်တယ်"

## ၅၈။ ပြီးရင် မင်းအလှည့်

ဂျွန်သည် မိမိ၏ဇနီးသည်ကို လင်ငယ်နှင့် အိပ်ရာထဲ တွေ့သဖြင့် ခြောက်လုံးပြူးကို ထုတ်လိုက်သည်၊ ထို့နောက် မိမိ၏နားထင်တွင် တေ့လိုက်သည်၊ လင်ငယ်က ၎င်းကို ကြည့်ပြီး အားရပါးရ ရယ်သည်၊ ဂျွန်က အံကြိတ်ပြီး ပြောသည်။

"ဟေ့ကောင်၊ ရယ် မနေနဲ့၊ ဒုတိယကျည်ဆံဟာ မင်းအတွက် ဖြစ်မယ်"



## ၅၉။ သတိထားမှပေါ့

ဂိတာလေး နေမကောင်းသဖြင့် ဆရာဝန် ရောက်လာသည်၊ ဆရာဝန်က မေးသည်။

"ကိုင်း ချာတိတ်၊ ဘယ်နေရာမှာ နာသလဲ ပြောစမ်း"

"ဆရာတက်ထိုင်ထားတဲ့ ကျွန်တော့်ခြေထောက်"

## ၆၀။ ပုစွန်ဆိတ်ကလေးဘယ်လိုငယ်

သားဖွားနှင့်မီးယပ်ရောဂါကု ဆရာဝန်ထံ ၁၇-နှစ်အရွယ် အမျိုးသမီးငယ် ရောက်လာပြီး ဆေးစစ်ခံသည်၊ ခဏကြာသော် အမျိုးသမီးငယ်တွင် ကိုယ်ဝန်ရှိနေပြီဟု ဆရာဝန်က ပြောသည်၊ ကောင်မလေးက ဝမ်းနည်းပက်လက်ငိုသည်။

"အဟင့်၊ အဟင့်၊ ဒီလိုသာဖြစ်မယ်မှန်းသိရင် အဲဒီနေ့က အစ်ကိုနှစ်ဝမ်းကွဲနဲ့ အိမ်မှာ မနေရစ်ခဲ့ပါဘူး၊ ဖေဖေ မေမေတို့နဲ့အတူ ရုပ်ရှင်လိုက်သွားပါရဲ့"





www.burmeseclassic.com

www.burmeseclassic.com



"ပိုက်သွားဖို့ ကောင်းတာပေါ့၊ ဒါနဲ့ ဘာဖြစ်လို့ လိုက်မသွားတာလဲ"

"ဖေဖေပေါ့၊ သူတို့သွားကြည့်တဲ့ ရုပ်ရှင်က ၁၈-နှစ်အောက် မကြည့်ရတဲ့ ရုပ်ရှင်တဲ့"

## ၆၁။ ရောက်ပါ့မလား

အရက် အလွန်အကျွံမူးနေသော လူတစ်ယောက် ယိုင်တိယိုင်တိုင်ဖြင့် လမ်းလျှောက်လာသည်၊ တွေ့သောရဲသားကို လျှာလေး၊ အာလေးသံဖြင့် မေးသည်။

"ဘူတာရုံကို ဘယ်လို သွားရမလဲဗျ"

"တည့်တည့်သွား"

"အင်း၊ ဒီည ငါမရောက်နိုင်တော့ဘူး"

## ၆၂။ မလိုချင်တော့ဘူး

ရေနစ်သူကို အလှည့်ကျကယ်တင်ခဲ့သူ ဝါရင့်သင်္ဘောသား ဘရောင်းအား ၁၅-ခုမြောက် ဆုတံဆိပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇိမ်ခံသင်္ဘောပေါ်တွင် ကျင်းပနေသည်၊ ဤအချိန်တွင် ကြောက်လန့်တကြား အော်သံတစ်ခု ပေါ်ထွက်လာသည်၊ ပရိသတ်ထဲမှ အမျိုးသမီးတစ်ဦး မတော်တဆ သင်္ဘောပေါ်မှ ချော်ကျသွားခြင်း ဖြစ်သည်၊ ဘရောင်း၏ သူ့ရဲကောင်းဆန်သောလုပ်ရပ်ကို မျှော်လင့်လျက်





ပရိသတ်အားလုံး လမ်းဖယ်ပေးလိုက်ကြသည်၊ ဘရောင်းက ပခုံးတွန့်လိုက်ပြီး ပြောသည်။



"ဆောရီးပဲ၊ ကျွန်တော့်ရင်ဘတ်မှာ နောက်ထပ် ဆုတံဆိပ်ချိတ်ဖို့ နေရာလွတ် မရှိတော့ဘူးခင်ဗျာ"

## ၆၃။ မယုံနိုင်ဘူး

အီဗန်နော့က မိမိနှင့်အတူ ညစာအတူလိုက်စားရန် သူငယ်ချင်းဖြစ်သူ ပီထရော့ကို အိမ်သို့ ခေါ်လာသည်၊ အိမ်ခန်းထဲ ဝင်ဝင်ချင်း အီဗန်နော့က 'မင်း ဒီနေ့ သိပ်လှတာပဲ'ဟု ပြောကာ ဇနီးသည်ကို နမ်းသည်၊ ညစာကို အရသာရှိစွာ စားအပြီးတွင် မိန်းမကို အီဗန်နော့က ချီးကျူးပြီး ထပ်နမ်းသည်၊ အမျိုးသမီး မီးဖိုချောင်ဘက် ခဏထွက်သွားချိန်တွင် ပီထရော့က သူငယ်ချင်းကို မေးသည်။

"မင်းမိန်းမကို မင်း ဒီလိုပဲ အမြဲတမ်း ဆက်ဆံသလားကွ"

"ဟုတ်တယ်၊ ဒီလိုဆက်ဆံတာဟာ တို့ရဲ့အိမ်ထောင်ရေး သာယာမှုကို အများကြီး အထောက်အကူပြုတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



အိဗန်နော်ကို အားကျပြီး ၎င်းအတိုင်း လိုက်လုပ်ရန် ပီထရော့ ဆုံးဖြတ်လိုက်သည်၊ နောက်တစ်နေ့ အလုပ်မှ ပြန်လာသောအခါ ဇနီးသည်ကို ပီထရော့ သိုင်းဖက်လိုက်ပြီး ဖွဖွလေး နမ်းသည်၊ နှုတ်မှလည်း ပြောသည်။

"မင်း ဒီနေ့ တယ်လှပါလား မိန်းမရေ၊ ဒီလို မိန်းမမျိုး ရထားတဲ့အတွက် ငါလောက် ကံကောင်းတဲ့လူ ဒီ ဇမ္ဗူမှာ ရှိမယ်မထင်ဘူးဟေ့"

ပီထရော့ကို လုံးဝ မယုံကြည်နိုင်ဟန်ဖြင့် မိန်းမက မျက်လုံးပြူးပြီး ကြည့်သည်၊ ထို့နောက် ချုံးပွဲချ ငိုချလိုက်သည်။

"ဟဲ့ ဟဲ့ ဘာဖြစ်လို့ ငိုရတာတုံး"

ပီထရော့ အံ့သြသံဖြင့် မေးသည်၊ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားသည်။ မိန်းမက ငိုကြီးချက်မဖြင့် ပြောသည်။

"ဘဝအကျိုးပေး မကောင်းပါလား အရပ်ကတို့ရေ၊ ဒီနေ့တစ်နေ့လုံး စိတ်မချမ်းသာစရာနဲ့ချည်း တွေ့နေရပါလား၊ မနက်က အငယ်ကောင် အဆော့လွန်ပြီး နှာခေါင်းကျိုးသွားတယ်၊ ပန်းကန်စင်ကို ကြောင်တက်လို့ ပန်းကန်တွေ ကွဲတယ်၊ နောက် အဝတ်လျှော်စက် ပျက်တယ်၊ အခု ယောက်ျားလုပ်တဲ့သူ အရက်မူးပြီး ပြန်လာတယ် ဟီး ဟီး"





## ၆၄။ မသိလို့ပါ



တရားသူကြီး – "မစ္စတာ စမစ်ကို ထုံကြီးလို့ လူတွေရှေ့မှာ ခင်ဗျား ဘာဖြစ်လို့ ပြောရတာလဲ"

တရားခံ – "ဒီအချက်ကို သူ ဖုံးကွယ်ထားမှန်း ကျွန်တော် မသိလို့ပါ"

## ၆၅။ မသေချာဘူး

မိန်းမက ယောက်ျားကို မေးသည်။

"ကျွန်မ အခု ရေထဲ ခုန်ချလိုက်ရင် ရှင် ဆင်းကယ်မှာလား"

"မင်း တကယ်ခုန်ချမှာလားဟင်"

## ၆၆။ ဆွဲတော့ဆွဲတာပဲ

ပင်လယ်ကမ်းစပ်တွင်ဖြစ်သည်။ ပင်လယ်ဖျံတစ်ကောင်ကို ချူချာနှစ်ယောက် အမြီးမှဆွဲကာ ကုန်းပေါ်တင်ရန် ကြိုးစားနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ၎င်းတို့၏ လက်ထဲမှ ဖျံသည် တစ်ချိန်လုံး လွတ်ကျနေသည်၊ ဖြတ်သွားသော ရှရှားတစ်ယောက်က ပြောသည်။

"ဟေ့လူတွေ၊ ဘာဖြစ်လို့ ဒီလောက်တောင် အပင်ပန်းခံနေကြတာလဲ၊ ရှေ့က အစွယ်နှစ်ချောင်းကို ကိုင်ပြီး ဆွဲမှ လွတ်မကျဘဲ နေတော့မှာပေါ့"

ပြောသည့်အတိုင်း သူငယ်ချင်းနှစ်ယောက် အစွယ်တစ်ယောက်တစ်ချောင်းစီ ကိုင်ကာ ဖျံကို ဆွဲသည်၊ ဖျံကြီး အလိုက်သင့်ပါလာသည်၊ အလွယ်တကူ ပါလာသည်ကို ကြည့်ပြီး တစ်ယောက်သော ချူချာက ဝမ်းသာအားရ သီချင်းဆိုသည်၊ ကျန်တစ်ယောက်က အနည်းငယ် စဉ်းစားဟန်ပြုပြီး ၎င်းကို ပြောသည်။

"ဟေ့ကောင်၊ ဘာ အူမြူးနေတာလဲ၊ တို့ ဒီဖျံကို ပင်လယ်ထဲ ပြန်ဆွဲနေတာကွ"

## ၆၇။ ဖြေနိုင်တယ်

လူတွေ့စစ်မေးသည့်အခန်းမှ ကျောင်းသား ထွက်လာသည်၊ အပြင်တွင်ရှိသော ကျောင်းသားများက ၎င်းကို ဝိုင်းမေးကြသည်။

"ဟေ့၊ ဖြေလို့ရရဲ့လား"

"ဖြေနိုင်တယ် ထင်တာပဲ"

"မင်းကို ဘာမေးခွန်းတွေ မေးသလဲ"

"ဘယ်သိမလဲ၊ သူတို့ အင်္ဂလိပ်လိုကြီးမေးတဲ့ဥစ္စာ"





## ၆၈။ အချိန်ရှိတုန်း

"လူတစ်ယောက် ရက်တရက် နေမကောင်းဖြစ်တယ် ဆိုပါစို့၊ ဆရာဝန်ရောက်မလာခင် ဘာလုပ်ရမယ် ထင်သလဲ"

"လူနာကို သေတမ်းစာ အမြန်ရေးခိုင်းရမှာပေါ့"



## ၆၉။ နှစ်ယောက်စာ

ရှရှိသော ဆေးကုသခ အလွန်နည်းသဖြင့် ဆရာဝန်က ဟန်ဆောင်ပြုံး ပြုံးကာ စကော့တလန်သား လူနာကို ခနဲ့တဲ့တဲ့ မေးသည်။

"ဒါ ကျွန်တော့်အတွက်လား၊ ကျွန်တော့်အစေခံ အတွက်လား"

"နှစ်ယောက်စလုံးအတွက်"

## ၇၀။ မကြိုက်တာချင်းတော့ အတူတူပဲ

သူငယ်ချင်းနှစ်ယောက် ဆုံကြသည်။ တစ်ယောက်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ညနောက်ကျမှ ပြန်ရောက်ရင် ငါ့မိန်းမဟာ ငါ့ကို စကားတစ်ခွန်းမှ မပြောဘူး၊ နာရီကိုပဲ စိုက်ပြီး ကြည့်နေတယ်"

"ဒါ တော်သေးတာပေါ့၊ ငါ့မိန်းမဆို ပြက္ခဒိန်ကို ကြည့်တယ်ကွ"

## ၇၁။ စိတ်မဆိုးနဲ့

"တရားခံက ခင်ဗျားကို 'နွားမ'လို့ ခေါ်တယ်၊ ဟုတ်စ၊ ဒါ စိတ်ဆိုးစရာ မဟုတ်ပါဘူးဗျာ"

"အဲဒီလိုဆို တရားသူကြီးမင်း၊ ရှင် 'နွားသိုးကြီး' ကဲ"

## ၇၂။ အထင်ခံရမှာစိုးတယ်

ကျောင်းသားနှစ်ယောက် ရေးဖြေစာမေးပွဲခန်းမှ ထွက်လာကြသည်၊ တစ်ယောက် မေးသည်။

"ဟေ့၊ မင်း တော်တော်ဖြေလိုက်သလား"

"ဘာမှ မဖြေလိုက်ဘူး၊ အဖြေစာအုပ်ကို ဒီအတိုင်း အလွတ်ပဲ ပြန်ပေးလိုက်တယ်"

"ဒုက္ခပါပဲ၊ ငါလဲ အလွတ်ပေးလိုက်တယ်ကွ၊ ငါ မင်းဆီက ကူးချတယ်လို့ ထင်တော့မှာပဲ"





## ၇၃။ မနိုးနဲ့



တက္ကသိုလ် စာသင်ခန်းထဲတွင် ဖြစ်သည်။

မောင်မြက ဘေးမှ မောင်နီကို တံတောင်ဖြင့် တွက်ပြီး ပြောသည်။

"ဟေ့ကောင် ကြည့်စမ်း၊ ဟိုမှာ မောင်မဲအိပ်နေတယ်"

"အဲဒါကြောင့် မင်း ငါ့ကို နိုးတာလားကွဟေ"

## ၇၄။ မပြောတတ်ဘူး

"မင်း ဘယ်က ပြန်လာတာလဲ"

"ဆရာဝန်ဆီက၊ သွားကိုက်လို့ သွားပြတာ"

"အခု မကိုက်တော့ဘူးလား"

"မပြောတတ်ဘူး၊ သွား သူ့ဆီမှာ ကျန်ခဲ့တယ်လေ"

## ၇၅။ ဆိုရှယ်လစ်စနစ်

"ဆိုရှယ်လစ်စနစ်ဆိုတာ ဘာလဲ"

"အရင်းရှင်စနစ်ဆီကိုသွားတဲ့ အရှည်ဆုံးလမ်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



## ၇၆။ မေမေ့သန္ဓ

အလုပ်ဌာနအသီးသီးသို့ လျှောက်လွှာများတင်ခဲ့သော်လည်း မည်သည့်ဌာနကမှ မိမိအား အလုပ်မခန့်သဖြင့် အပျော်တမ်းတပ်သားအဖြစ်နှင့် တပ်မတော်ထဲ ဝင်ရန် ဆုံးဖြတ်လိုက်ကြောင်း၊ မိမိအား ဗြိတိန်နိုင်ငံသို့ အမှုထမ်းရန်စေလွှတ်ကြောင်း အမေရိကန်လူငယ်က မိခင်အား ပြောပြသည်၊ အမေက အောက်ပါအတိုင်း ပြန်ပြောသည်။

"ဘယ်မှာ အမှုထမ်းထမ်း အမေ ဘာမှ မပြောလိုဘူး သားရယ်၊ ဒါပေမယ့် ညတိုင်း အိမ်တော့ ပြန်အိပ်ရမယ် ဒါပဲ"

## ၇၇။ အပြီးသတ်မလို့ဘဲ

ဆရာမက ပီတာလေးကို ချီးကျူးသည်။

"ပီတာ၊ မင်းရဲ့ စာစီစာကုံး သိပ်ကောင်းတာပဲ၊ ဒါပေမယ့် ဘာဖြစ်လို့ သူ့ကို အဆုံးမသတ်ထားတာလဲ"

"ဖေဖေ့မှာ အချိန်မရှိတော့လို့"

## ၇၈။ ကြည့်သောသူမြင်၏

တယ်လီဖုန်းသံ မြည်လာသဖြင့် ဟိုတယ်မန်နေဂျာ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်၊ တစ်ဘက်မှ အမျိုးသမီးကြီးတစ်ဦး၏ စိုးရိမ်ဆိုးဆိုးနှင့် ပြောသံကို ကြားရသည်။



"ကျွန်မ အခန်းနံပါတ် ၁၅ က ပြောနေတာ၊ ရှင်တို့ ဟိုတယ် အင်မတန် စည်းကမ်းမဲ့ပါလား၊ ကျွန်မ အခန်းရဲ့ ပြတင်းပေါက်နဲ့ တည့်တည့် အခန်းမှာ ယောကျ်ားတစ်ယောက် ကိုယ်လုံးတီး လျှောက်သွားနေတယ်၊ ဒီလို အရုပ်ဆိုးတဲ့ လုပ်ရပ်ကို အမြန်ဆုံး ရပ်တန့်ပစ်ပါလို့ ကျွန်မ တောင်းဆိုတယ်"

"ဟုတ်ကဲ့၊ ကျွန်တော် အခုပဲ အစ်မကြီးရဲ့ အထပ်မှာ တာဝန်ကျတဲ့ ဝန်ထမ်းကို လွှတ်လိုက်ပါ့မယ်"

အမျိုးသမီးကြီး၏ အခန်းသို့ တာဝန်ကျသူ ရောက်လာသည်၊ ပြတင်းပေါက်ဘက်သွားကာ ရှေ့တည့်တည့်က အခန်းကို ကြည့်သည်၊ ဟုတ်သည်၊ ယောကျ်ားတစ်ယောက်သည် အဝတ်အစား မပါဘဲ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်၊ ဝန်ထမ်းက ပြောသည်။

"အစ်မကြီးပြောတဲ့အတိုင်းပဲ သူ့ဆီမှာ ဘာအဝတ်အစားမှ မပါဘူး၊ ဒါပေမယ့် သူ ဘယ်နေရာပဲ လျှောက်သွားလျှောက်သွား သူ့ရဲ့ ခန္ဓာကိုယ်အောက်ပိုင်းကို မမြင်ရပါဘူး ခင်ဗျာ"





www.burmeseclassic.com

www.burmeseclassic.com



"မမြင်ရဘူးဟုတ်လား၊ လာစမ်းပါ၊ ကျွန်မရဲ့ ကုတင်ပေါ်ကနေ တက်ကြည့်စမ်းပါ၊ မမြင်ရဘူးတဲ့ ဟင်း"

## ၉။ အမေ့ဆီသွား

သည်းမခံနိုင်တော့သည့်အဆုံး မိန်းမက ယောက်ျားကို ပြန်အော်သည်။

"ရှင် ကျွန်မကို နှိပ်စက်တာ လွန်လွန်းပြီ၊ ဘယ်မိန်းမမှ ရှင့်အနှံ့အတာကို မခံနိုင်ဘူးရှင့်၊ နားလည်လား"

"မခံနိုင်ရင် မင်းအမေနောက် လိုက်သွားပေါ့၊ မတားဘူး"

"ကျွန်မအမေ ဆုံးသွားပြီ ဆိုတာ ရှင်သိတယ် မဟုတ်လား"

"သိလို့ ပြောတာပေါ့"

## ၁၀။ သိတာ ပြောရတာလေ

အသိဆရာဝန်ထံ ကိုမြ ဖုန်းဆက်သည်။

"ဒေါက်တာ၊ ကျွန်တော် နှာစေးချောင်းဆိုး ဖြစ်နေတာ တစ်ပတ်ရှိပြီ၊ ဘာဆေးသောက်သောက် မပျောက်နိုင်ဘူး ဖြစ်နေတယ်၊ တစ်ခုခု အကြံပေးပါဦး"

"ဒီလိုလုပ်ပါ၊ ပြတင်းပေါက်ကို ဖွင့်လိုက်ပါ၊ အဝတ်အစားကို အကုန်ချွတ်ပြီး ကြမ်းပေါ်မှာ လှဲအိပ်ပါ"



"အပြင်မှာ ဒီလောက်အေးနေတဲ့ဥစ္စာ၊ ကျွန်တော် အဆုတ်အအေးမိသွားမှာပေါ့"

"ဖြစ် နိုင် ပါ တယ်၊ ဒါပေမယ့် အဆုတ်အအေးမိရင် ဘယ်လို ကုရမယ်ဆိုတာ ကျွန်တော် ကောင်းကောင်းသိတယ်ဗျ"

## ၁၁။ အရေးထဲအရာပေါ်

ခွဲစိတ်ကုဆရာဝန်သည် လူငယ်လူနာကို စမ်းသပ်ကြည့်ရှုရန် ပြင်နေသည်၊ ရုတ်တရက် အခန်းမှ ထွက်ပြီး လူနာလက်ခံရာဌာနသို့ သွားသည်၊ ဝက်အူလှည့်ပေးရန် တာဝန်ကျ သူနာပြုဆရာမထံ တောင်းသည်၊ ဆရာမက စားပွဲအံဆွဲထဲမှ ဝက်အူလှည့်ကို ထုတ်ပေးသည်၊ ဝက်အူလှည့်ကို ယူပြီး ဆရာဝန်သည် မိမိ၏ အခန်းသို့ ပြန်သွားသည်၊ မကြာမီ လူနာလက်ခံရာဌာနဘက် ရောက်လာပြီး သူနာပြုဆရာမထံမှ တူနှင့်စို့တစ်ခုကို တောင်းပြန်သည်၊ ဆရာမကလည်း တောင်းသည်ကို ပေးလိုက်သည်၊ ခဏအကြာတွင် သူနာပြု





www.burmeseclassic.com

www.burmeseclassic.com


ဆရာမဘက် ခွဲစိတ်ဆရာဝန် ရောက်လာပြန်သည်၊ သူနာပြုဆရာမ အနားတွင် သားကို ထိုင်စောင့်နေသော မိခင်ဖြစ်သူက စိုးရိမ်တကြီးဖြင့် ဆရာဝန်ကို မေးသည်။

"ဒေါက်တာ၊ ကျွန်မသားလေးရဲ့ အခြေအနေ အင်မတန် စိုးရိမ်ရသလားရှင်"

"ခင်ဗျားသားကို ကျွန်တော် မကြည့်အားသေးပါဘူး၊ ကျွန်တော့်ဆေးအိတ်ကို ဘယ်လိုမှ ဖွင့်မရလို့"

## ၈၂။ အပျင်းထူသူများ

သူက ပိုပျင်းသည်၊ ငါက ပိုပျင်းသည်နှင့် လူနှစ်ယောက် အငြင်းပွားနေကြသည်၊ တစ်ယောက်က ပြောသည်။

"တစ်နေ့က ဒေါ်လာ ၁၀၀ လမ်းမှာကျနေတာကို ငါတွေ့တယ်၊ ဒါပေမယ့် ငါ မကောက်လိုက်ဘူး ပျင်းလို့"

ကျန်တစ်ယောက်က အားကျမခံ ပြောသည်။

"တစ်နေ့က ငါ ရုပ်ရှင်သွားကြည့်တယ်၊ နှစ်နာရီ တိတိ ရုံထဲမှာ ငါ အော်နေတယ်"

"အော်တာနဲ့ ပျင်းတာ ဘာဆိုင်လို့လဲ"

"သိပ်ဆိုင်တာပေါ့၊ ခေါက်ကုလားထိုင်ကို ဆွဲပြီး အထိုင်လိုက်မှာ ငါ့ရှေ့ ညှပ်သွားတယ်၊ ထရမှာ ပျင်းတာနဲ့ အော်ပဲ အော်နေရတာပေါ့"



## ၈၃။ မင်းလိုလူစား အများကြီးဟေ့



ဒုတိယမြောက် ဖရက်ဒရစ်ဘုရင်သည် မိမိနှင့် အတူ လှေလိုက်စီးရန် စာရေးဆရာကြီး ဗော်လ်တိုင်းယားကို ဖိတ်ခေါ်သည်၊ ဖိတ်ကြားချက်ကို ဗော်လ်တိုင်းယား ဝမ်းသာအားရ လက်ခံပြီး နှစ်ယောက်သား လှေစီးကြသည်၊ ကမ်းမှ လှေထွက်ခါစပင် ရှိသေးသည်၊ လှေထဲ ရေဝင်နေသည်ကို တွေ့ရသည်နှင့် ဗော်လ်တိုင်းယားသည် ကမန်းကတန်း ကမ်းပေါ် ပြန်တက်သည်၊ ဖရက်ဒရစ်ဘုရင်က သရော်ပြုံးပြုံးရင်း ပြောသည်။

"ခင်ဗျား သေမှာ အင်မတန် ကြောက်တာပါကလား၊ ကျွန်တော့်ကိုကြည့် လုံးဝ မကြောက်ဘူး"

"ဒါ မထူးဆန်းပါဘူး၊ ကမ္ဘာပေါ်မှာ ဘုရင်တွေ အများကြီး၊ ဗော်လ်တိုင်းယားက တစ်ယောက်ပဲ ရှိတာဗျ"


www.burmeseclassic.com

www.burmeseclassic.com

### ၁၄။ အယားပြေနည်း

ဝက်ဝံအနားသို့ ယုန်ကပ်လာပြီး မေးသည်။

"ညာဘက်နား ယားရင် ဘာဖြစ်မလဲဟင်"

"ဘာမှမဖြစ်ဘူး"

"လက်ဝဲဘက်နား ယားရင်ကောဟင်"

"ဘာမှမဖြစ်ဘူး"

"ညာခြေထောက် ယားရင်ကော"

"ဘာမှမဖြစ်ဘူး"

"နှာခေါင်း ယားတယ်ဆိုရင်ကော"

"ဟော့ကောင်၊ ငါပြောတာ နားထောင်၊ ရေသွားချိုးလိုက်"

### ၁၅။ အိပ်ဆေး

"ဒေါက်တာ၊ ကျွန်တော် ညပိုင်းမှာ ကဗျာရေးရင် မနက်အထိ အိပ်မပျော်ဘူး"

"ကိုယ်ရေးတဲ့ကဗျာကို ကိုယ့်ဟာကိုယ် ဖတ်ကြည့်လိုက်ပါ"





### ၁၆။ ဆိုချင်သေးရင်ပြော



နှစ်နှစ်သား မြေးငယ်ကို အဘွားဖြစ်သူက သားချော့ သီချင်းဆိုကာ သိပ်နေသည်၊ မြေးကလေး မအိပ်နိုင်သဖြင့် အဘွားသည် သီချင်းကို တောက်လျှောက် ဆက်ဆိုနေ ရသည်၊ နောက်ဆုံးတွင် ပုခက်ထဲမှ ကလေးက အဘွားကို ပြောသည်။

"အဘွား၊ အိပ်ရတော့မလားဟင်၊ ဒါမှမဟုတ် အဘွား သီချင်း ဆက်ဆိုချင်သေးသလား"

### ၁၇။ မစပ်စုပါနဲ့

ရထားဘူတာ၏ လက်မှတ်အရောင်းဌာနသို့ လူတစ်ယောက် အူယားဖားယား ပြေးလာပြီး လက်မှတ်ရောင်းသူကို ပြောသည်။

"လက်မှတ်တစ်စောင် ပေးပါ"

"ဘယ်သွားမှာလဲ"

"ဘယ်သွားသွားပေါ့၊ လက်မှတ်သာ မြန်မြန်ပေးပေးပါ၊ ဟိုမှာ ရထားထွက်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



## ၈၈။ အထင်မမှားပါနဲ့

စိတ်ရောဂါကုဆေးရုံပေါ်တွင် စိတ်မနှံ့သူတစ်ဦးသည် ဓားနှစ်ချောင်းကို ကိုင်လျက် သူနာပြုဆရာမနောက်သို့ ပြေးလိုက်လာသည်၊ ဤသည်ကို မြင်သော ဆရာမက ကြောက်လန့်တကြားပြေးသည်၊ စိတ်မနှံ့သူကလည်း ထက်ကြပ်မကွာ နောက်ကလိုက်သည်၊ တစ်နေရာတွင် ပြေးစရာလမ်း မရှိတော့ဘဲ သူနာပြုဆရာမသည် ချောင်ပိတ်မိနေတော့သည်၊ ရောဂါသည်သည် ၎င်းအနားသို့ တဖြည်းဖြည်း နီးကပ်လာသည်၊ ဆရာမသည် ဒူးထောက်ထိုင်လိုက်ကာ ဘုရားသခင်ကို တိုင်တည်သည်။

"အရှင်ဘုရား၊ အရူးရန်မှ တပည့်တော်မကို ကယ်တင်ပါ ဘုရား"

ဓားနှစ်လက်ကိုင် လူနာသည် ဆရာမရှေ့တွင် ရပ်လိုက်သည်၊ ဆရာမတစ်ကိုယ်လုံး ကြောက်စိတ်ကြောင့် တုန်လှုပ်နေသည်၊ စိတ်မနှံ့သူက လေအေးအေးနှင့် မေးသည်။

"ဆရာမ၊ ဘယ်ဓားနဲ့ ပေါင်မုန့်လှီးရမလဲဟင်"

## ၈၉။ နောက်မလုပ်နဲ့

၁၈–နှစ်အရွယ် အစ်မဖြစ်သူက ၄–နှစ်သားအရွယ် မောင်ငယ်ကို အမိန့်ပေးသည်။

"ကိုင်း၊ မမရဲ့ ဂါဝန်ကို ချွတ်လိုက်စမ်း၊ ဟုတ်ပြီ၊ အခု ဘရာစီယာကို ဖြုတ်လိုက်၊ အဲ မမရဲ့ အတွင်းခံဘောင်းဘီကို ချွတ်၊ ဟုတ်ပြီ၊ ကိုင်း နောက်ဆိုမှတ်ထား၊ မမရဲ့ အဝတ်အစားတွေကို ဘယ်တော့မှ ယူမဝတ်နဲ့၊ နားလည်လား"



## ၉၀။ ပုံမှားရိုက် လူမိုက်

ဆေးလိပ်နံ့များဖြင့် မွန်းကြပ်နေသော အရက်ဘားအတွင်းသို့ ထောင်ထောင်မောင်းမောင်း၊ ဗလကောင်းကောင်း စစ်သားတစ်ယောက် ဝင်လာသည်၊ ဘားအတွင်းရှိ လူအားလုံးကြားအောင် အော်ပြောလိုက်သည်။

"ဒီအခန်းထဲမှာ ဂျွန်စမစ်ဆိုတဲ့လူ ရှိသလား"

တစ်ခန်းလုံး အပ်ကျသံပင် မကြားရလောက်အောင် တိတ်ဆိတ်သွားသည်။

"ကျုပ်မေးနေတယ်၊ ဂျွန်စမစ်ဆိုတဲ့လူ ရှိသလား"

အရပ်ပုပု၊ ခပ်ပိန်ပိန် လူတစ်ယောက်က တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။

"ဆာဂျင်ဂျွန်စမစ်ဆိုတာ ကျွန်တော်ပဲ"

ဗလကြီးသည် ဂျွန်စမစ်ဆိုသူထံ ကပ်သွားကာ ၎င်းကိုဂုတ်မှ ကိုင်ဆွဲလိုက်ပြီး ဘားကောင်တာပေါ် တင်လိုက်သည်၊ ထို့နောက် မျက်ခွက်ကို လက်သီးနှင့် တအားပိတ်ထိုးလိုက်သည်၊







www.burmeseclassic.com

www.burmeseclassic.com



ဆာဂျင်ဆိုသူ နော က်ပြန်လန်ကျသွားသည်၊ ဤသည်ကို ကြည့်ပြီး ဗလကြီးသည် ဘာစကားမှ မပြောတော့ဘဲ အခန်းထဲမှ ထွက်သွားသည်။ ခဏကြာသော် လူပုကလေး ပြန်သတိရလာသည်၊ မေးစေ့ကို ပွတ်ရင်း ကျေနပ်သံဖြင့် ပြောသည်။

"ဒီငနဲကို ကျုပ် တစ်ပတ်ရိုက်လိုက်တာ မပိုင်ဘူးလား ဗျ ဟင်၊ တကယ်တော့ ကျုပ်ဟာ ဂျွန်စမစ်မဟုတ်ဘူးဗျ"

## ၉၁။ အရက်သမားဆိုတာ

ကိုဘမောင်သည် သူငယ်ချင်းများနှင့်အတူ အရက်သောက်နေသည်၊ သောက်နေရင်း မီးဖိုချောင်ရှိ မိန်းမကို လှမ်းမေးသည်။

"မိန်းမရေ၊ တို့အတွက် စားစရာ ဘယ်တော့ ချပေးမလဲကွ"

"ရှင်တို့ သောက်တာပြီးမှ"

သောက်ဖော်များကို ကိုဘမောင် ပြောသည်။

"တော်တော်နဲ့ လာဦးမှာ မဟုတ်တဲ့ သဘောပဲ၊ ဆက်ငုံ့ကြကွာ"

## ၉၂။ ဖတ်ချင်လို့ဟုတ်ဖူး

ပထမတန်းစား ဟိုတယ်တစ်ခုတွင် ကြော်ငြာဆိုင်းဘုတ်တစ်ခု ချိတ်ထားသည်၊ 'ရေကူးဝတ်စုံ မေ့ခဲ့ကြသူ အမျိုးသမီးများသည် ဟိုတယ်က ဖွင့်ထားသော ရေကူးကန်အသုံစ်တွင် ရေကူးလိုကြပါက သတင်းစာစက္ကူဖြင့် လုပ်ထားသော ဘီကီနီ ရေကူးဝတ်စုံကို ဟိုတယ် မန်နေဂျာထံတွင် ရယူနိုင်ကြပါသည်'ဟူ၍ ဖြစ်သည်။



ယင်း ဟိုတယ်သို့ လင်မယားစုံတွဲ တစ်တွဲ လာရောက် တည်းခိုသည်၊ နောက်နေ့ နံနက်စာ စားပြီးပြီးချင်း ယောက်ျားဖြစ်သူသည် တစ်နေရာသို့သွားရန် ပြင်သည်၊ မိန်းမက မေးသည်။

"ရှင် ဘယ်သွားမလို့လဲ"

"ရေကူးကန်သွားမလို့၊ ဒီနေ့ထုတ် သတင်းစာတွေမှာ ဘာတွေ ရေးထားသလဲဆိုတာ သိရအောင် သွားဖတ်မလို့"

## ၉၃။ ပိုကောင်းတဲ့နည်း

ဂုဏ်သရေရှိ မိဘနှစ်ပါး၏ တစ်ဦးတည်းသောသမီးသည် မြာသမား၊ 'သိုက်တူးသမား'ဟု နာမည်ကြီးသော လူငယ်နှင့် လက်ထပ်ရန် ဆုံးဖြတ်လိုက်သည်၊ ဤကိစ္စကို လုံးဝ သဘောမတူသော အဖေဖြစ်သူက ဇနီးသည်ကို ပြောသည်။





www.burmeseclassic.com

www.burmeseclassic.com



"ဟော့၊ မင်းသမီးကို သတိပေးထားစမ်း၊ ဒီကောင့်ကို သူယူမယ်ဆိုရင် ငါ ပိုက်ဆံ တစ်ပြားမှ မပေးဘူးလို့"

"စိတ်မပူပါနဲ့၊ ဒီထက်ကောင်းတဲ့နည်းကို ကျွန်မ သုံးလိုက်ပြီ၊ ဒီအကြောင်းကို သမီးရဲ့ ကောင်လေးကို ပြောလိုက်ပြီ"

## ၉၄။ သရုပ်ဆောင်တွေ သရုပ်ပါရမယ်

ကိုယ်လက်ကိုက်ခဲသလို၊ ဖျားသလိုဖြစ်သဖြင့် ရဲဘော် မောင်မြသည် ဆေးတပ်ဗိုလ်ကြီးထံ ရောက်လာသည်၊ ဆရာဝန်ဗိုလ်ကြီးက ရဲဘော်၏ ရင်ဘတ်ပေါ် နားကြပ်ဖြင့် ထောက်လိုက်ပြီး ချောင်းဆိုးပြရန် ပြောသည်။

"ကျွန်တော် အခု ချောင်းမှ မဆိုးဘဲခင်ဗျာ" ရဲဘော်က ပြန်ပြောသည်။

"ဟော့၊ အမိန့်ကို နာခံခြင်းဆိုတာ မင်း နားလည်တယ် မဟုတ်လား" ဆရာဝန်က အသံမာမာဖြင့် ပြောသည်။

"ကိုယ့်ထက် အဆင့်မြင့်သူရဲ့ အမိန့်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ခြင်း ဖြစ်ပါတယ်"

ရဲဘော်က ပြန်ဖြေသည်၊ ထို့နောက် အဟွတ်၊ အဟွတ်ဟု ချောင်းဆိုးပြသည်။ ဆရာဝန်ဗိုလ်ကြီးက တပ်သားကို ကြည့်လိုက်ပြီး မေးသည်။

"အခုလို ချောင်းဆိုးတာ ကြာပြီလား"





## ၉၅။ ချစ်သောဖေဖေ



အငယ်ဆုံး သမီးကို လက်ထပ်ခွင့် ပြုပါရန် တောင်းပန်လာသည့်လူငယ်ကို သမီး၏ အဖေဖြစ်သူက ပြောသည်။

"မောင်ရင်က အန်ကယ်ရဲ့သမီး အငယ်ဆုံး ဂျင်နီကို လက်ထပ်ပါရစေလို့ ခွင့်တောင်းတယ်နော်၊ အခု ဒီကိစ္စနဲ့ ပတ်သက်ပြီး မောင်ရင်နဲ့ နည်းနည်း ဆွေးနွေးချင်တယ်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ လက်ထပ်မဲ့ကိစ္စကို အန်ကယ် မကန့်ကွက်ဘူးလို့ မျှော်လင့်ချင်ပါတယ်ခင်ဗျား"

"ပထမဆုံးအရေးကြီးတဲ့ မေးခွန်းအချို့ကို မေးချင်တယ်"

"ဟုတ်ကဲ့ မေးပါ၊ ကျွန်တော်ရဲ့ ငွေရေးကြေးရေး အခြေအနေ ဘယ်လောက် ခိုင်မာမှု ရှိသလဲဆိုတာကို သိချင်တယ်ဆိုရင်တော့ ဟောဒီမှာ ဘဏ်တချို့မှာ အပ်ထားတဲ့ ကျွန်တော့်ရဲ့ ငွေစာရင်းပါ ကြည့်ပါခင်ဗျာ"

"နိုး နိုး၊ အန်ကယ် ဒါတွေကို မကြည့်ပါဘူး၊ မောင်ရင်ဟာ ကလပ်တွေ တော်တော်များများကို တက်တယ်လို့ အန်ကယ် သိထားတယ်၊ ဟုတ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တက်တဲ့ ကလပ်တွေအားလုံးဟာ ဣန္ဒြေရတဲ့ ကလပ်တွေချည်းပါပဲ၊ ကျွန်တော် မူးရူးသောက်စားခြင်း၊ ရမ်းကားခြင်း အလျှင်းမရှိပါဘူး”

“အန်ကယ်ပြောချင်တာ ဒီအကြောင်း မဟုတ်ပါဘူး၊ အန်ကယ်သိချင်တာက အဲဒီကလပ်တွေကို တက်လာတဲ့ မောင်ရင့်အသိတွေအထဲမှာ စဉ်းစား ဆင်ခြင်ဉာဏ်ထက် ပိုက်ဆံပိုများတဲ့ လတ်လျားလတ်လျား သူဌေးသားတွေ ပါတယ် မဟုတ်လား”

“ဂျင်နီကို လက်ထပ်ခွင့်ပေးမယ်ဆိုရင် အဲဒီလူတွေနဲ့ ကျွန်တော် အသိအကျွမ်း မလုပ်တော့ပါဘူးလို့ အန်ကယ်ကို ကျွန်တော် ကတိပေးပါတယ်”

“နိုး နိုး၊ အဆက်အသွယ်ဖြတ်လိုက်ဖို့ အန်ကယ် ပြောတာ မဟုတ်ပါဘူး၊ အိမ်က သမီးကြီးနှစ်ယောက်နဲ့ မိတ်ဆက်ပေးရအောင် သူတို့ကို အိမ်ခေါ်လာခဲ့ဖို့ အန်ကယ်က မင်းကို ပြောနေတာပါ”

## ၉၆။ သူခိုးကြောက်တယ်မောင်

မိမိ၏ဇနီးသည် သူခိုးကြောက်ပုံအကြောင်းကို ကိုဘမောင်က မိတ်ဆွေများအား ပြောပြနေသည်။

“သူ သူခိုးကြောက်တတ်တာ လွန်ကို လွန်လွန်းလှတယ်ဗျာ၊ အရင်တုန်းကဆိုရင် အခန်းထဲမှာ ဘာသံလေးပဲကြားလိုက်ကြားလိုက်





သူခိုးဝင်တယ်ထင်ပြီး ကျုပ်ကို လှုပ်နှိုးလေ့ ရှိတယ်၊ ကျုပ် ခဏခဏ အိပ်ရေးပျက်ရတယ်၊ တကယ့်သူခိုးဆိုတာ ဘယ်တော့မှ အသံကြားအောင် မလာဘူးလို့ သူ သဘောပေါက် နားလည်အောင် အချိန်အတော်ကြာ ရှင်းပြရတယ်”



“အဲဒီတော့ အခု ခင်ဗျား ကောင်းကောင်း အိပ်ရပြီပေါ့ ဟုတ်လား”

“ဘယ်ဟုတ်လိမ့်မတုံး၊ အိမ်ခန်းထဲ လုံးဝ တိတ်ဆိတ်နေပြီဆိုတာနဲ့ သူ ကျုပ်ကို နှိုးတော့တာပဲ”

## ၉၇။ နောက်မလုပ်တော့ပါဘူး

အမျိုးသမီးကြီးတစ်ဦးသည် စိတ်ရောဂါအထူးကုဆေးရုံသို့ လေ့လာရန် ရောက်ရှိလာသည်၊ အသက် ၅၀–ကျော် အရွယ်ရှိ အမျိုးသားတစ်ယောက်ကို သူမ သတိထားမိသည်၊ သို့ဖြင့် ၎င်းအနား ကပ်လာကာ မေးသည်။

“ရှင် ဒီကို ရောက်နေတာ ကြာပြီလားရှင်”

“၁၂–နှစ် ရှိပါပြီ”

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကောင်းကောင်းမွန်မွန် ဆက်ဆံကြရဲ့လား ဟင်"

"ဟုတ်ကဲ့"

အမျိုးသားကြီးနှင့် စကားအနည်းငယ် ဆက်ပြောပြီးနောက် သူမသည် အိမ်ပြန်ရန် ပြင်သည်၊ ကားရှိရာသို့အသွား လမ်းတွင် သူမနှင့် အဖော်လိုက်လာသူ၏ မျက်နှာပေါ်တွင် အပြုံးရိပ်ကို မြင်ရသည်နှင့် အကြောင်းရင်းကို မေးရာ စောစောက စိတ္တဇလူနာဟု သူမထင်ခဲ့သူသည် စင်စစ် ဆေးရုံဆရာဝန်ဖြစ်ကြောင်း အဖော်လိုက်လာသူက ပြောပြသည်၊ ဤစကားကို ကြားရသည်နှင့် အမျိုးသမီးသည် တောင်းပန်စကားပြောရန် နောက်ပြန်လှည့်သည်၊ ဆရာဝန်ကို စောစောက နေရာတွင်ပင် တွေ့ရသည်။

"ဒေါက်တာ၊ ကျွန်မကို ခွင့်လွှတ်ပါနော်၊ နောက်ဆိုရင် အပြင်ပန်းအမြင်နဲ့ လူတစ်ယောက်ကို ဘယ်တော့မှ ကျွန်မ အကဲမဖြတ်တော့ပါဘူးရှင်"

## ၉၈။ နားမလည်နိုင်ဘူး

"လက်မထပ်ခင်တုန်းကတော့ ကျွန်မအတွက် အသက်ပါ ပေးဖို့ အသင့်ဆို၊ အခု ရှင့်အသက်ကို အာမခံထားဖို့တောင် ရှင် ဝန်လေးနေပါလား၊ ဘာသဘောလဲ"

## ၉၉။ သဘာဝနဲ့ ဆန့်ကျင်လို့



တရားသူကြီးက ရဲသားကို မေးသည်။

"ဒီဝရမ်းပြေးကို ကျုပ်တို့ ရှာနေတာ ၂-နှစ်ရှိပြီ၊ ခင်ဗျား ဘယ်လို လုပ်ပြီး သူ့ကို ဖမ်းလိုက်နိုင်သလဲဗျ"

"ကျွန်တော်လည်း သူ့ကို တမင်ရှာနေခဲ့တာ မဟုတ်ပါဘူး၊ တစ်နေ့ အမျိုးသမီးတစ်ယောက်ဟာ နောက်ဆုံးပေါ် ပုံဆန်းအထည်တွေရောင်းတဲ့ဆိုင် သုံးဆိုင်ကို ဖြတ်သွားတာတောင် တစ်ချက်မှ မော့မကြည့်ဘူး ဆိုတာကို ကျွန်တော် သတိထားမိတယ်၊ ဒါနဲ့ လူကြီးမင်းတို့ ရှာနေတဲ့ ဝရမ်းပြေး အမျိုးသမီးယောင်ဆောင်ထားတာပဲ ဖြစ်ရမယ်ဆိုပြီး ဖမ်းလိုက်တာပါပဲ"

## ၁၀၀။ တခြားစကျူရှာပါ

ဆောက်လုပ်ရေးလုပ်သားတစ်ယောက် ဆရာဝန်ထံ ရောက်လာပြီး ပြောသည်။

"ဒေါက်တာ၊ ကျွန်တော် ဝမ်းချုပ်နေတာ ၅-ရက်ရှိနေပြီ"





www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်က ၎င်းကို စမ်းသပ်ကြည့်ရှုသည်၊ ထို့နောက် အမိန့်ပေးသည်။

"ခုံပေါ် မှောက်အိပ်လိုက်ပါ"

လူနာ မှောက်အိပ်လိုက်သည်၊ ဆရာဝန်သည် ဘာမပြော ညာမပြောနှင့် လူနာ၏ တင်ပါးဆုံကို သစ်သားပြားနှင့် တအား ရိုက်လိုက်သည်။

"ကိုင်း၊ အခု အိမ်သာကို သွား"

ခဏကြာသော် ရွှင်လန်းသော မျက်နှာနှင့် အလုပ်သမား အိမ်သာခန်းထဲမှ ထွက်လာသည်။

"ကျေးဇူးပဲ ဒေါက်တာ၊ အခုမှပဲ ပေါ့သွားတော့တယ်၊ အခု ကျွန်တော် ဘာဆက်လုပ်ရမလဲ"

"နောင် ဝမ်းသွားတဲ့အခါ ဘီလပ်မြေထည့်တဲ့စက္ကူ အိတ်ကို မသုံးနဲ့"

## ၁၀၁။ အကြောင်း

"ကျွန်မယောကျ်ား အိမ်ပြင် ခဏခဏ မထွက်အောင် ဘာလုပ်ရမလဲ ဟင်"

"သူနဲ့အတူ လိုက်ထွက်"





## ၁၀၂။ နိုင်မှာပဲ

မိုးပေါ်က နတ်သားများနှင့် ဘောလုံးကစားရန် ချူချာတို့ ဆုံးဖြတ်လိုက်ကြသည်၊ နတ်သားများက ပြောသည်။



"တစ်ခုတော့ ကြိုပြောထားမယ်၊ ကျုပ်တို့ ဘောလုံးသမားတွေ အားလုံးဟာ ထိပ်တန်းစာရင်းဝင်တွေချည်းပဲနော်"

ချူချာတို့က ပြန်ဖြေသည်။

"ကိစ္စမရှိပါဘူး၊ ဒိုင်တွေအားလုံးက ကျွန်တော်တို့လူတွေ"

## ၁၀၃။ အပြောင်းအလဲ

"ယောကျ်ားသေပြီး နောက်တစ်ရက်အတွင်းမှာ တစ်ခေါင်းလုံး ဆံပင်ဖြူသွားတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့ဖူးတယ်"

"ဒါ ဘာဟုတ်သေးလဲ၊ ကျွန်တော် တွေ့ဖူးတဲ့ အမျိုးသမီးတစ်ယောက်ဆို ယောကျ်ားသေပြီး နောက်တစ်နေ့မှာတင် တစ်ခေါင်းလုံး ဖြူနေရာက ရွှေရောင်ဆံပင်နဲ့ ချစ်စရာလေး ဖြစ်သွားတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

## ၁၀၄။ Nwe Russian

ခေတ်ပေါ်ရုရှားသူဌေးတစ်ယောက် မော်တော်ကား အရောင်းဆိုင်သို့ ရောက်လာပြီး ဆိုင်မန်နေဂျာကို ပြောသည်။

“ကျွန်တော့်ကို Mercedes 600 ပြစမ်းပါ”

မန်နေဂျာက အရောင်းခန်းထဲ ပြထားသော မာစီဒီး ခြောက်စီးကို လိုက်ပြသည်။

“ဟို ငွေရောင်အစီးကို ကျွန်တော် ယူမယ်”

“မနေ့ကပဲ ခင်ဗျား အဲဒီ အစီးမျိုးတစ်စီး ဝယ်သွားပြီးပြီ မဟုတ်လား”

“ဟုတ်တယ်၊ ဒါပေမယ့် အဲဒီကားမှာ ဆေးလိပ်ပြာခွက် ပြည့်သွားပြီဗျ”

## ၁၀၅။ ဒီတစ်ခါ ကြားမှဖြစ်မယ်

မော်စကိုဆောင်းသည် အနုတ်ဒီဂရီ ၃၀–အထိ ကျဆင်းသွား၍ မော်စကိုမြစ်တစ်ခုလုံး ရေခဲနေသည်၊ ဤသည့်ကြားမှ ငါးမျှားဝါသနာအိုးများသည် ရေခဲကို လွန်ဖြင့် ဖောက်ထွင်းကာ ငါးမျှားကြသည်၊ အီဗန်သည် ခွေးခြေကုလားထိုင်တွင် ထိုင်ကာ ဆောင်းဦးထုပ်မပါဘဲ မိမိထွင်းထားသော တွင်းအောက်သို့ အာရုံစိုက်ကြည့်သည်၊ ဖြတ်သွားသူတစ်ယောက်က မေးသည်။

“ဟေ့လူ၊ ခင်ဗျား ဘာဖြစ်လို့ ဦးထုပ်မဆောင်းတာလဲ၊ အေးက အေးပါဘိသနဲ့”

“မနေ့က မျှားဖော်မျှားဖက် တစ်ယောက်က အချမ်းပြေရအောင် အားလုံးကို ဗော့ဒ်ကာ တစ်ပက်စီ တိုက်မယ်လို့ ပြောတာ ကျွန်တော် မကြားလိုက်ဘူး”



## ၁၀၆။ သတိရတယ်

“ကိုမြ၊ ခင်ဗျားကို တွေ့တာနဲ့ ကိုဘမောင်ကို သတိရမိတယ်”

“ဘာဆိုင်လို့တုံး၊ သူနဲ့ကျွန်တော် ရုပ်ချင်း လုံးဝ မတူတဲ့ဥစ္စာ”

“သူလဲ ခင်ဗျားလိုပဲ ကျွန်တော့်ကို အကြွေးတစ်ထောင် ပေးစရာ ရှိတယ်လေ”

## ၁၀၇။ ဘယ်တုန်းက ပြည့်တာလဲ

မိန်းမ – “မနက်ဖြန် ကျွန်မ အသက်သုံးဆယ်ပြည့်မွေးနေ့ ကျင်းပမယ်”

ယောက်ျား – “အင်း၊ ကျင်းပသင့်နေတာ ကြာပြီ”







www.burmeseclassic.com

www.burmeseclassic.com



## ၁၀၈။ လေ့ကျင့်ခန်း

"မနက်တိုင်း ကျွန်းမာရေး လေ့ကျင့်ခန်း မင်း လုပ်သလား"

"ဟင့်အင်း၊ မနက်အိပ်ရာကထရင် အစာပဲ စားချင်တယ်၊ အဲ အစာစားပြီးရင် လှုပ်လှုပ်ရှားရှား မလုပ်ကောင်းဘူးလို့ ပြောကြတယ်"

## ၁၀၉။ ရောဂါဆန်း

"ဒေါက်တာ၊ ကျွန်တော့်ဆီမှာ အင်မတန် စိုးရိမ်ရတဲ့ ရောဂါ စွဲကပ်နေတယ်ခင်ဗျာ၊ အဲဒါက ဘာလဲဆိုတော့ ကိုယ့်ကိုယ်ကို အထင်ကြီးစိတ်ပဲ၊ အဲဒီ အထင်ကြီးစိတ်ဟာ ပေးကမ်းချင်တဲ့စိတ်ဆီ အလွယ်တကူ ကူးပြောင်းသွားတတ်ပြီး လောဘနဲ့ အဆုံးသတ်လေ့ ရှိပါတယ်"

"စိတ်ဝင်စားစရာပဲ၊ ရှင်းအောင် ဥပမာပေးစမ်းပါဦး"

"ဆိုကြပါစို့၊ အခု ဒေါက်တာ့ဆီ ကျွန်တော်အလာမှာ ဆေးကုသခ တစ်သန်းပေးမယ်လို့ စိတ်ကူးလာခဲ့တယ်၊ လမ်းမှာ ဦးထုပ်ဆောင်းထားတဲ့ သူတောင်းစားတစ်ယောက်ကို တွေ့ရတယ်၊ ချက်ချင်းဆိုသလို ဆရာ့ကို ပေးမယ့် တစ်သန်းကို သူ့ကို ပေးချင်စိတ် ပေါ်သွားတယ်၊ ဒါပေမယ့် 'ဒီလောက် ပိုက်ဆံအများကြီး သူ ဘာလုပ်မှာလဲလေ'လို့ အတွေးပေါက်ပြီး သူ့ဦးထုပ်ကို ချွတ်ယူလိုက်မိတယ်"

BURMESE CLASSIC .com

## ၁၁၀။ မဖွင့်ဘူးဗျာ



"တံခါးဖွင့်ပါ"

"အိမ်မှာ ဘယ်သူမှ မရှိဘူး"

"အခု ဘယ်သူပြောတာလဲ"

"ဘယ်သူမှ မပြောဘူး၊ ခင်ဗျား နားကြားလွဲလို့"

## ၁၁၁။ မခံနိုင်တော့ဘူး

ညဉ့်နက်အချိန်တွင် တယ်လီဖုန်းသံ မြည်လာသည်။

"ခင်ဗျားရဲ့ ကက်ဆက်ကို အခုချက်ချင်း မပိတ်ပစ်ရင် ကျုပ် ရဲကို တိုင်ရလိမ့်မယ်"

"သီချင်းသံမြည်နေတာကို မကြိုက်ဘူးလား၊ မကြိုက်ရင် တခြားလမ်းကို ပြောင်းနေပေါ့"

"ကျုပ် ဘယ်က ဆက်နေတယ် ထင်လို့လဲ၊ တစ်လမ်းကျော်ကဗျ"





www.burmeseclassic.com

www.burmeseclassic.com



## ၁၁၂။ အမြန်ရိုက်ဓာတ်ပုံ

"ရော့၊ ခင်ဗျားဇနီးရဲ့ဓာတ်ပုံ"

"အမြန်ရိုက်ထားတယ်ထင်တယ်"

"ဘာဖြစ်လို့ ခင်ဗျား ဒီလိုထင်ရတာလဲ"

"သူ့ပါးစပ်ပိတ်ထားလို့"

## ၁၁၃။ ဟာသအကျိုး

"မင်းပြောပြတဲ့ ဟာသကို ငါ့မိန်းမကို ငါ ပြောပြလိုက်တာ အခု ငါ့ကို စကားမပြောတာ တစ်ပတ်ရှိပြီ"

"ဟာ ဒါ ဟန်ကျတာပေါ့၊ အခု မင်းယောက္ခမကို ပြောပြလိုက်"

## ၁၁၄။ သုံးယောက်နဲ့တစ်ယောက်

မြို့ပေါ်မှ ဆရာဝန်ကြီးသုံးယောက်၏ ကုသမှုကို ခံယူပြီး ကွယ်လွန်သွားသော ယောက်ျား၏ဇနီး (မုဆိုးမ)က ပြောသည်။

"သုံးယောက်နဲ့တစ်ယောက်ဆိုတော့ သူ ဘယ်ခံနိုင်မလဲလေ"





## ၁၁၅။ ဘယ်သူမှမရှိဘူး



"စက်ရုံကပစ္စည်းတွေကို ခိုးမှုနဲ့ ကျွန်တော်တို့ရဲ့ စက်ရုံလုပ်သား ၅၀-တရား စွဲခံရတယ်ဗျ"

"ကျုပ်တို့ စက်ရုံမှာတော့ ဒါမျိုး လုံးဝ မဖြစ်နိုင်ဘူး"

"ဘာလဲ၊ ခင်ဗျားတို့ စက်ရုံမှာ အားလုံး လူရိုးတွေချည်းပဲလား"

"ဒါကြောင့်မဟုတ်ပါဘူး၊ ကျုပ်တို့စက်ရုံမှာ ဝန်ထမ်းအင်အား စုစုပေါင်း ၄၀-ပဲ ရှိတယ်လေဗျာ"

## ၁၁၆။ ဘယ်လိုမှ မလွတ်ပါလား

ငွေစာရင်းအရာရှိက စာရေးကို မကျေမနပ်ပြောသည်။

"ဟေ့၊ ဒီငွေစာရင်းရှင်းတမ်းမှာ မင်းလက်ရေးနဲ့ ရေးထားတဲ့ ၈-ဂဏန်းဟာ ၆-ဂဏန်းနဲ့ တူနေပါလား"

"၈-မဟုတ်ပါဘူး၊ ၆-ကို ရေးထားတာပါ"

"အဲဒါဆို ဘာဖြစ်လို့ ၈-နဲ့ တူနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

## ၁၁၇။ ရေချိန်ကိုက်ပြီ

သူငယ်ချင်းနှစ်ယောက် အရက်သောက်နေကြသည်။

"နောက်တစ်ခွက် ထပ်ချလိုက်ကြရအောင်၊ မင်းနဲ့ငါ နောက် တွေ့ချင်မှ တွေ့ကြတော့မှာကွ၊ မနက်ဖြန် မင်း နိုင်ငံခြားကို ထွက်မှာမဟုတ်လား"

"အင်း၊ အခုတောင် မင်းကို ငါ ဝါးတားတားပဲ မြင်ရတော့တယ်"

## ၁၁၈။ ကျေးဇူး

"ပေးတဲ့လက်ဆောင်အတွက် အန်တီ့ကို ကျေးဇူး တင်ပါတယ်"

"ဒါလေးနဲ့များ ကျေးဇူးတင်စရာမလိုပါဘူး ငါ့တူရယ်"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် မေမေက ပြောခိုင်းလို့ပါ"

## ၁၁၉။ အထူးအဆန်းထင်လို့

လူတစ်ယောက် လမ်းလျှောက်လာသည်၊ ထို့နောက် ရုတ်တရက် ရပ်လိုက်သည်၊ ခေါင်းကို အတတ်နိုင်ဆုံး မော့လိုက်ပြီး ကောင်းကင်ကို ကြည့်သည်၊ ဖြတ်သွားသူတစ်ယောက် ၎င်းအနား ကပ်လာပြီး ၎င်းကဲ့သို့ပင် ကောင်းကင်သို့ မော့ကြည့်သည်၊ ထို့နောက် ၂-ယောက်၊





၃-ယောက်၊ ၄-ယောက်၊ ၁၀-ယောက်နှင့် တဖြည်းဖြည်း များလာပြီး ကောင်းကင်သို့ အားလုံး မော့ကြည့်ကြသည်၊ ဘာမှ အထွေအထူး မတွေ့ကြချေ၊ သို့ဖြင့် တစ်ယောက်က ၎င်းအနားက လူကို မေးသည်။



"ခင်ဗျား ဘာကို ကြည့်တာလဲဟင်"

"သူများမော့ကြည့်နေတာ တွေ့လို့ မော့ကြည့်နေမိတာပဲ၊ ခင်ဗျားလိုပဲ ကျွန်တော်လဲ ဘာမှ မမြင်ပါဘူး"

ထို့နောက် လူအုပ်ထဲမှ အခြားနှစ်ယောက်ကလည်း အနားက လူတွေကို မေးသည်။

"ကောင်းကင်ထဲမှာ ဘာကိုတွေ့ဖို့ ကြိုးစားနေတာလဲဟင်"

ဤသို့ အဆင့်ဆင့် မေးကြရင်း ပထမဆုံး မော့ကြည့်သူ အမေးခံရသည်။

"ကျွန်တော့်ကို မေးနေတာလား၊ ဟုတ်ကဲ့၊ ကျွန်တော် ဘာကိုမှ ကြည့်နေတာ မဟုတ်ပါဘူး၊ ကျွန်တော့်ဘစ်ခါတလေ နှာခေါင်းသွေးလျှံတတ်တယ်၊ အဲဒါ အခုလဲ လမ်းလျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ရင်း နှာခေါင်းသွေးလျှံတာနဲ့ တိတ်သွားရအောင်ဆိုပြီး ခေါင်းကို မော့ထားတာပါ"

## ၁၂၀။ ပေါ်တော့ လုံဟာပေါ့

စာဖတ်သူတစ်ဦးက အယ်ဒီတာချုပ်ကို မကျေမနပ်ပြောသည်။

"အခုခေတ် သီတင်းစာတွေ၊ ဂျာနယ်မဂ္ဂဇင်းတွေဟာ ဝတ်လစ်စလစ်နဲ့ မပေါ်တပေါ် အမျိုးသမီးပုံတွေနဲ့ ပြည့်နေတာပဲ၊ ကျုပ်တို့ခေတ်ကများ ဒါမျိုးမြင်ချင်လို့တောင် မမြင်ရဘူး"

"မငြင်းပါဘူး၊ ဒါပေမယ့် လူကြီးမင်းတို့ခေတ်က အဝတ်အစားဈေးနှုန်းဟာ အခုခေတ်ထက် အများကြီး ပေါပါတယ်"

## ၁၂၁။ မေးထိုက်တယ်

"ဖေဖေ ဒီမှာ ဘာရေးထားတာလဲ ဟင်"

"ဩော် 'ခိုများကို အစာကျွေးသည့်နေရာ' တဲ့"

"ဘာလဲ၊ ခိုတွေ စာဖတ်တတ်သလားဟင်"





## ၁၂၂။ ကလေးတွေအိပ်ပါစေ



အရက် အလွန်အကျွံမူးပြီး အိမ်ခန်းထဲသို့ ယိုင်တီးယိုင်တိုင်ဖြင့် ဝင်လာသော ယောကျ်ားကို မယားဖြစ်သူက စိတ်ဆိုး မာန်ဆိုးဖြင့် အကြော်အယ်အိုးဖြင့် ခေါင်းကို ထုသည်။

"ဟော့ ဖြေးဖြေး ထုပါကွ၊ ကလေးတွေ နိုးသွားဦးမယ်"

## ၁၂၃။ ဘာမှမရှိဘူး

ဆိုင်တစ်ဆိုင်တွင် ဝယ်သူက ရောင်းသူကို မေးသည်။

"ခင်ဗျားတို့ဆီမှာ ပေါက်ပြားရှိသလား"

"မရှိဘူး"

"ရေပုံးကော"

"ရေပုံးလည်း မရှိဘူး"

"အိမ်ရိုက်သံရော"

"ဒါလည်း မရှိဘူး"

"ဒါဖြင့် ခင်ဗျား ဘာဖြစ်လို့ ဆိုင်ထဲ ထိုင်နေတာလဲ"

"ဆိုင်ကိုပိတ်ဖို့ သော့ခလောက်လည်း မရှိလို့"



www.burmeseclassic.com

www.burmeseclassic.com

## ၁၂၄။ ခေါင်းနှစ်လုံး

လူတွေ့စစ်မေးပွဲတွင် ကျောင်းသားကို ပါမောက္ခက မေးခွန်းမေးသည်၊ မေးခွန်းမှာ လွယ်ကူသောမေးခွန်း မဟုတ်သဖြင့် ကျောင်းသား မဖြေနိုင်ဘဲ အကျပ်ရိုက်နေသည်၊ နောက်ဆုံးတွင် ကျောင်းသားက ဆရာကို ပြောသည်။

"ဆရာကြီးခင်ဗျား၊ ဒီမေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့နှစ်ယောက်ပေါင်းပြီး စဉ်းစားကြရအောင်ပါ၊ ခေါင်းတစ်လုံးနဲ့ စဉ်းစားတာထက် နှစ်လုံးနဲ့ စဉ်းစားရင် အဖြေရဖို့ ပိုလွယ်တယ်လို့ အဆိုရှိတယ်မဟုတ်လား ခင်ဗျာ"

## ၁၂၅။ ထောက်ထားမှပေါ့

မိမိ၏နောက်မှလိုက်လာသော ကျွဲရိုင်း၏ရန်မှ လွတ်အောင် ဦးသက်ရှည်သည် ခြေကုန်သုတ်၍ ပြေးသည်၊ နောက်ဆုံး ၎င်းအား ကျွဲရိုင်းက မီလုမီခင်တွင် ဦးသက်ရှည်သည် ခြံတစ်ခုထဲ ပြေးဝင်ကာ တံခါးကို ပိတ်လိုက်နိုင်သည်၊ အသက်ကို ကြိုးစားရှုရင်း နှုတ်မှလည်း ရေရွတ်သည်။

"နှစ် ၄၀–လုံးလုံး သက်သတ်လွတ်စားတဲ့လူ ဖြစ်တယ်ဆိုတာကိုတောင် ဒီကောင် မထောက်ထားဘူး၊ တောက်"





## ၁၂၆။ အကြောင်းရင်းသုံးခု



ဆရာဖြစ် သင်တန်းကျောင်းသို့ တက်ရောက်ရန် လျှောက်လွှာလာတင်သော လူငယ်ကို ပညာရေးမှူးက မေးသည်။

"ဘာဖြစ်လို့ ကျောင်းဆရာအလုပ်ကို မောင်ရင် ရွေးရတာလဲ၊ အဓိက အကြောင်းသုံးခုကို ပြောပြစမ်းပါ"

"ဇွန်၊ ဇူလိုင်၊ ဩဂုတ်"

(ရုရှားတွင် ထိုသုံးလသည် ကျောင်းပိတ်ရက်ဖြစ်သည်)

## ၁၂၇။ ကျေနပ်မှု

"စာဖတ်တဲ့အခါမှာ ဘာဖြစ်လို့ ခင်ဗျား မျက်စိကို ပိတ်ထားရတာလဲ"

"ကျေနပ်မှုရလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

## ၁၂၈။ ဝယ်ဘဲမနေနဲ့

"ပန်းဝယ်ပါခင်ဗျာ၊ ကိုယ့်ရဲ့ချစ်ဇနီးအတွက် ဒီပန်းခြင်းဟာ အင်မတန် သင့်တော်ပါတယ်"

"ကျွန်တော့်မှာ မိန်းမ မရှိဘူး"

"ဒါဆို ချစ်သူရည်းစားအတွက် ဝယ်ပါ"

"ကျုပ်မှာ ရည်းစားလည်း မရှိဘူး"

"ဒါဆို ဒီလို အပူအပင်ကင်းမဲ့တဲ့ ဘဝကို ဂုဏ်ပြုတဲ့အနေနဲ့ ဝယ်ပါ"

## ၁၂၉။ ထောက်ခံတယ်

ပြဇာတ်ရုံထဲတွင် ဖြစ်သည်၊ ပြဇာတ်ကို ပရိသတ်များ မကြိုက်သဖြင့် လေချွန်ပြီး ဆန္ဒပြသည်၊ တစ်ရုံလုံး လေချွန်သံများဖြင့် ဆူညံနေသည်၊ တစ်ဦးသာ လက်ခုပ်တီး ဩဘာပေးသည်၊ အနားတွင် ထိုင်နေသူတို့က အံ့ဩစွာဖြင့် ၎င်းကို မေးသည်။

"ခင်ဗျား ဘာဖြစ်လို့ လက်ခုပ်တီးတာလဲ"

"လေချွန်သူတွေကို ထောက်ခံတဲ့အနေနဲ့ပါ"

## ၁၃၀။ အကြောင်းရင်း

ကျောင်းအုပ်ဆရာကြီးက တပည့်ဖြစ်သူကို ပြောသည်။





"မောင်နီ ဒီနေ့လည်း ဆံပင် စုတ်ဖွားနဲ့ မင်း ကျောင်းကို လာပြန်ပြီလား၊ မင်းကို ဆရာ ဘယ်နှစ်ခါ ပြောရမလဲ၊ မင်းတို့အရွယ် တုန်းကများဆိုရင် ငါဟာ မနက်တိုင်း ခေါင်းကို သေသေချာချာ ဖြီးပြီးမှ အပြင်ထွက်တတ်တဲ့အကျင့် ရခဲ့တယ်"



"ဒါကြောင့်လဲ ဆရာကြီးရဲ့ခေါင်းမှာ ဆံပင်တစ်ချောင်းမှ မကျန်တာပေါ့"

## ၁၃၁။ အမိုက်မဲဆုံးလူ

တစ်ခါသော် တွေးခေါ်ရှင်တစ်ဦးကို ဤသို့ မေးသည်။

"အမိုက်မဲဆုံးလူဆိုတာ ဘယ်လိုလူကို ခေါ်သလဲဟင်"

"နှစ်ခါပြန် အလိမ်ခံရတဲ့လူ"



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၂။ ပျော်ရွှင်မှု

"မိန်းမတစ်ယောက်ကို အမြင့်ဆုံး ပျော်ရွှင်ချမ်းမြေ့မှု ပေးနိုင်တဲ့အရာ ဘာဖြစ်မယ် ထင်သလဲ"

"သူ့ရဲ့အလှလား"

"မဟုတ်ဘူး၊ တခြားလူ့ရဲ့ ရုပ်ဆိုးမှု"

## ၁၃၃။ ရင်ခုန်သံ

အဖေဖြစ်သူသည် ၁၇–နှစ်အရွယ် သမီးငယ်ကို ဘေးတွင် ထိုင်စေကာ ကားမောင်းလာသည်၊ တစ်နေရာတွင် ဂျင်းဘောင်းဘီဝတ် ဆံရှည်ကိုယ်တော်တစ်ယောက်ကို တွေ့သည်၊ အဖေက သမီးကို မေးသည်။

"သမီး အခုတွေ့ခဲ့တဲ့ ဆံရှည်ကိုယ်တော်ဟာ ယောကျ်ားလား၊ မိန်းကလေးလား"

"ယောကျ်ားလေးပါ ဖေဖေ"

"သမီး ဘယ်လိုလုပ်သိသလဲ"

"သမီး ရင်ခုန်သွားလို့ပါ"

## ၁၃၄။ အတူတူစားခွင့်

မိန်းမက ယောကျ်ားကို မြည်တွန်တောက်တီးနေသည်။





"ဘာဖြစ်လို့ မနက် ၄–နာရီကျမှ အိမ်ပြန်လာရတာလဲ"



"ဘာလဲ မိသားစုနဲ့ အတူ ငါ မနက်စာစားခွင့် မရှိဘူးလား"

## ၁၃၅။ ကိုဘကြောက်

"အိမ်မှာမွေးထားတဲ့ ခွေးကို ကျုပ်ကြည့်လို့ကို မရတော့ဘူး။ ဘယ့်နှယ်ဗျာ၊ တံခါးခေါက်သံကြားတယ်ဆိုရင်ပဲ ကုတင်အောက် ဝင်ပုန်းတော့တာပဲ"

"ဝင်ပုန်းပါစေဗျာ၊ သူ့ခမျာ ကြောက်လို့ ဖြစ်မှာပေါ့"

"ကုတင်အောက်မှာ ကျုပ်တို့နှစ်ယောက်ဆိုရင် ကြပ်တယ်ဗျ"

## ၁၃၆။ မပေးဘူးဗျာ

ကိုချူချာတွင် ခွေးနှစ်ကောင်ရှိသည်၊ အဖြူတစ်ကောင်နှင့် အမည်းတစ်ကောင် ဖြစ်သည်၊ အိမ်နီးချင်းက ၎င်းအား ခွေးတစ်ကောင်ကို လက်ဆောင်အဖြစ်ပေးရန် ကိုချူချာကို ပြောသည်၊ ကိုချူချာက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်အကောင်လဲ"

"အဖြူကောင်ကိုဗျာ"

"အဲဒါဆို ကျွန်တော့်ဆီမှာ အမည်းကောင်ပဲ ကျန်မှာပေါ့"

"ဒီလိုဆို အမည်းကောင်ကို ပေးဗျာ"

"အဲဒါဆို ကျွန်တော့်ဆီမှာ အဖြူကောင်ပဲ ကျန်မှာပေါ့"

## ၁၃၇။ အောင်မြင်မှု

လူငယ်က အပ်ချုပ်ဆရာကို မကျေမနပ် ပြောသည်။

"ခင်ဗျား ကျွန်တော့်ကို ဘယ်လိုဝတ်စုံမျိုး ချုပ်ပေးလိုက်တာလဲဗျ၊ ကျုပ်ကိုကြည့်ပြီး အားလုံး ဝိုင်းရယ်နေကြပါပကော"

"ဒါ ကျုပ်ရဲ့ ပထမဆုံး အောင်မြင်မှုပဲ၊ အရင်တုန်းကဆိုရင် ကျုပ် ချုပ်ပေးလိုက်တဲ့လူတိုင်း ငိုကြတာချည်းပဲ"

## ၁၃၈။ တစ်ခွက်လောက်တော့ အပျော့ပေါ့

ဆိုဗီယက်ပြည်ထောင်စုတွင် အရက်သေစာ သောက်စားမှု တိုက်ဖျက်ရေးကို အကောင်အထည်ဖော်စဉ်က ဖြစ်သည်။ အရက်၏ ဆိုးကျိုးများကို ဟောပြောသူက အာဘောင်အာရင်းသန်သန်ဖြင့် ပြောနေသည်၊ ထို့နောက် ပရိသတ်ထဲမှ လူငယ်တစ်ဦးကို လှမ်းမေးလိုက်သည်။





"ကိုင်း ခင်ဗျားဟာ ဗော့ဒ်ကာအရက် တစ်ခွက်ကို သောက်ထားတယ်ဆိုကြပါစို့၊ အဲဒီလိုဆိုရင် ခင်ဗျားဟာ ကျွန်တော်ရဲ့ ပို့ချချက်ကို အခုလို ဂရုတစိုက် နားထောင်နိုင်ပါ့မလား"



"မြင်တဲ့ အတိုင်းပဲ နားထောင်နေတယ်လေ"

## ၁၃၉။ နိုးတာချင်းအတူတူ

ငွေစက္ကူများထည့်ထားသော စာအိတ်ကို ညော့်သည်က အရာရှိကြီး၏ လက်ထဲသို့ ကမ်းပေးလိုက်သည်၊ အရာရှိကြီးက အသံမာမာဖြင့် ပြောသည်။

"ဘာလဲ၊ ဒါ လာဘ်ပေးတာလား"

ညော့်သည်သည် အရာရှိကြီး၏ စကားကြောင့် တုန့်လှုပ်သွားပြီး မိမိ၏စာအိတ်ကို ပြန်ယူရန် ကြိုးစားသည်၊ အရာရှိကြီးက လက်ဖြင့် တားပြီး ဆက်ပြောသည်။

"ခင်ဗျား ကံကောင်းတယ်၊ ကျုပ်ဟာ လာဘ်ယူတတ်တဲ့လူ ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com


## ၁၄၀။ ပြောရဲရင်ပြောကြည့်

ကုမ္ပဏီပိုင်ရှင်သူဌေးက ပထမနေ့အဖြစ် အလုပ်စဝင်သော လူငယ်ကို ပြောသည်။

"မောင်ရင်ကို ကြိုတင်သတိပေးလိုတယ်၊ အန်ကယ်ဟာ ဖားတာ၊ မြှောက်ပင့်တာကို လုံးဝမကြိုက်ဘူး၊ ဒါကြောင့် အန်ကယ်နဲ့ ပတ်သက်လာရင် ကိုယ့်စိတ်ထဲ ရှိတဲ့အတိုင်း အကုန်လုံး ပြောပါ၊ မောင်ရင်ရဲ့အလုပ်ကို ထိခိုက်မယ်ဆိုရင်တောင် အမှန်ကိုပြောဖို့ ဝန်မလေးပါနဲ့"

## ၁၄၁။ ပိုင်ရှင်

ကိုချူချာသည် မိတ်ဆွေနှင့်အတူ မိမိတို့နှစ်ယောက်အတွက် အိမ်တစ်လုံး ဆောက်သည်၊ အချိန်အနည်းငယ်ကြာသော် ကိုချူချာသည် မိမိပိုင်အိမ်တစ်ခြမ်းကို ရောင်းသည်၊ ထိုသတင်းကို ကြားရသောသူများက အံ့ဩစိတ်ဖြင့် ဝိုင်းမေးကြရာ ၎င်းက အောက်ပါအတိုင်း ဖြေသည်။

"ကျွန်တော်ရဲ့ အိမ်တစ်ခြမ်းကို ရောင်းလို့ရတဲ့ငွေနဲ့ ကျန်တစ်ခြမ်းကို ဝယ်မယ်လေ၊ အဲဒီအခါကျရင် အိမ်တစ်လုံးလုံးကို ကျွန်တော်တစ်ဦးတည်း ပိုင်မယ်မဟုတ်လား"



## ၁၄၂။ မပေးရင်မပေးဘူးပြော

"ငါ့ကို ငွေတစ်ရာလောက် ချေးစမ်းပါ"

"ပဲရစ်က ပြန်လာမှယူကွာ"

"ဘာလဲ၊ မင်း ပြင်သစ်သွားမလို့လား"

"စိတ်တောင်မကူးဘူး"



## ၁၄၃။ ရေ ရောပါ

အရက်ဆိုင်တွင် အလုပ်လုပ်သူ အီဗန်က သူငယ်ချင်း နီကိုလိုင်ကို ပြောသည်။

"ဆိုင်မှာ ဗော့ဒ်ကာနဲ့ ဝိုင်အရက်တွေကို ငါ ရောင်းတယ်၊ လာသောက်တဲ့ငနဲ အရက်မူးသွားရင် ဘောက်ချာမှာ ၂–ခွက်စာ၊ ၃–ခွက်စာ ထပ်ပေါင်းပြီး ပိုက်ဆံတောင်းတယ်၊ ဒါတောင် ငါ ဝင်ငွေ သိပ်မကောင်းဘူးလို့ ထင်နေတယ်၊ ဘာလုပ်ရမလဲ မသိဘူးကွာ"

"မင်း ထပ်ပေါင်းထည့်တဲ့ အရက်ခွက်တွေမှာ ရေရော လိုက်ပေါ့"

www.burmeseclassic.com



## ၁၄၄။ လျှော်ပွမ်း

ပင်မင်းဆိုင်ရှင်ကို လူငယ်က မကျေမနပ်ပြောသည်။

"ကျွန်တော့်အကျႌကို ခင်ဗျားတို့ ဖျောက်လိုက်ရုံတင် မကဘူး၊ လျှော်ခပေးပါလို့ ကျွန်တော့်ကို တောင်းနေသေးတယ်၊ မလွန်လွန်းဘူးလား"

"ပျောက်သွားတဲ့အချိန်မှာ ခင်ဗျားအကျႌဟာ လျှော်ပြီးသား၊ မီးပူတိုက်ပြီးသား ဖြစ်နေပါတယ်ဗျ"

## ၁၄၅။ လွတ်လပ်စွာပြောဆိုခွင့်

ဂျာမန် နာဇီတပ်များ သိမ်းပိုက်ထားသော ပြင်သစ်နိုင်ငံတွင် ဖြစ်သည်။ နိုင်ငံခြားသတင်းထောက်က ပြင်သစ်ပညာရှင်တစ်ဦးကို မေးသည်။

"ပါမောက္ခကြီးခင်ဗျား၊ ဆိုဗီယက်ယူနီယံနဲ့ ဖြစ်နေတဲ့ စစ်နဲ့ ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ ခင်ဗျာ"

"ဝမ်းနည်းပါတယ်၊ ခင်ဗျား ကျွန်တော့်အမြင်ကို သိချင်ရင် ကျွန်တော့်အသိ သွားကုဆရာဝန်ဆီ လိုက်ခဲ့စေချင်ပါတယ်"

"ဘာ့ဖြစ်လို့ သွားကုဆရာဝန်ဆီကိုမှ သွားရမှာလဲ ခင်ဗျာ"

"သူ့ဆီမှာမှ ကျွန်တော့်ပါးစပ်ကို ဟနိုင်လို့လေ"





## ၁၄၆။ မျိုးရိုး



"ကိုဘမောင်၊ အခု အသက်အရွယ်အထိ လူပျိုကြီးဘဝနဲ့ နေနေတာ ခင်ဗျား မငြီးငွေ့ဘူးလား"

"ဟင့်အင်း၊ အဖေနဲ့ အဘိုးတို့တောင် မိန်းမ မယူဘဲ နေနိုင်ခဲ့သေးတာပဲ"

## ၁၄၇။ နေနဲ့လ

ကျောင်းသားနှစ်ယောက် အမြင်ချင်း ဖလှယ်နေကြသည်၊ နေနှင့်လ ဘယ်ဟာက ပိုကောင်းသနည်းဟူ၍ ဖြစ်သည်၊ တစ်ယောက်က ပြောသည်။

"ငါကတော့ လ,ကို ပိုကြိုက်တယ်၊ ကြည့်လေ၊ နေဆိုတာ နေ့ပိုင်းမှာ ပေါ်တယ်၊ နေ့ပိုင်းမှာ နေမရှိလည်း အားလုံးကို မြင်ရတယ်၊ အဲ လကျတော့ မှောင်တဲ့အချိန် ညပိုင်းကျမှ ပေါ်လာပြီး အလင်းရောင်ကို ပေးတယ်"

"ငါလည်း လ,ကို ပိုကြိုက်တယ်၊ မင်းပဲ စဉ်းစားကြည့်၊ လတိုင်းလတိုင်း ငါ စတိုင်ပင်ရတယ်၊ ဒီကိစ္စမှာ နေဟာ ဘာမှ မပတ်သက်ဘူး"





www.burmeseclassic.com

www.burmeseclassic.com



## ၁၄၈။ တော်တဲ့တပည့်

ပါမောက္ခကြီးသည် တပည့်များကို လူတွေ့ စစ်မေးနေသည်။

“(လျှပ်စစ်) ဓာတ်လိုက်ခြင်းဆိုတာ ဘာလဲ”

“ကျွန်တော် သိတော့ သိခဲ့ပါတယ်ဆရာ၊ ဒါပေမယ့် အခု မေ့နေတယ်”

ပါမောက္ခကြီးက တပည့်ကို ဂရိတ်ဖိုက် (အဆင့်ငါး)ပေးလိုက်သည်၊ ကျောင်းသား အံ့သြပြီး ပါမောက္ခကို မေးသည်။

“ဆရာကြီး ဘာဖြစ်လို့ ကျွန်တော့်ကို ဒီ လောက်အထိ အမြင့်ဆုံးအမှတ်ကို ပေးရတာလဲခင်ဗျာ”

“ရှင်းရှင်းလေးပဲ၊ ငါ့တပည့်ရယ်၊ အခုအချိန်အထိ ဓာတ်လိုက်တယ် ဆိုတာကို ဘယ်သူမှ မသိကြဘူး၊ အဲ တပည့်က သိခဲ့တယ်၊ ဒါကြောင့် ဂရိတ်ဖိုက် ပေးလိုက်တယ်၊ ဒါနဲ့ တပည့် အဲဒီအကြောင်းကို ပြန်ပြီး သတိရတဲ့အခါမှာ ဆရာ့ကို လာပြောပြဖို့ မမေ့နဲ့နော်”

## ၁၄၉။ ဒန်းစီးခြင်း

ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်နဲ့၊ အောင်မယ်လေး ကောင်း လှချည်လား။





## ၁၅၀။ မကြောက်တော့ဘူး



“ဒေါက်တာ၊ ကျွန်မ ကြောက်တယ်ရှင်”

“ဘာမှ မကြောက်ပါနဲ့၊ သွေးတိုးရောဂါနဲ့ လူနာဟာ အသက်တစ်ရာအထိ တောင် နေကြတယ်၊ တစ်ခါတလေများဆိုရင် ...”

“ကျေနပ်ပြီဒေါက်တာ၊ ဒီထက်ပိုပြီး မနေချင်ပါဘူး”

## ၁၅၁။ ပြစ်မှုပြစ်ရလေ

အလွန်ဝသော အမျိုးသမီးက သူငယ်ချင်းမကို ပြောသည်။

“တလောကပဲ အိုင်တို့လင်မယား အိမ်ခန်းအသစ် ရတယ်၊ ဒါပေမယ့် မီးဖိုက ကျဉ်းလွန်းတယ်၊ ဒါကြောင့် အိုင့်ကိုယ်လုံးနဲ့ မီးဖိုထဲမှာ မလွတ်လပ်လှဘူး”

“နံရံကပ်စက္ကူတွေကို ခွာလိုက်ပေါ့”

ရက်အနည်းငယ်အကြာတွင် သူငယ်ချင်းနှစ်ဦး တွေ့ဆုံကြပြန်သည်။

“ယူ့အကြံပေးတဲ့အတိုင်း နံရံကပ်စက္ကူတွေကို ခွာလိုက်တယ်”



www.burmeseclassic.com

www.burmeseclassic.com



“ဘယ့်နှယ်လဲ၊ အရင်ကလို မကျဉ်းကျပ်တော့ဘူး မဟုတ်လား”

“အရင်ကလိုတော့ မကျဉ်းကျပ်တော့ဘူး၊ ဒါပေမယ့် မီးဖိုချောင်မှာ အိုင် ကြက်သွန်လှီးတဲ့အခါမှာ အိမ်နီးချင်းတွေ မျက်ရည်ကျကြတယ်”

## ၁၄၂။ ကဗျာ

ကဗျာဆရာတစ်ဦးက အခြားကဗျာဆရာတစ်ဦးကို ပြောသည်။

“အခုအချိန်ထိ ဘယ်သူမှ မရေးဖူးသေးတဲ့အကြောင်းအရာကို ကဗျာဖွဲ့ချင်တယ်၊ ပြီးတော့ ဒီအကြောင်းအရာကို ဘယ်သူမှ နောင်မှာ မဖွဲ့စေချင်ဘူး”

“လွယ်လွယ်လေးပဲ၊ ကိုယ့်ကိုယ်ကို ဘုံမြှောက်တဲ့ ကဗျာကို ရေးလိုက်ပေါ့”

## ၁၄၃။ မယုံပါနဲ့

စားဖိုမှူးချက်သော ထမင်းဟင်းတို့ကို စား၍မရကြောင်း ကျောင်းသားများက အဆောင်မှူးကို တိုင်သည်၊ အဆောင်မှူးက စားဖိုမှူးကို ခေါ်ကာ သတိပေးသည်၊ ကျောင်းသားများအကြိုက် ချက်ပြုတ်ပါ၊ သို့မဟုတ်ပါက အလုပ်မှ ထုတ်ပစ်မည်ဟု ပြောသည်၊ စားဖိုမှူးက ဆင်ခြေပေးသည်။





“ကျောင်းသားတွေ ပြောတိုင်း မယုံပါနဲ့ခင်ဗျာ၊ ဥပမာ- ဆရာစာသင်တဲ့ အခါ အင်မတန် ပျင်းစရာကောင်းတယ်လို့ သူတို့ ပြောကြတယ်”



## ၁၄၄။ အာမခံ

လျှပ်စစ်ပစ္စည်းများ အရောင်းဆိုင်တွင် ဖြစ်သည်။ ဝယ်သူက ရောင်းသူကို မေးသည်။

“ဒီရေခဲသေတ္တာနဲ့ ပတ်သက်ပြီး ရက်ပေါင်း-၉၀ အာမခံပေးတယ်လို့ ဆိုထားတယ်၊ ဘယ်လိုနားလည်ရမှာလဲ”

“အဓိပ္ပာယ်က ဒီရေခဲသေတ္တာပျက်သွားရင် ပြင်မယ့်လူဟာ ရက်ပေါင်း ၉၀-အတွင်း ရောက်လာမှာ ဖြစ်ပါတယ်”

## ၁၄၅။ မရိုးရိုပါနဲ့

အပြင်ထွက်ရန် ဟန်ပြင်နေသော ယောက်ျားကို မိန်းမက ပြောသည်။

“ဘာလဲ သူငယ်ချင်းတွေနဲ့ အရက်သွားသောက်ဦးမလို့လား၊ ရှင် သိထားဖို့ကောင်းတာက လာမယ့်အပတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ခန်းခငွေ ရှင်းစရာရှိတယ်၊ ပြီးတော့ ဈေးထဲက ဟင်းသီးဟင်းရွက်သည်ကိုလည်း အကြွေးပေးရမယ်"

"မစိုးရိမ်ပါနဲ့ မိန်းမရယ်၊ အဲဒီအချိန်မတိုင်မီ ငါ ပြန်ရောက်မှာပါကွ"

## ၁၅၆။ ကောင်းကောင်းကြည့်ပါရစေ

ရှရှားတောမြို့ကလေးတစ်မြို့တွင် ဖြစ်သည်။ လူတစ်ယောက် အရက်ပုလင်းကို ကိုင်လျက် ရုပ်ရှင်ပြနေစဉ် ရုံထဲသို့ ဝင်လာသည်။

"ဒါ ခုံတန်းရှစ်လား"

"မဟုတ်ဘူး၊ တစ်"

"ဒါ ခုံတန်းရှစ်လား"

"မဟုတ်ဘူး၊ နှစ်"

"ဒါ ခုံတန်းရှစ်လား"

"ဟုတ်တယ်၊ ထိုင်ခုံရှစ်"

"ကိုယ့်လူ အရက်သောက်မလား"

"မသောက်ဘူး"

"ဘေးက ခင်ဗျားမိန်းမကော သောက်မလား"

"ကျွန်တော့်အမျိုးသမီးမဟုတ်ဘူး"

"ဘေးကချာတိတ်ကော"

"သူလည်း မသောက်ဘူး"

"ဟေး၊ ခုံတန်းငါးက ကိုထိပ်ပြောင် အရက်သောက်မလား"



"မသောက်ဘူး"



"မသောက်တာ မှန်တာပေါ့၊ ကျုပ်လဲ ဖန်ခွက်ယူလာဖို့ မေ့သွားတယ်"

ထိုသို့ပြောပြီး ရုံထဲမှ ထွက်သွားသည်၊ ခဏအကြာတွင် ဖန်ခွက်ကို ကိုင်လျက် ပြန်ဝင်လာသည်။

"ဒါ ခုံတန်းရှစ်လား"

"ဟုတ်တယ်၊ အတန်းရှစ်"

"ထိုင်ခုံနေရာ ရှစ်လား"

"ဟုတ်တယ်၊ ထိုင်ခုံရှစ်"

"အရက်သောက်မလား"

"မသောက်ဘူး"

"ဘေးက ခင်ဗျားမိန်းမကော"

"ကျုပ်အမျိုးသမီးမဟုတ်ဘူး"

"ဘေးကချာတိတ်ကော"

"သူလည်း မသောက်ဘူး"

"အတန်းငါးက ကိုထိပ်ပြောင်၊ သောက်မလားဗျို့"

ဤတွင် တစ်ရုံလုံး သံပြိုင်အော်လိုက်ကြသည်။

"ကိုထိပ်ပြောင်ရေ၊ သောက်လိုက်၊ သောက်လိုက်"



www.burmeseclassic.com

www.burmeseclassic.com

### ၁၅၇။ မိန်းမနဲ့ပြည်သူ

မိတ်ဆွေနှစ်ဦး ဆုံကြသည်။

"ရုပ်မြင်သံကြား အစီအစဉ်တွေကိုကြည့်ပြီး အင်မတန်အံ့သြဖွယ်ကောင်းတဲ့ ကောက်ချက်တစ်ခုကို ချမိတယ်ဗျ"

"စိတ်ဝင်စားစရာပဲ"

"မိန်းမဆိုတာ ဘာလဲ၊ ခင်ဗျားမှာ အဖြေတစ်ခုရှိမယ်ဆိုတာ ကျွန်တော်သိတယ်၊ ဒါပေမယ့် ကျွန်တော် ပြောတာကို ဆုံးအောင် နားထောင်ပါ၊ မိန်းမဆိုတာ ပြည်သူနဲ့တူတယ်ဗျ၊ ဘယ်တော့မှ မကျေနပ်ဘူး"

### ၁၅၈။ နည်းသလား၊ များသလား

အရက်ဘားထဲသို့ လူတစ်ယောက် ဝင်လာပြီး ဗော့ဒ်ကာ လေးခွက် မှာသည်၊ သောက်လိုက်သည်၊ နောက်ထပ် သုံးခွက် မှာသည်၊ သောက်လိုက်သည်။ ထို့နောက် နှစ်ခွက်မှာသည်၊ သောက်လိုက်သည်၊ နောက်ဆုံး တစ်ခွက် မှာပြီး သောက်သည်၊ ကုလားထိုင်မှ လဲကျသည်၊ ကြမ်းပေါ်မှထရန် ကြိုးစားရင်း စားပွဲထိုးကို လျှာလေးအာလေးနှင့် ပြောသည်။

"ကျုပ်ရဲ့ ကိုယ်ခန္ဓာဖွဲ့စည်းမှုဟာ သိပ်ထူးဆန်းတာပဲ၊ နည်းနည်း သောက်လေလေ ဆိုးလေလေပဲ၊ အမြဲတမ်း ဒီအတိုင်း ဖြစ်တယ်။





### ၁၅၉။ ကြိုသိရမှာပေါ့



"ဖေဖေက တကယ်လို့ ဒေါ်လာတစ်သန်းဖိုးရှိတဲ့ ရတနာသိုက်ကို ကျွန်တော် ရှာတွေ့ရင် ဆုကြေးငွေ ဘယ်လောက် ရမလဲဟင်"

"အရင်တွေ့အောင် ရှာဦး၊ ပြီးတော့မှ ဘယ်လောက်ရမယ်ဆိုတာ တွက်ကြတာပေါ့"

"ဟင့်အင်း၊ ပထမဦးဆုံး ရှာသင့်သလား၊ မရှာသင့်ဘူးလား ဆိုတာ ကျွန်တော်သိမှ ဖြစ်မယ်"

### ၁၆၀။ စိတ်ချပါ

အပ်ထားသော ဖိနပ်ကို ညှော့သည်အား ပေးရင်း ဖိနပ်ချုပ်ဆရာက ပြောသည်။

"ဖိနပ်ကအသစ်ဆိုတော့ ပထမနှစ်ပတ်မှာ ကျပ်သလိုလိုဖြစ်ပြီး ဖိနပ်ပေါက်နိုင်တယ်၊ သည်းတော့ခံရမယ်"

"ကျွန်တော် နားလည်ပါတယ်၊ ပထမနှစ်ပတ်မှာ ကျွန်တော် ဖိနပ်ဟောင်းကိုပဲ စီးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



## ၁၆၁။ စဉ်းစားပါ

ခွဲစိတ်ကုသခံ မည့်မျက်နှာကျမည်ကို ကြားရသောအခါ လူနာ ထအော်သည်။

"မခွဲဘူးဗျာ၊ ဒီလောက်ပိုက်ဆံပေးရမယ့်အစား သေပဲ သေလိုက်တော့မယ်"

ခွဲစိတ်ဆရာဝန်က အေးအေးဆေးဆေး ပြန်ပြောသည်။

"စကားကို မဆင်မခြင်မပြောနဲ့လေ၊ ခုခေတ် မသာ စရိတ် ဘယ်လောက်ကျတယ်ဆိုတာ ခင်ဗျား မေ့သွားပြီလား"

## ၁၆၂။ အထင်မလွဲပါနဲ့

မြို့တစ်မြို့တွင် မီးလောင်မှု ဖြစ်ပွားသည်၊ မီးရှို့သူကို ရဲတို့ ဖမ်းမိသည်၊ မီးလောင်ခံရသော အိမ်နှင့် မျက်နှာချင်းဆိုင်အိမ်တွင် နေသော ရာဘင်နိုဗစ်ချ်(ဂျူး)ကို သက်သေအဖြစ် တရားရုံးက ဆင့်ခေါ်သည်၊ တရားသူကြီးက မေးသည်။

"သက်သေ ရာဘင်နိုဗစ်ချ်၊ အဲဒီညက မြင်ရသမျှကို ရုံးတော်ကို ပြောပြပါ"

"ဟုတ်ကဲ့၊ အသံဗလံတွေကြောင့် ကျွန်တော် အိပ်ရာက …းသွားတယ်၊ ဒါနဲ့ ဇနီးသည် ဆာရာရဲ့ ညအိပ်ဂါဝန်ကို အောက်ပိုင်းကနေ မ,တင်လိုက်တယ်"

"အိပ်ရာထဲမှာ ခင်ဗျားတို့လင်မယား ဘာလုပ်ကြ တယ်ဆိုတာ ပြောမနေနဲ့၊ မေးတာကိုပဲ ဖြေပါ"





"ဟုတ်ကဲ့၊ ဆာရာရဲ့ ဂါဝန်ကို အောက်ကနေ မ,တင်လိုက်တယ်၊ ကြည့် လိုက်တယ်"

"သက်သေ ရာဘင် နိုဗစ်ချ်၊ မဆိုင်တာကို မပြောပါနဲ့"

"ဟုတ်ကဲ့၊ ဆာရာရဲ့ ဂါဝန်ကို အောက်ကနေ မ,တင်လိုက်ပြီး သေသေချာချာ ကြည့်လိုက်တယ်၊ အပူရှိန်ကို ခံစားလိုက်ရတယ်"

"မဆိုင်တာကို မပြောနဲ့လို့ ဘယ်နှစ်ခါ သတိပေးရမလဲ၊ ရုံးတော်ကို မထီမဲ့မြင်လုပ်မှုနဲ့ ခင်ဗျားကို အရေးယူနိုင်တယ်၊ နားလည်လား"

"ပြတင်းပေါက်ခန်းဆီးကို ဆာရာရဲ့ဂါဝန်နဲ့ ချုပ်ထားတာ ကျွန်တော့်အပြစ်လားခင်ဗျာ"

## ၁၆၃။ ဆိတ်ဆိတ်နေ ယောင်တန်

လူတစ်ဦးက ပြောပြနေသည်။

"အလုပ်ထဲမှာ ပြောမိဆိုမိတဲ့စကားတွေအတွက် မကြာ ခဏဆိုသလို ကျွန်တော် တောင်းပန် ဝန်ချရတယ်၊ အဲ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခွန်းမှ မဟပဲ ဆိတ်ဆိတ်နေတဲ့အတွက်တော့ တစ်ခါမှ မတောင်းပန်ရဖူးဘူး"

## ၁၆၄။ ရှာသင်တာပေါ့

ရုပ်ရှင်ပြနေစဉ် အမျိုးသမီးကြီးတစ်ဦးသည် ကုန်း၍ တစ်စုံတစ်ခုကို ရှာသည်။ ဘေးခုံတွင် ထိုင်နေသူက မေးသည်။

"တစ်ခုခု ကျပျောက်သွားလို့လားဗျာ"

"ဟုတ်တယ်၊ 'စုပါမင်း'ချော့ကလက် ကျသွားလို့"

"ချော့ကလက်ကျသွားတာနဲ့များ ဒီလောက်တောင် ဒုက္ခရှာရသလားဗျာ"

"ရှင်ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ချော့ကလက်နဲ့အတူ အောက်သွားမှာ စွပ်ထားတဲ့ရွှေကွပ် ကပ်ပါသွားလို့"

## ၁၆၅။ ယေမှုကြိုက်တယ်

အမေရိကန်ပြည်ထောင်စု၏ သမိုင်းအကြောင်း ဆွေးနွေးပွဲပြုလုပ်ရာ အချိန်ကာလနှင့်အမျှ အလှတရား၏ နှုန်းစံများ ပြောင်းလဲလာပုံအကြောင်းကို ကျောင်းသားများအား ပါမောက္ခက ရှင်းပြဖို့ကြိုးစားသည်။

"ဥပမာဆိုပါစို့၊ ၁၉၂၁ – ခုနှစ်မှာ ပြုလုပ်တဲ့ အမေရိကန်မယ်ရွေးပွဲကိုကြည့်၊ ပထမရသူရဲ့ အရပ်အမြင့်ဟာ ၁၅၅ – စင်တီ





မီတာ၊ ကိုယ်အလေးချိန်ဟာ ၁၄၉ – ကီလိုရှိတယ်၊ ရင်သားအတိုင်းအထွာဟာ ၇၆ – စင်တီမီတာ၊ ခါးက ၆၄ – စင်တီမီတာ၊ တင်ပါးဆုံက ၈၁ – စင်တီမီတာ ရှိခဲ့တယ်၊ အဲဒီ အမျိုးသမီးဟာ ဒီနေ့ အလှမယ်ရွေးပွဲမှာ အနိုင်ရဖို့ အခွင့်အလမ်း ဘယ်လောက်ရှိမယ် ထင်သလဲ"



တစ်ခန်းလုံး ခေတ္တမျှ ငြိမ်သက်နေသည်၊ ထို့နောက် အသံတစ်သံ ပေါ်လာသည်။

"ကျွန်တော့်အထင် အနိုင်ရဖို့လမ်း သိပ်မရှိဘူး"

"ဘာဖြစ်လို့လဲ"

"ပထမဦးဆုံးအနေနဲ့ အသက်ကန့်သတ်ချက်ကို သူ ကျော်သွားပြီ"

## ၁၆၆။ ပြောင်းနေ

"စာရေးကြီး ကိုဘမောင်၊ အမြဲတမ်းလိုလို ခင်ဗျား ရုံးတက်နောက်ကျနေပါလား၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

“ကျွန်တော့်ကို နားလည်စေချင်ပါတယ် ဆရာ၊ ကျွန်တော့်ဆီမှာ မိန်းမလည်း မရှိ၊ နှီးစက်နာရီလည်း မရှိပါဘူး”

“ဒါဆို ရွာမှာ သွားပြောင်းနေ၊ အဲဟိုမှာ ကြက်ဖတွေ ရှိတယ်”

## ၁၆၇။ စားချိန်

ဝံပုလွေက သူမ၏သားသမီးများကို သွန်သင်နေသည်။

“ကြက်ခြံတစ်ခုကို မင်းတို့မြင်တဲ့အခါ ကောင်းကင်မှာလည်း လသာနေပြီး အဲဒီအချိန်မှာ အိမ်ရှင်ကလဲ အိပ်မောကျနေတယ်ဆိုရင် အခိုင်အမာ မှတ်လိုက်ပေတော့၊ တို့တစ်တွေ အစာစားချိန် ရောက်ပြီ”

## ၁၆၈။ အပေ့ခြောက်နင်းသူ

ဝီလျံသည် ကောလိပ်ကျောင်းမှ ယခုတင် ပြန်ရောက်လာသည်၊ ဝတ်ထားသော ဘောင်းဘီရှည်မှာ လေးကွက်ကျား၊ ခြေအိတ်မှာ ပိုးခြေအိတ်၊ ကုတ်အင်္ကျီမှာ အနီရဲရဲ တစ်ခြမ်း၊ အစိမ်းရင့်ရင့် တစ်ခြမ်း ဖြစ်သည်။ မြင်သူအားလုံးလိုလိုက ၎င်းကို လူထူးလူဆန်းကဲ့သို့ ကြည့်သည်၊ ဖခင်အလုပ်လုပ်သော ရုံးသို့သွားရန် ဝီလျံ ဆုံးဖြတ်လိုက်သည်၊ ဖခင်က ဝီလျံကိုကြည့်ပြီး စိတ်ပျက်စွာ ပြောသည်။

“ဟေ့ကောင်၊ ဒီအဝတ်အစားနဲ့ မင်းကို ကြည့်ရတာ ရှုးပေါ်ပေါ် ကြောင်တောင်တောင်အကောင်နဲ့ သိပ်တူတာပဲ”







ဤအချိန်တွင် ဖခင်၏ ရုံးခန်းတွင်းသို့ အိမ်နီးချင်း အဖော်သူငယ်ချင်း အငြိမ်းစား ဗိုလ်မှူး ရောက်လာပြီး ဝီလျံကို တွေ့သောအခါ ဝမ်းသာအားရ နှုတ်ဆက်သည်။

“ဝီလျံ၊ မင်းကို အခုမြင်တော့ လွန်ခဲ့တဲ့ ၂၅ – နှစ်က မင်းအဖေ ကောလိပ်က ပြန်လာပုံကို သတိရမိတယ်၊ တစ်ပုံစံ တည်းပဲဟေ့”

ဝီလျံ ပြုံးပြုံးလေး ပြောသည်။

“ဟုတ်ကဲ့၊ အန်ကယ်၊ ဖေဖေကလည်း စောစောလေးကတင် ဒီအတိုင်းပဲ ပြောပါတယ်”

## ၁၆၉။ ချွတ်ယွင်းချက်

“သူငယ်ချင်း၊ မင်း ဘာဖြစ်လို့ ဂျင်နီနဲ့ လက်မထပ်သေးတာလဲ”

“စကားပြောရာမှာ သူ့ဆီမှာ ချွတ်ယွင်းချက်တစ်ခု ရှိနေလို့”



www.burmeseclassic.com

www.burmeseclassic.com

"ဘာချတ်ယွင်းချက်ပါလိမ့်"

"ဟုတ်ကဲ့ဆိုတာ မပြောတတ်သေးဘူး"

## ၁၇၀။ ဟာသတန်ဖိုး

"မင်းကို ကြည့်ရတာ အတော်ပျော်နေတဲ့ပုံပါလား၊ ဘာအကြောင်းများ ရှိလို့လဲကွ"

"မင်းပဲ စဉ်းစားကြည့်လေ၊ စားသောက်ဆိုင်မှာ နေ့လယ်စာ အဝစားခဲ့တယ်၊ ဝီစကီသုံးခွက်သောက်တယ်၊ ဒါပေမယ့် တစ်ပြားမှ မပေးခဲ့ရဘူး"

"တယ်ဟုတ်ပါလား၊ မင်း ဘယ်လိုလုပ်ခဲ့လို့လဲ"

"စားပွဲထိုးကို ငါ ဟာသတစ်ပုဒ် ပြောပြတယ်၊ ဒီငနဲ ရယ်လိုက်တာ၊ ရယ်လိုက်တာ၊ ဘယ်လောက်အထိ ရယ်လိုက်သလဲဆိုရင် ပိုက်ဆံတောင်းဖို့တောင် မေ့သွားတယ်၊ ငါကလည်း သူ့ကို သတိမပေးဘူးလေ၊ ဟဲ ဟဲ"

ဤစကားကို ကြားရသော ဒုတိယဟာသသမားသည် ထိုစားသောက်ဆိုင်သို့ သွားကာ စားချင်သောက်ချင်တာကို မှာလိုက်သည်၊ စားသောက်ပြီးသောအခါ စားပွဲထိုးကို ရယ်စရာပြောသည်၊ ၎င်းပြောသော ဟာသမှာ အလွန်ရယ်စရာကောင်းသဖြင့် စားပွဲထိုးသည် အားရပါးရ ရယ်သည်၊ မျက်ရည်ထွက်လုမတတ် ဖြစ်သည်၊ ဤတွင် ဟာသသမားက စားပွဲထိုးကို ပြောသည်။

"ကျွန်တော့်ကို ပြန်အမ်းငွေပေးဖို့ မမေ့နဲ့ဦးနော်"





## ၁၇၁။ ပိုရချင်တယ်



အလုပ်လာလျှောက်သော လူငယ်ကို ကုမ္ပဏီပိုင်ရှင်က ပြောသည်။

"မောင်ရင်ကို အလုပ်ခန့်ဖို့ အန်ကယ် ဆုံးဖြတ်လိုက်ပြီ၊ အစပိုင်းမှာ တစ်လကို (ကျာမန်)မတ် ၂၅၀ ပေးမယ်၊ နောက်ကျရင် သည့်ထက်ပိုပေးမယ်"

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော် နောက်ကျမှ လာခဲ့ပါ့မယ်"

## ၁၇၂။ ခင်ဗျား စဉ်းစားရမယ့်အလှည့်

သတ္တဗေဒအဓိက နောက်ဆုံးနှစ်ကျောင်းသားများ၏ လူတွေ့စစ်မေးပွဲနေ့ (Viva Voce) ဖြစ်သည်၊ သတ္တဗေဒပါမောက္ခသည် ငှက်များကို ထည့်ထားသော ခြင်းတောင်းကို ယူလာပြီး မိမိ၏ ထိုင်ခုံဘေးတွင် ချထားသည်၊ အစစ်ခံမည့်ကျောင်းသား အခန်းထဲဝင်မလာမီ ခြင်းတောင်းထဲမှ ငှက်တစ်ကောင်ကို ထုတ်ယူပြီး လက်နှစ်ဖက်ဖြင့် အုပ်လိုက်သည်၊ ပါမောက္ခကြီး၏ လက်ထဲတွင် ငှက်၏ အမြီးကိုသာ မြင်ရသည်၊ ဝင်လာသော ကျောင်းသားကို ပါမောက္ခက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒီအမြီးကိုကြည့်ပြီး ဘာငှက်လဲဆိုကာ ပြောစမ်းပါ”

ကျောင်းသား စဉ်းစားသည်။

“ခိုထင်တယ်”

“မဟုတ်ဘူး၊ ကျိုးကန်း၊ တပည့်ကို နောက်တစ်ကြိမ် အခွင့်အရေးပေးမယ်”

ဤသို့ ပြောပြီး ကျောင်းသား မမြင်အောင် နောက်ငှက်တစ်ကောင်ကို ခြင်းတောင်းမှ ထုတ်ယူသည်၊ ယခင်ကအတိုင်း အမြီးသာ မြင်နိုင်အောင် ငှက်ကို လက်နှစ်ဖက်ဖြင့် အုပ်သည်။

“ကိုင်း ဒီအကောင်ကကော ဘာငှက်လဲ”

“ပျံလွှားငှက် ထင်တယ်”

“မဟုတ်ဘူး၊ စာကလေး၊ မင်း ဘာမှ မသိဘူးဆိုတာ ပေါ်လွင်နေပြီ၊ ဒါကြောင့် မင်းကို ဆရာ ဂရိတ်သရီး (အဆင့်သုံး)ပဲ ပေးလိုက်တယ်၊ ဒါနဲ့ တပည့်ရဲ့နာမည် ဘယ်လိုခေါ်သလဲ”

ပါမောက္ခကို ကျောင်းသား ကျောခိုင်းလိုက်သည်၊ ကုတ်အင်္ကျီ အိတ်ကို လက်နှစ်ဖက်နှင့် နှိုက်လိုက်ပြီး အခန်းပြင်သို့ ထွက်သည်၊ မထွက်မီ ပါမောက္ခကို ပြောသည်။

“ကိုယ့်ဟာကိုယ် စဉ်းစားယူပေါ့”





## ၁၇၃။ စောင့်ရတာကြာပြီ



ဘတ်စ်ကားပေါ်သို့ လက်မှတ်စစ် တက်လာသည်၊ ခရီးသည် တစ်ဦးက လယေးလက်မှတ်ကို ထုတ်ပြသည်၊ လက်မှတ်စစ်က ယူကြည့်ပြီး ပြောသည်။

“ဒီလက်မှတ်က မူလတန်း ကျောင်းသူ ကျောင်းသားတွေအတွက် ထုတ်ပေးထားတဲ့ လက်မှတ်ပဲ”

“ဟုတ်ပါတယ်၊ ခင်ဗျားတို့ ဘတ်စ်ကားကို ကျွန်တော် ဘယ်လောက်ကြာကြာ စောင့်ခဲ့ရသလဲဆိုတာကို စဉ်းစားကြည့်ပေါ့”

## ၁၇၄။ မင်းလိုလူစား မများစေနဲ့

ပဲရစ်ရောက် ရုရှားတိုးရစ်(စ်)သည် မနက်ဖြန်တွင် ပြန်ရတော့မည် ဖြစ်သည်၊ အိတ်ထဲတွင် ပြင်သစ်ငွေ ၂၅ – ဖရန့်သာ ကျန်တော့သည်၊ ဤငွေကို ရုရှားသို့ မပြန်မီ သုံးပစ်ရန် ၎င်း ဆုံးဖြတ်လိုက်သည်၊ သို့နှင့် ဆိုင်ထဲသို့ ဝင်လာပြီး ဈေးရောင်းသူကို မေးသည်။

“ဆပ်ပြာတစ်တုံး ဘယ်လောက်ကျသလဲဗျ”

“ဖရန့် ၁၀၀–ပါ”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဆပ်ပြာကို ထက်ဝက်စိပိုင်းပြီး တစ်ပိုင်းကို ဖရန့် ၅၀ နဲ့ ကျွန်တော့်ကို မရောင်းနိုင်ဘူးလားခင်ဗျာ"

"ရပါတယ်၊ ရပါတယ်"ဟု ဈေးရောင်းသူက ပြောပြီး ဆပ်ပြာကို ထက်ခြမ်းစိ စိတ်လိုက်သည်။

"ဒီတစ်ခြမ်းကို တစ်ဝက်ထပ်စိတ်ပြီး ကျွန်တော့်ကို ၂၅-ဖရန့်နဲ့ မရောင်းနိုင်ဘူးလား ခင်ဗျာ"

"ရပါတယ်၊ ရပါတယ်"ဟု ဈေးသည်က ပြောပြီး ဆပ်ပြာတစ်စိတ်ကို ပေးလိုက်သည်၊ ဆပ်ပြာနှင့်အတူ စက္ကူအိတ်ငယ်တစ်ခုကိုပါ ပေးလိုက်သည်၊ တိုးရစ်(စ်)လူငယ် ဖွင့်ကြည့်လိုက်သောအခါ ကွန်ဒုန်းများကို မြင်ရသည်။

"ဒါတွေက ဘာအတွက်လဲ"

"ကျွန်တော်တို့ ကုမ္ပဏီကပေးတဲ့ လက်ဆောင်ပါ၊ မိတ်ဆွေလို ဈေးဝယ်သူတွေ နည်းသထက် နည်းစေဖို့ ကျွန်တော်တို့ လိုလားပါတယ်"

## ၁၇၅။ ဒါကြောင့်

"ခြင်္သေ့ဟာ ဘာဖြစ်လို့ အသားကို အစိမ်းစားသလဲ"

၆-နှစ်သား ငနီက မေးသည်။

"သူမှ ဟင်းမချက်တတ်ပဲ"

၈-နှစ်သား အစ်မဖြစ်သူက ဖြေသည်။





## ၁၇၆။ ရန်ပွဲ



အိမ်နီးချင်း အိမ်ရှင်မ နှစ်ယောက် စကားများ ရန်ဖြစ်နေကြသည်။

"ဟဲ့ မသွဲ့၊ ငါ့ ငါးပိအိုးကို နင် ခွဲပစ်လိုက်ပြီထင်တယ်၊ ဒါကြောင့် ခုထိ ပြန်မပေးတာ မဟုတ်ဘူးလား၊ နင် မရှက်ဘူးလား"

"နင် ဒီလိုမပြောနဲ့ မကြွယ်၊ တစ်အချက်က နင့်ဆီက ငါးပိအိုးကို ငါမယူဘူး၊ နှစ်အချက် နင့်ငါးပိအိုးဟာ အစကတည်းက ကွဲနေပြီးသား၊ သုံးအချက် ငါပြန်ပေးပြီးတာ ကြာလှပြီ"

## ၁၇၇။ အချိန်ကောင်း

အဖေက သားများကို ခေါ်လိုက်သည်။

"သားတို့ရေ၊ ဆရာဝန်ကို ခေါ်စမ်းကွယ်၊ ဖေဖေ နေမကောင်းဘူး၊ ကိုယ်တွေလက်တွေ မလှုပ်ချင်သလို ဖြစ်နေတယ်"

အကြီးကောင်က အငယ်ကောင်ကို တိုးတိုးလေးပြောသည်။

"ဟေ့ ဒီအချိန်ဟာ ပြတင်းပေါက်မှန်ကို တို့ခွဲမိကြောင်း ဝန်ခံဖို့ အကောင်းဆုံးအချိန်ပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



## ၁၇၀။ လွန်တာပေါ့

နယ်လှည့်ဆပ်ကပ်အဖွဲ့တစ်ဖွဲ့သည် မြို့ကလေးတစ်မြို့၏ ဗဟိုဈေးကွက်လပ်တွင် ဖျော်ဖြေနေသည်၊ ဆပ်ကပ်ဆရာက ဝိုင်းအုံကြည့်နေကြသော လူအုပ်ကို တိုင်တည်လိုက်သည်။

"လေးစားအပ်တဲ့ ပရိသတ်များခင်ဗျား၊ အခု လူကြီးမင်းတို့ရဲ့ ရှေ့မှောက်မှာ ဟောဒီ ကျောက်မီးသွေးခဲ၊ ဟောဒီ ကျောက်ခဲတုံးနဲ့ ဟောဒီ အိမ်ရိုက်သံများကို ကျွန်တော် ဝါးစားပြပါမယ်၊ အဲဒီနောက်မှာ ဒီလို ခက်ခဲတဲ့ပညာနဲ့ ဝမ်းစာရှာနေကြတဲ့ ကျွန်တော်တို့ဆပ်ကပ်ပညာသည်တွေကို သနားသောအားဖြင့် ထမင်းဖိုး မ,စကြမယ်လို့ မျှော်လင့်လိုပါတယ် ခင်ဗျာ"

ပရိသတ်ထဲမှ အသံတစ်သံ ပေါ်ထွက်လာသည်။

"ဒါတွေစားပြီးတာတောင် ထမင်းစားချင်သေးတယ်ဆိုတော့ လွန်တာပေါ့"

## ၁၇၁။ စားတဲ့ထမင်း ပြန်ထွက်ချင်တယ်

ကပ်စေးနဲသည်ဟု နာမည်ကြီးသော ကိုမြ၏အိမ်သို့ အိမ်နီးချင်း လင်မယား အလည်လာသည်၊ ကိုမြ၏ဇနီးက ၎င်းတို့ကို ညစာ ထမင်းကျွေးသည်။

"စားကြပါနော်၊ အားမနာပါနဲ့၊ ဒါက ပုစွန်ချဉ်လက်သုပ်၊ ဒါက ဝက်သားဆီပြန်၊ ဒါက ကင်ပွန်းရွက်ဟင်းချို၊ ဒါက ချဉ်ပေါင်ကြော်၊ ယူပါ၊ ထည့်ပါ၊ အားရပါးရ စားကြပါရှင်"



ဤတွင် ကိုမြ နေရာက ဝုန်းခနဲထပြီး ဇနီးကို အော်ငေါက်လိုက်သည်၊ ကိုမြ၏ စကားကြောင့် ဧည့်သည်များ ထမင်းနင်သလို ဖြစ်သွားကြသည်၊ ကိုမြ ပြောလိုက်သော စကားမှာ ဤသို့ဖြစ်သည်။

"ဟေ့၊ ဘာဖြစ်လို့ တစ်ချိန်လုံး 'စားကြပါ၊ စားကြပါ၊ ယူကြပါ၊ ထည့်ကြပါ'နဲ့ ပြောနေရတာလဲ၊ သူတို့မြင်ကြပါတယ်ကွ၊ အကန်းမှ မဟုတ်ဘဲ"

## ၁၇၂။ နှောင်နှစ်မှ ရမယ်

စကော့တလန်သား ကုမ္ပဏီပိုင်ရှင်က မိမိ၏ ဝန်ထမ်းများကို ပြောသည်။

"လွန်ခဲ့တဲ့နှစ်က ခင်ဗျားတို့တစ်တွေ အလုပ်ကို ကြိုးစား လုပ်ခဲ့ကြတဲ့အတွက် ကုမ္ပဏီရဲ့ အမြတ်အစွန်းဟာ သိသိသာသာ တိုးလာခဲ့တယ်၊ အဲဒီအတွက် ခင်ဗျားတို့အားလုံး တစ်ယောက်ကို ပေါင်စတာလင် ၂၀-စီ ရကြမယ်၊ နှောင်နှစ်







www.burmeseclassic.com

www.burmeseclassic.com


မှာ ခင်ဗျားတို့ ဒီလိုပဲ အလုပ်ကို ကြိုးစားလုပ်ကြမယ်ဆိုရင် အဲဒီချက်လက်မှတ်ကို ကျွန်တော် လက်မှတ်ထိုးပေးမယ်"

### ၁၁၁။ နေရာလွတ်မရှိဘူး

လေးယောက်စီး တက္ကစီကားပေါ်တွင် ခရီးသည် ၇-ယောက် ကြပ်သိပ်စွာ လိုက်ပါလာသည်ကို မြင်သဖြင့် ယာဉ်ထိန်းရဲက တားသည်၊ ဒရိုင်ဘာက ကားကို ရပ်မပေးဘဲ အရှိန်မြှင့်မောင်းပြေးသည်၊ ခရီးသည်တစ်ယောက်က နားမလည်ဟန်ဖြင့် ၎င်းကို မေးသည်။

"ဟေ့လူ! ခင်ဗျား ဘာဖြစ်လို့ ရဲက လက်တားတာကို ရပ်မပေးတာလဲ"

"သူ့ကို ဘယ်နေရာမှာ ထိုင်ခိုင်းရမှာလဲဗျ"ဟု ကားသမားက မကျေမချမ်း ပြန်ပြောသည်။

### ၁၁၂။ အရက်ပါသလား

အရက်ခွက်ကို ကိုင်ထားသူက စားပွဲထိုးကို မေးသည်။

"ဟေး ဘွိုင်၊ ဒီခွက်ထဲကို ခင်ဗျား ဆိုဒါအရင်ထည့်သလား၊ ဒါမှမဟုတ် ဝီစကီအရင်ထည့်သလား"

"ဝီစကီကို အရင်ထည့်ပါတယ်ခင်ဗျ"

"အင်း ဒီလိုဆို ဝီစကီဆီအထိရောက်အောင် ဆက်သောက်လိုက်ဦးမယ်"



### ၁၁၃။ ငါးမှုးဆိုတော့ပြီ



စကော့တလန်သားတစ်ယောက်ကို ရေထဲက ကယ်တင်လိုက်သည်၊ ၎င်း ကောင်းကောင်း သတိရလာသောအခါဇနီးဖြစ်သူက ပြောသည်။

"ဒါလင်၊ ဒါလင့်ကို ကယ်တင်တဲ့ လူငယ်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ တစ်စတာလင်ပေါင် ဆုချလိုက်ရင် မကောင်းဘူးလား"

"ကောင်းတယ် မိန်းမရယ်၊ ဒါပေမယ့် တကယ်တမ်း ပြောရရင် သူ ကိုယ့်ကို ရေထဲက ဆွဲထုတ်ချိန်မှာ ကိုယ် သတိနည်းနည်း ပြန်ရနေပြီကွ၊ ဒါကြောင့် ပေါင်ဝက်ဆိုရင် တော်လောက်ပါပြီ"

### ၁၁၄။ ရုံထောက်ဝတ္ထု

ရုံးအဖွဲ့မှူးက စာရေးမောင်မြကို ပြောသည်။

"ဟေ့ မောင်မြ၊ ရုံးချိန်အတွင်းမှာ ဘာဖြစ်လို့ ရုံထောက်ဝတ္ထုတွေကိုပဲ ဖတ်နေရတာလဲ"

"ရုံးထဲမှာ အသံဗလံတွေ ဆူညံလွန်းတော့ စာကြီးပေကြီးတွေကို အာရုံစိုက်ဖတ်ဖို့ မလွယ်လို့ပါ"


www.burmeseclassic.com

www.burmeseclassic.com



## ၁၀၅။ အသေမပြောင်နိုင်ဘူး

ဇိမ်ခံသင်္ဘောကြီးတစ်စင်း ပင်လယ်ထဲတွင် နစ်မြုပ်သည်၊ ခရီးသည်အားလုံးနီးပါး သေဆုံးကုန်ကြသည်၊ အင်္ဂလိပ်မတစ်ယောက်နှင့် စကော့တလန်မတစ်ယောက်သာ ကံကောင်းထောက်မ၍ အသက်မသေ ကျန်ရစ်ကာ ကျွန်းကလေးတစ်ကျွန်းပေါ် ရောက်သွားကြသည်၊ လူသူဟူ၍ လုံးဝမရှိသော ကျွန်းပေါ်တွင် ပါသမျှ အစားအစာတို့ဖြင့် အသက်ဆက်နေကြသည်၊ ရက်အနည်းငယ်ကြာသော် ဘာမျှစားစရာ မကျန်တော့၊ ကျွန်းပေါ်တွင်လည်း ဘာမှ စားစရာမတွေ့ကြသည်နှင့် အင်္ဂလိပ်မက စိတ်ပျက်လက်ပျက်နှင့် ပြောသည်။

"ဒီအတိုင်းဆိုရင် မကြာခင် အစာငတ်ပြီး တို့နှစ်ယောက် သေမှာတော့ သေချာတယ်"

စကော့တလန်အမျိုးသမီးက ငိုသံပါကြီးနှင့် ပြောသည်။

"ဒီအထဲ ကျွန်မ အပြန်သင်္ဘောလက်မှတ်ပါ ပျောက်နေသေးတယ်"

## ၁၀၆။ ဘယ်လိုသောက်ရမလဲ

ဧည့်သည်က ဟိုတယ်မန်နေဂျာကို ခေါ်လိုက်သည်၊ မန်နေဂျာရောက်လာသောအခါ ဧည့်သည်က ပြောသည်။

"ကျွန်တော့်ကို ပေးထားတဲ့ ဟင်းချိုကို သောက်ကြည့်စမ်းပါ"

"လူကြီးမင်းခင်ဗျာ၊ ဆားပေါ့တယ်၊ ဒါမှမဟုတ် ဆားငန်တယ်ဆိုရင် ..."





"ခင်ဗျားကို ကျွန်တော် ထပ်ပြောမယ်၊ ကျွန်တော့် ဟင်းချိုကို သောက်ကြည့်စမ်းပါ"



မန်နေဂျာသည် ထိုလူထိုင်နေသော စားပွဲတွင် ဝင်ထိုင်လိုက်ကာ ဟင်းချိုကို သောက်ကြည့်ရန် ပြင်သည်။

"ဟင်၊ ဒီမှာ ဇွန်းမှ မရှိဘဲ၊ ကျွန်တော် ဘယ်လို သောက်ရမလဲခင်ဗျ"

"အောင်မယ်လေးဗျာ၊ ခင်ဗျား အခုမှ သဘောပေါက်တော့တာကိုး"

## ၁၀၇။ မလိမ်တတ်ဘူး

ဆပ်ကပ်ရုံပိုင်ရှင်က ချာလီအမည်ရှိ လူငယ်ကို သားရဲတိရစ္ဆာန်များထားရာ လှောင်အိမ်များအား ဆေးကြောရသည့် သန့်ရှင်းရေးလုပ်သားအဖြစ် ဝင်ရောက်အမှုထမ်းရန် ခေါ်သည်။

"ဒီအလုပ်ဟာ မောင်ရင်ထင်သလို အန္တရာယ် မများပါဘူး၊ အရေးအကြီးဆုံးက ခြင်္သေ့ (သို့မဟုတ်) ကျားရဲ့ လှောင်အိမ်ထဲဝင်တဲ့အခါမှာ မင်း သူတို့ကို လုံးဝ မကြောက်ဘူးဆိုတာ သူတို့ သိနားလည်အောင် လုပ်ဖို့ပဲ လိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး ထင်ပါတယ်ခင်ဗျာ၊ ကျွန်တော် လုံးဝ မလိမ်တတ်ဘူးခင်ဗျ"

## ၁၀၈။ ပင်းဗွင်းငှက်

အီတလီနိုင်ငံ၊ ရောမမြို့တွင် ဖြစ်သည်။ ဘတ်စ်ကားပေါ် လိုက်ပါလာသော တိုတိုအမည်ရှိ ချာတိတ်သည် မိမိ၏ဘေးနားတွင် ထိုင်နေသော မယ်သီလရှင် (ကက်သလစ်ခရစ်ယာန်)ကို စိတ်ဝင်စားစွာ ကြည့်သည်၊ ထို့နောက် မယ်သီလရှင်နှင့် စကားလက်ဆုံကျသွားကြသည်၊ တိုတို ဆင်းရမည့်မှတ်တိုင်သို့ ရောက်သောအခါ တစ်ခုံကျော်တွင် ထိုင်နေသော တိုတို၏အမေက မယ်သီလရှင်ကို အားနာစွာ ပြောသည်။

"အားနာလိုက်တာ မာသာရယ်၊ ကျွန်မသားလေးဟာ သိပ်အမေးအမြန်း ထူတယ်ရှင့်၊ တစ်ခုခု မှားတာရှိရင် ဗွေမယူပါနဲ့နော်"

"ရပါတယ်၊ ကိစ္စမရှိပါဘူး၊ တစ်ခုပဲ တောင်းပန်ချင်တယ်၊ ကျွန်မဟာ တကယ်တမ်းဆိုရင် ပင်းဗွင်းငှက်မဟုတ်ဘူးဆိုတာ ကလေးကို မပြောလိုက်ပါနဲ့နော်"

## ၁၀၉။ လုပ်အား

ကွန်ပျူတာတင်ထားသော စားပွဲရှေ့တွင် စာရေးမနှစ်ဦး ထိုင်နေကြသည်၊ တစ်ယောက်က ပြောသည်။

"ယုံသလား၊ ဒီကွန်ပျူတာကလေးဟာ ယောက်ျားဆယ်ယောက်ရဲ့ လုပ်အားကို အစားထိုးနိုင်သတဲ့"



"ယူပြောတာ မှန်ကောင်း မှန်မယ်၊ ဒါပေမယ့် အိုင်ကတော့ ဘာပဲပြောပြော ယောက်ျားလုပ်အားကိုပဲ ပိုကြိုက်တယ်"

## ၁၁၀။ ဗိတ်ကုန်မှာပေါ့

တရားရုံးတွင် ဖြစ်သည်၊ တရားခံ၏ ရှေ့နေက တရားလိုပြသက်သေ၏ ထွက်ဆိုချက် ကမောက်ကမ ဖြစ်သွားအောင် ကြိုးစားနေသည်။

"ကောင်းပြီ၊ အရက်တစ်ပုလင်းလုံးကို ခင်ဗျား တစ်ထိုင်တည်းနဲ့ မော့ပစ်လိုက်တယ်လို့ ခင်ဗျားဆိုတယ်နော်"

"ကျွန်တော် ဘာလုပ်သင့်တယ်လို့ ရှေ့နေမင်း ထင်သလဲ၊ ကျွန်တော် ပြောပြီးပြီပဲ၊ ပုလင်းအဖုံး ပျောက်သွားပါတယ်လို့"





www.burmeseclassic.com

www.burmeseclassic.com



## ၁၉၁။ တံလျှပ်

အစာပြတ်၊ ရေငတ်ဖြစ်နေသော လူတစ်ယောက် သဲကန္တာရထဲတွင် ကျန်သမျှ အားအင်ကလေးဖြင့် အနိုင်နိုင် လျှောက်နေသည်၊ ရုတ်တရက် ၎င်းနှင့် မလှမ်းမကမ်းဟစ်နေရာတွင် အစားအသောက်ရော၊ ဖျော်ရေများပါ ရောင်းသည့် ဆိုင်ကလေးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်၊ ၎င်းဆိုင်မှ အစားအစာနှင့် ဖျော်ရေကို အားရပါးရ စားသည်၊ ထို့နောက် ဆိုင်ရှင်ကို မေးသည်။

"ဈေးရောင်းလို့ အင်မတန်ကောင်းတဲ့ နေရာပဲဗျနော်၊ ခင်ဗျား သန်းကြွယ်သူဌေး ဖြစ်နေပြီထင်တယ်"

"ဘယ်ကလာ သန်းကြွယ်သူဌေး ဖြစ်ရမှာလဲ၊ ကျုပ်ဆိုင်မှာ ဝင်စားတာ ခင်ဗျားဟာ ပထမဦးဆုံးပဲ၊ ကျန်တဲ့ လူတွေက တံလျှပ်လို့ထင်ပြီး ဆက်လျှောက်သွားကြတာဗျ"

---

## ၁၉၂။ အလိမ်ပေါ်ပြီ

ဆိုဗီယက်ဂျူးနှစ်ယောက် တွေ့ကြသည်၊ တစ်ယောက်က ကျန်တစ်ယောက်ကို မေးသည်။

"အာဘရမ်၊ ခင်ဗျားကိုကြည့်ရတာ မျက်နှာမသာမယာ ဖြစ်နေပါလား"

"ဟုတ်တယ်၊ ကျွန်တော့်ကို မြို့နယ်ပါတီယူနစ်ကော်မတီရဲ့ ပထမအတွင်းရေးမှူးအဖြစ်ကနေ ထုတ်ပယ်လိုက်လို့"



"ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော် ပါတီဝင် မဟုတ်ဘူးဆိုတာကို ဘယ်ကောင်လဲမသိဘူး အထက်ကို တိုင်လိုက်တယ်ဗျာ"

---

## ၁၉၃။ ဟုတ်သလိုလိုပဲ

"လူ့ဘဝမှာ ငွေကို ဖြုန်းချင်ဖြုန်း၊ ဒါမှမဟုတ် စုချင်စု၊ တစ်ခုခုကို ရွေးရမယ်၊ နှစ်ခုစလုံးကို တစ်ပြိုင်တည်းလုပ်ဖို့ အချိန်လုံလောက်မှာ မဟုတ်ဘူး"

---

## ၁၉၄။ သော့ခလောက်

ဝယ်သူ – "ဒီသော့ခလောက်ကို ကျွန်တော် ယူလို့ မဖြစ်ဘူး၊ ဒီကောင်က ပိတ်လို့ပဲရတယ်၊ ဖွင့်လို့မရဘူး"

ရောင်းသူ – "ဒါဆို ဟောဒီ နောက်တစ်လုံးကိုပါ ယူလိုက်ပါ၊ ဒီကောင်က ဖွင့်လို့ပဲရယ်၊ ပိတ်လို့မရဘူး"

---

## ၁၉၅။ အကြွေးပေးပါ

ခန်းမကြီးထဲတွင် ဖြစ်သည်၊ စိတ်ညှို့ဆရာက ကြေညာသည်၊





www.burmeseclassic.com

www.burmeseclassic.com



"အခု ဟောဒီလူကြီးကို ကျွန်တော် စိတ်ညို့ပြမယ်၊ သူ့ အရာခပ်သိမ်းကို မေ့သွားလိမ့်မယ်"

အခန်းထဲမှ စိုးရိမ်သံတစ်ခု ပေါ်ထွက်လာသည်။

"ခဏနေပါဦး၊ ကျွန်တော့်အကြွေးကို အရင်ပြန်ဆပ်ခိုင်းပါ"

## ၁၉၆။ တစ်နေ့တစ်လုံးသင်မယ်

လူတစ်ယောက် ဆရာဝန်ထံ ရောက်လာပြီး စာရွက်တစ်ရွက်ကို ကမ်းပေးသည်၊ စာရွက်ပေါ်တွင် ဤသို့ ရေးထားသည်။

"ဒေါက်တာ ကျွန်တော့်ကို ကူပါဦး၊ ကျွန်တော် စကားမပြောတတ်ဘူး"

ဆရာဝန်က ပြုံးပြီး ၎င်းကို ပြောသည်။

"ခန်းဆီးနောက်ကို ဝင်ပြီး ဘောင်းဘီကို ချွတ်လိုက်ပါ၊ ဆေးထိုးပေးမယ်"

လူနာသည် ဆရာဝန်ပြောသည့်အတိုင်း ခန်းဆီးနောက်သွားပြီး ဘောင်းဘီကို ချွတ်သည်၊ ဆရာဝန် ဝင်လာပြီး ဆေးထိုးအပ်ကို လူနာ၏တင်ပါးထဲသို့ ခပ်နက်နက် ထိုးစိုက်လိုက်သည်၊ နာလွန်းသဖြင့် လူနာ မအောင့်နိုင်တော့။ ပါးစပ်မှ အသံထွက်လာသည်။

"အာ (ရုရှားစာလုံး A၏ အသံထွက်ဖြစ်သည်)"

"မနက်ဖြန်ထပ်လာခဲ့၊ Bကို ဆက်သင်ကြမယ်"





## ၁၉၇။ သိတော့သိတယ်



(ယခင် ဆိုဗီယက်ခေတ် တက္ကသိုလ်ကျောင်းများတွင် ရေးဖြေအပြင် လူတွေ့စစ်မေးပွဲပါ လုပ်သည်၊ လူတွေ့စစ်မေးရာ၌ မေးခွန်းများကို စက္ကူဖြင့် လိပ်ထားပြီး ကျောင်းသားက မဲနှိုက်သလို နှိုက်ယူရသည်၊ မိမိရသော စာရွက်လိပ်ပါ မေးခွန်းကို ဆရာများအား ဖြေကြားရသည်။)

အခန်းထဲသို့ ကျောင်းသား ဝင်လာသည်၊ စာရွက်လိပ်ကို နှိုက်သည်၊ ဖွင့်ကြည့်လိုက်သောအခါ ၎င်းမဖြေနိုင်သော မေးခွန်းဖြစ်နေသည်၊ ကျောင်းသားက မဝံ့မရဲ မေးသည်။

"ဆရာ၊ နောက်တစ်လိပ် နှိုက်လို့ရမလားဟင်"

"ယူလေ"

ဒုတိယစာရွက်လိပ်ကို ယူလိုက်သည်။

"ဆရာ၊ နောက်တစ်လိပ် နှိုက်လို့ရဦးမလားဟင်"

"အေးအေး၊ ယူပါကွာ"

ယူလိုက်သည်၊ ဤမေးခွန်းကိုလည်း မဖြေနိုင်ချေ။

"ဆရာ၊ နောက်တစ်စောင် နှိုက်ပါရစေဦး"

"ဟော၊ ယူချင်သေးတယ်ဟုတ်လား၊ အေး ယူပါကွာ"



www.burmeseclassic.com

www.burmeseclassic.com

နောက်စာ..က်လိပ်ကို ကျောင်းသား ယူလိုက်သည်၊ ဖွင့်ကြည့်သည်၊ ထို့နောက် ဘာမှမပြောဘဲ အခန်းထဲမှ ထွက်သွားသည်၊ ပါမောက္ခက စာဖြေသူများစာရင်းစာရွက်ရှိ စောစောက ကျောင်းသား၏ နာမည်ဘေးတွင် 'ဂရိတ်သရီး'ဟု ရေးလိုက်သည်။ ဘေးတွင် ထိုင်နေသော ကထိက,က ပါမောက္ခကို မေးသည်။

"ဆရာကြီး၊ ဘာဖြစ်လို့ 'ဂရိတ်သရီး'ပေးလိုက်တာလဲ"

"တစ်ခုခုကို သူ ရှာနေပုံထောက်တော့ တစ်ခုခုကို သူသိတာ သေချာတယ်လေ"

## ၁၉၈။ စစ်ရခက်ကြီး

သမီးက အမေကို ပြောသည်။

"အိပ်ရင် ဟောက်တတ်တဲ့ယောကျ်ားကို သမီး ဘယ်တော့မှ အိမ်ထောင်မပြုဘူး"

"မှန်တာပေါ့ သမီးရယ်၊ ဒါပေမယ့် တစ်ခုပဲရှိတယ်၊ ယောကျ်ားလောင်းတွေကို သမီး ဘယ်လိုစစ်ဆေးမလဲ"

## ၁၉၉။ အရေးကြီးတာ အရင်ပြောမှပေါ့

တောရွာတစ်ရွာတွင် ရှုရားကြီးနှစ်ယောက် စကားပြောနေကြသည်။

"မနေ့က အာကာသယာဉ်ကို လွှတ်တင်လိုက်ပြန်ပြီတဲ့"





"ခဏခဏ လွှတ်နေကြတာပါ၊ သိပ်မထူးဆန်းတော့ပါဘူး"

"အနုမြူအသည်းကို တီထွင်လိုက်တယ်လို့လည်း ကြားရတယ်"

"သိပ္ပံပညာ လေ၊ မကြားဖူးတာတွေ ဆက်တိုက် တီထွင်ကြမှာပဲ"



"အာဖရိကတိုက်မှာ အမျိုးသမီးတစ်ယောက် ရှစ်မွှာပူး မွေးသတဲ့"

"အာဖရိကမှာတင် မဟုတ်ပါဘူး"

"မနေ့က နီကိုလိုင်အိမ်မှာ အရက်ပုန်းကို ရှာတွေ့သွားကြသတဲ့"

"ဟေ ဟုတ်လား၊ အသေးအမွှားကိစ္စတွေကို အရင်ပြောပြီး အခုလို အရေးကြီးတာကျတော့ ဘာဖြစ်လို့ အခုမှ ပြောရတာလဲဗျ၊ ဒုက္ခပါပဲ၊ ငါ့အရက်ပုန်းတွေကို အမြန်ဆုံး သွားဖွက်ဦးမှပဲ"

## ၂၀၀။ မြန်မြန်သေစေချင်တာလား အချစ်ရယ်

ဂျူးအဘိုးကြီး အာဘရမ်သည် လှုပ်တုတ်လှုပ်တုတ်ဖြင့် အိမ်သို့ ပြန်ရောက်လာသည်။ မိန်းမဖြစ်သူက ဆီးကြိုအပြစ်တင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘယ်သွားနေတာလဲ၊ ညစာအတွက် ပြင်ထားတဲ့ ထမင်းဟင်းတွေတောင် အေးကုန်ပြီ"

"အေးကွာ၊ မြို့ထဲသွားပြီး ပိတ်စနှစ်ကိုက်ခွဲ သွားဝယ်တာနဲ့ အချိန်နည်းနည်း နောက်ကျသွားတယ်"

"ပိတ်စကို ဘာလုပ်ဖို့လဲ"

"ငါ့သေရင်ဝတ်ဖို့ ရှပ်အင်္ကျီချုပ်မလို့၊ မိုရှေးတို့ အပ်ချုပ်ဆိုင်မှာ တစ်ခါတည်း အပ်ခဲ့ပြီ"

"တခြားဆိုင်မှာ အပ်ရောပေါ့၊ မိုရှေးချုပ်ရင် ရှင့်အင်္ကျီ နောက်သုံးလလောက်ကြာမှ ရမှာသေချာတယ်"

## ၂၀၁။ လိုတာပြောပါ

လူကြီးတစ်ယောက် နာရီဆိုင်သို့ ရောက်လာပြီး အရောင်းစာရေးကို ပြောသည်။

"ကျွန်တော်တို့ရုံးအတွက် နာရီတစ်လုံးဝယ်ချင်တယ်"

"တိုင်ကပ်နာရီယူမလား၊ နှိုးစက်နာရီယူမလား"

## ၂၀၂။ တစ်ယောက်တော့နေခဲ့

ပဲရစ်မှ မိမိနေထိုင်ရာမြို့သို့ ပြန်မည့် စီးပွားရေးလုပ်ငန်းရှင်သည် မိမိစီးရမည့် အိပ်ခန်းတွဲသို့ တက်လိုက်သည်၊ မိမိလိုက်ပါရမည့် အခန်းထဲသို့ ဝင်လိုက်သောအခါ အမျိုးသမီးချောချောလှလှနှစ်ယောက်







ထိုင်နေသည်ကို တွေ့ရသည်၊ သို့ဖြင့် လက်မှတ်များကို စစ်ဆေးကြည့်လိုက်ကြရာ အမျိုးသမီးငယ်နှစ်ယောက်မှာ အတွဲမှားပြီး တက်လာကြောင်း ပေါ်လွင်သွားသည်၊ အထုပ်အပိုးများကို ပြန်သယ်ကာ တခြားအတွဲတစ်ခုသို့ ပြောင်းရွှေ့ရမည်ကို ဝန်လေးကြသဖြင့် အမျိုးသမီးနှစ်ဦးစလုံး မျက်နှာကို အချိုဆုံးပြုံးကာ လုပ်ငန်းရှင်ကို ဝိုင်းပြောကြသည်။

"အစ်ကိုကြီးရယ်၊ ကျွန်မတို့နှစ်ယောက် အစ်ကိုကြီးရဲ့ အခန်းမှာပဲ အစ်ကိုကြီးနဲ့အတူ လိုက်ပါပါရစေနော်၊ နော်"

လူကြီး အကျပ်ရိုက်ဟန်ဖြင့် သက်ပြင်းချပြီး ပြန်ပြောသည်။

"ညီမလေးတို့ရေ၊ အစ်ကိုကြီးကို အမှန်အတိုင်းနားလည်စေချင်ပါတယ်ကွယ်၊ အစ်ကိုကြီးဟာ အိမ်ထောင်ရှင်၊ ပြီးတော့ ဂုဏ်သရေရှိ လူကြီး၊ ဘာနာမည်ပျက်မှ မရှိတဲ့လူ၊ အဲဒါကြောင့် ညီမလေးတို့နှစ်ယောက်အနက် တစ်ယောက်ကတော့ တခြားအတွဲကို ပြောင်းကို ပြောင်းရပါလိမ့်မယ်ကွယ်"

www.burmeseclassic.com

## ၂၀၃။ ခြွေတာရေး

မျက်နှာ မသာမယာဖြစ်နေသော ယောကျ်ားကို မိန်းမက မေးသည်။

"ရှင် ဘာကိစ္စအတွက် သောကရောက်နေတာလဲ"

"မင်းကို ငါ အမှန်အတိုင်း ပြောမယ်၊ ငါတို့ရဲ့ စီးပွားရေးအခြေအနေ တဖြည်းဖြည်း ကျဆင်းလာနေတယ်ကွ၊ အဲဒါကြောင့် တို့ ခြွေတာဖို့ လိုလာပြီ"

"ကောင်းပြီလေ၊ ကျွန်မ ဘာလုပ်ရမလဲ၊ ချေးတာ လျှော့ရမလား၊ အကြွေးဆပ်တာ လျှော့ရမလား"

## ၂၀၄။ ကျွန်မပါပဲ

"တရားသူကြီးမင်းရှင့်၊ ကျွန်မ အပြစ်မရှိပါဘူး၊ ကျမ်းကျိန်ပြီး ပြောရဲပါတယ်"

"ဒါပေမယ့် အထောက်အထား အချက်အလက်တွေက အပြစ်ရှိကြောင်း ညွှန်ပြနေပါလား၊ ဟောဒီမှာ သက်သေတစ်ယောက်ရဲ့ ထွက်ချက်ထဲမှာ အတိအကျ ဆိုထားတယ်။ 'ငယ်ရွယ်နုပျိုရုံမက မည်သူမှ မတုနိုင်သော ဆင်မယဉ်သာ လှျောက်ဟန်မျိုးဖြင့် အချိုးကျနပြေပြစ်လှသော အမျိုးသမီး' တဲ့"

"ဟုတ်ကဲ့၊ အဲဒါဆို ကျွန်မပါပဲ"





## ၂၀၅။ စိတ်မပူပါနဲ့



မိမိပိုင် စက်ရုံမှ ထုတ်လုပ်သော ကျောက်ကပ်ရောဂါကု ဆေးသည် စားသုံးသူ၏ မျက်လုံးကို (ကန်းသွားသည်အထိ) ထိခိုက်စေနိုင်ကြောင်း သိရှိလိုက်ရသော ဆေးဝါးထုတ်လုပ်ရေး စက်ရုံပိုင်ရှင်သည် အကြီးအကျယ် စိတ်ညစ်နေသည်၊ စက်ရုံ၏ အရောင်းဌာနခွဲမှ တာဝန်ခံက ပိုင်ရှင်ကို ပြောသည်။

"အန်ကယ်လ်၊ ကျွန်တော်ကို တာဝန်ပေးစေချင်ပါတယ်၊ ထုတ်ပြီးသား ဆေးတွေအားလုံးကုန်အောင် ကျွန်တော် ရောင်းပေးပါ့မယ်၊ တစ်ပြားမှ မဆုံးရှုံးစေရပါဘူး"

နောက်တစ်ပတ်ကြာသော် ဆေးအားလုံးကို ရောင်းပြီးပြီဖြစ်ကြောင်း ၎င်း သတင်းပို့သည်။

"ဝယ်မယ့်လူတွေ့လို့ အကုန်လုံးကို ရောင်းလိုက်ပါပြီ"

"ဘယ်သူ့ကို ရောင်းလိုက်တာလဲ၊ သူတို့တစ်တွေ အကုန်လုံး မျက်စိကန်းကုန်ကြတော့မှာပဲ၊ ကျုပ်တို့ကို တရားစွဲကြတော့မှာပဲ"

"စိတ်မပူပါနဲ့ခင်ဗျာ၊ မျက်မမြင်များအသင်းကို ကျွန်တော် ရောင်းလိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၆။ အံ့ဩကုန်နိုင်ဖွယ်

"ကျွန်တော် မိန်းမတစ်ယောက်ကို တွေ့ဖူးတယ်၊ ငှက်တွေကိုတုပြီး သူ သီချင်းဆိုတယ်၊ ဘယ်လောက် တူအောင် ဆိုနိုင်သလဲဆိုရင် သူ လမ်းထွက်လျှောက်တဲ့အခါ သူ့နောက်ကို ငှက်တွေ လိုက်ပျံကြတယ်"

"ကျွန်တော်လဲ ယောကျ်ားတစ်ယောက်ကို မြင်ဖူးတယ်၊ သူကတော့ ကြက်ဖလို လိုက်ပြီး တူအောင် တွန်တတ်တယ်၊ ဘယ်လောက်အထိဖြစ်သလဲဆိုရင် သူ 'အောက်အီအီးအွတ်' လို့ တွန်လိုက်တဲ့အခါ နေစထွက်တယ်"

## ၂၀၇။ အားလုံးမှန်တယ်

သူငယ်ချင်းသုံးယောက် ရေချိန်ကိုက်ပြီး ညဥ့်နက်အချိန်တွင် အရက်ဘားမှ ထွက်လာကြသည်။ တစ်ယောက်က ကောင်းကင်ကို မော့ကြည့်ပြီး ပြောသည်။

"လမင်းကြီးဟာ လေးထောင့်ကြီးပါလား"

"ဘယ်ကလာဟုတ်ရမှာလဲ၊ တြိဂံပုံကြီး"

"ဟေ့ကောင်တွေ ငြင်းမနေကြနဲ့၊ မင်းတို့နှစ်ယောက်စလုံး မှန်တယ်၊ တစ်ခုက လေးထောင့်၊ နောက်တစ်ခုက တြိဂံ"





## ၂၀၈။ အသက်အာမခံ



"ကျွန်တော့်အသက်ကို အာမခံထားချင်ပါတယ်"

"မိတ်ဆွေမှာ မော်တော်ကား ရှိပါသလား"

"ဟင့်အင်း မရှိဘူး"

"မော်တော်ဆိုင်ကယ်ကော"

"မရှိဘူး"

"ဘာလဲ စက်ဘီးနဲ့ သွားသလား"

"ဟင့်အင်း"

"ဒါဆို ဆောရီးပဲ၊ ကျွန်တော်တို့ကုမ္ပဏီက လမ်းလျှောက်သူတွေအတွက် အသက်အာမခံ မလုပ်ပေးပါဘူး၊ အန္တရာယ်များလွန်းလို့ပါ"

## ၂၀၉။ တစ်ခုခုများ ဖြစ်သလားလို့

အင်မတန်နောက်ကျပြီးမှ ရုံးသို့ ရောက်လာသော စာရေးကြီးကိုမြကို ရုံးအရာရှိကြီး ဦးလှက ပြောသည်။

"ကိုမြ၊ ခင်ဗျား ရုံးကို ကိုးနာရီတိတိမှာ ရောက်ပြီးသား ဖြစ်နေရမယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်၊ ဘာလဲ၊ ကျွန်တော် မရောက်ခင်မှာ တစ်ခုခုများ ဖြစ်သလား ခင်ဗျာ"

## ၂၃၀။ သိရမယ်

"ကိုစိုးမောင်၊ ခင်ဗျား ပဲရစ်ကို ရောက်ဖူးလား"

"ဟင့်အင်း၊ မရောက်ဖူးဘူး"

"ဒါဆို ခင်ဗျား ကျွန်တော့်ညီမကို သိလိမ့်မယ်၊ သူလည်း မရောက်ဖူးဘူး"

## ၂၃၁။ မမေ့ရင်ခက်မယ်

"ခင်ဗျားပြောတဲ့အတိုင်းသာဆိုရင် ကျွန်တော်တို့ရဲ့ ပါမောက္ခကြီးဟာ မေ့ပြီး အဝတ်အစား မချွတ်ဘဲ ရေချိုးဖို့ ရေချိုးခန်းထဲကို ဝင်သွားတယ်နော်"

"ဟုတ်တယ်"

"သူ့ခမျာ တစ်ကိုယ်လုံး ရွှဲရွှဲစိုကုန်မှာပဲ"

"ဟင့်အင်း၊ သူ ရေပိုက်ခေါင်းကို ဖွင့်ဖို့ မေ့သွားတယ်"

## ၂၃၂။ မျိုးရိုး

စကော့တလန်သားနှစ်ယောက် ပြောနေကြသည်။





"ဆိုင်မှာ ခင်ဗျားကို ခင်ဗျားရဲ့သား ကူမရောင်း ပေးတော့ဘူးလား"



"ဟင့်အင်း၊ ချာတိတ်ကို ရွာက သူ့အဘွားဆီပို့လိုက်တယ်"

"ဘာဖြစ်လို့လဲ၊ ချာတိတ် နေမကောင်းလို့လား"

"ဟင့်အင်း၊ လာဝယ်တဲ့လူတွေကို ကျွန်တော် အကြွေပြန်အမ်းတိုင်း သူငိုလို့"

## ၂၃၃။ မေးပဲမေးရက်တယ်

အမျိုးသမီးတစ်စု လက်ဖက်ရည်သောက်ရင်း ဝိုင်းဖွဲ့ စကားပြောနေကြသည်။ တစ်ယောက်က ပြောသည်။

"တစ်နေ့က သတင်းစာတစ်စောင်မှာ ဖတ်လိုက်ရတယ်၊ ပစိဖိတ်သမုဒ္ဒရာထဲက ကျွန်းကလေးတစ်ကျွန်းပေါ်မှာ လူသားစား အရိုင်းအစိုင်းတွေချည်း နေနေကြတယ်ဆိုပဲ"

ဤတွင် ထုံသည်၊ အတွေးခေါင်သည်ဟု အားလုံးက သိထားကြသော အမျိုးသမီးတစ်ယောက်က မေးသည်။

"ဟင် ဟုတ်လား၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်သူမှ ဘာမှ မလုပ်ကြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

“လုပ်ပါသော်ကော၊ အခုတင် သာသနာပြုဘုန်းကြီး ဆယ်ပါးကို လွှတ်လိုက်ပြီတဲ့”

“ဘာလဲ၊ ကျွန်းပေါ်ကလူတွေ အငတ်ဘေးနဲ့ ကြုံနေရလို့လားဟင်”

## ၂၁၄။ မထုံပါဘူး

သူငယ်ချင်းမနှစ်ယောက် စကားပြောနေကြသည်။

“အေမီရေ၊ အင်မတန် စိတ်ဆင်းရဲရတဲ့ ကိစ္စတစ်ခုကို အိုင် သိလိုက်ရတယ်ကွယ်”

“ဘာပါလိမ့် သူငယ်ချင်း”

“ဩော်၊ ရောဘတ်ဟာ အိုင့်ရဲ့ ပိုက်ဆံကိုမက်ပြီး အိုင့်ကို လက်ထပ်တယ်ဆိုတဲ့ အချက်ပဲ”

“ယူ ဘာစိတ်ဆင်းရဲနေရတာလဲ၊ ဝမ်းတောင်သာရဦးမယ်”

“ဘာဖြစ်လို့လဲ”

“ယူပဲ ပြောပြောနေတယ်မဟုတ်လား၊ ယူ့ယောက်ျားဟာ ငထုံ၊ ငအကြီးဆို၊ အခု သူ မထုံဘူး၊ မအဘူးဆိုတာ ယူ သိလိုက်ရပြီလေ”





## ၂၁၅။ ရေကူးနာရီ



စိတ်ရောဂါကု ဆေးရုံဝင်းရှိ ပန်းခြံကို ဖြတ်လျှောက်လူနာတစ်ယောက် တိုင်ကပ်နာရီတစ်လုံးကိုကိုင်ကာ လမ်းလျှောက်လာသည်၊ ရေကန်အနားသို့ ရောက်သောအခါ နာရီကို ရေကန်ထဲ ပစ်ချလိုက်သည်၊ နောက် လူနာတစ်ယောက်က ၎င်းကို အံ့သြစွာ မေးသည်။

“ဟော၊ ဘာဖြစ်လို့ ပစ်ချလိုက်ရတာလဲ”

“သူ ရေကူးတတ်သလား၊ မတတ်ဘူးလားဆိုတာကို သိချင်လို့”

“မင်း သူ့ကို သံပတ်ပေးထားသလား”

“ဟင့်အင်း”

“အဲဒါတောင် မင်း သူ့ကို ရေကူးစေချင်သေးတယ်ပေါ့၊ ဟုတ်လား၊ ဘယ်ရမလဲကွ”

## ၂၁၆။ ဆုံးအောင်နားထောင်မှပေါ့

လေးလသား ကလေးငယ်ကို ပိုက်လျက် အမျိုးသမီးတစ်ယောက် ဆရာဝန်ထံ ရောက်လာသည်။ အမျိုးသမီးနှင့် ကလေးငယ်ကို နေရာပေးပြီး ဆရာဝန်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာအကူအညီပေးရမလဲ"

"ကလေးနဲ့ပတ်သက်လို့ပါ ဒေါက်တာ၊ သူ့ကို ကြည့်ပါဦး၊ မပိန်လွန်းဘူးလား၊ အလေးချိန်လည်း မတက်ဘူး"

"သူ့ကို နို့မှုန့်တိုက်သလား၊ အမေနို့တိုက်သလား"

"အမေနို့ပါ"

"အဲဒါဆို ခင်ဗျားအင်္ကျီ ချွတ်လိုက်ပါ"

"ရှင်၊ ဒေါက်တာ ကျွန်မ ... "

"ခင်ဗျား ဆရာဝန်ရှေ့ ရောက်နေတာပါ၊ ဘာမှ ရှက်စရာ မလိုပါဘူး၊ ဘရာစီယာကို ချွတ်လိုက်ပါ"

"ဒေါက်တာ ကျွန်မ ပြောပါရစေဦး"

အမျိုးသမီး ဆက်လက်ငြင်းဆိုခြင်း မပြုနိုင်အောင် ဆရာဝန်သည် ကိုယ်တိုင် အင်္ကျီနှင့်ဘရာစီယာကို ချွတ်လိုက်သည်၊ ထို့နောက် အမျိုးသမီး၏ ရင်သားနှစ်ဖက်ကို လက်ဖြင့် ဆုပ်နယ်သည်၊ အတန်ကြာမှ ခေါင်းကို မော့လိုက်ပြီး အမျိုးသမီးကို ပြောသည်။

"အင်း၊ ခင်ဗျား နို့မှမထွက်ဘဲ"

"ဘယ်ထွက်မလဲရှင်၊ ကျွန်မ သူ့အမေမှ မဟုတ်တာ"

## ၂၁၇။ ဖြစ်နိုင်ရင် ဆိုပါတယ်

လူနာကို ဆရာဝန်က စမ်းသပ်စစ်ဆေးပြီးနောက် ပြောသည်။

"အင်း၊ ခင်ဗျားဟာ တစ်ခုခုကို အာရုံစူးစိုက်မှု များလွန်းလို့ နှပ်ကြောပန်းရောဂါ (Neurasthenia) ဖြစ်နေတယ်၊ အကောင်းဆုံး



ကတော့ ခင်ဗျား အာရုံ ပြောင်းဖို့ လိုတယ်၊ အလုပ် လုပ်နေတဲ့အချိန်မှာ သီချင်း ဆိုစမ်းပါ"



"ဒေါက်တာ၊ ဒါက တော့ မဖြစ်နိုင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်က သုသာန်မှာ တွင်းတူးသမားပါ"

## ၂၁၈။ မိန်းမကို တော်တော်ချစ်ပုံရတယ်

ယောက်ျားတစ်ယောက် ဆရာဝန်ထံ ဖုန်းဆက်သည်။

"ဟဲလို၊ ဒေါက်တာပါလား"

"ဟုတ်ပါတယ်"

"ကျွန်တော့်မိန်းမ မတော်တဆ ငါးအရိုးကို မျိုချလိုက်မိလို့ အခု အဲဒီအရိုးဟာ သူ့ရဲ့ လည်ချောင်းထဲမှာ တစ်နေတယ် ခင်ဗျ၊ သူ စကားတစ်ခွန်းမှ မပြောနိုင်ဘူး"

"ကောင်းပြီ၊ အခုပဲ ကျွန်တော်လာခဲ့မယ်"

"အလျင်စလိုကြီးတော့ မဟုတ်ပါဘူး ဒေါက်တာရယ်၊ လာမယ့်အပတ် ဒေါက်တာအားတဲ့ တစ်ရက်ရက် လာရင်လဲ ဖြစ်ပါတယ်"

www.burmeseclassic.com



## ၂၃၉။ အရောင်းထိုးရတဲ့အထဲ

အမျိုးသမီးအထည်ရောင်းသော ဆိုင်ပိုင်ရှင်ထံ ၎င်း၏မိတ်ဆွေ အလည်ရောက်လာသည်။

"ဘယ့်နှယ်လဲ၊ အရောင်းအဝယ်ကောင်းရဲ့လားဗျ"

"မကောင်းဘူးဗျာ၊ မနေ့က ဂါဝန်တစ်ထည်ပဲ ရောင်းရတယ်၊ ကနေ့ ပိုတောင် ဆိုးသေးတယ်"

"ဘာဖြစ်လို့လဲ"

"မနေ့က ဂါဝန်ဝယ်သွားတဲ့မိန်းမက မကြိုက်လို့ဆိုပြီး ဂါဝန်ကို လာပြန်ပေးတယ်လေ"

## ၂၄၀။ အကြံပေးချင်တယ်

ရုံးသားသည့်နှင့်အမျှ အလုပ်ကို ကြိုးစားလုပ်သော ကိုမြမောင်သည် ရုံးသို့လာတိုင်း ဖိုသီဖတ်သီနိုင်လှသည်၊ လုံချည်မှာ မီးပူတိုက်ထားခြင်း မရှိ၍ ကြေမွနေသည်၊ ရှပ်အင်္ကျီမှာလည်း ဤအတိုင်းဖြစ်သည်၊ ပင်နီတိုက်ပုံဆိုလျှင် ဟိုနေရာ၊ သည်နေရာ၌ မင်စွန်းရာများ ထပ်နေသည်၊ ရုံးအရာရှိကြီးက ၎င်းကို စေတနာဒေါသောဖြင့် ပြောသည်။

"ကိုမြမောင်၊ ခင်ဗျား အိမ်ထောင်ရှိ မရှိတော့ ကျွန်တော် မသိဘူး၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားကို ကျွန်တော် အကြံပေးချင်တယ်၊ ခင်ဗျား လူပျိုကြီးဆိုရင် မိန်းမယူလိုက်၊ အဲ မိန်းမရှိပြီးသားဆိုရင် သူ့ကိုကွာလိုက်"





## ၂၄၁။ မလိမ်နဲ့



ကဖေးဆိုင်၏ထပ်ခိုးတွင် ပိုကာဝိုင်း ဖြစ်နေသည်၊ ရုတ်တရက် ကစားသမားတစ်ယောက် ခါးမှ ခြောက်လုံးပြူးကို ထုတ်ကာ လက်ထိပ်က လူကို ချိန်သည်။

"ဖဲလိမ်ရိုက်တဲ့လူကို ကျုပ် သိပ်မုန်းတယ်၊ ကျွန်တော်ဝေတဲ့ဖဲတွေ မဟုတ်ဘဲ ဘာဖြစ်လို့ တခြားဖဲတွေ ခင်ဗျားဆီ ရောက်နေရတာလဲ၊ မှန်မှန်ပြောစမ်း"

## ၂၄၂။ ရုပ်ရှင်ရှူး

ရိုက်ကူးမည့်ရုပ်ရှင်ကားသစ်တွင် မိမိအား သင့်တော်သည့် နေရာတွင် ထည့်သုံးပါရန် စကော့တလန်သားတစ်ယောက် ဒါရိုက်တာထံ အလုပ်လာလျှောက်သည်။ ရုပ်ရှင်ဒါရိုက်တာက ပြောသည်။

"ကျွန်တော်ရိုက်မယ့်ကားမှာ စကော့တလန်သားကိုပဲ လိုတာဗျ"

"ကျွန်တော် စကော့တလန်သားပါ"

"လေးနှစ်သား ချာတိတ်လေးတစ်ယောက်ကိုလဲ လိုကယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ကျလိုက်တာ၊ ကျွန်တော့်သား ၄-နှစ်ပြည့်လို့ နှစ်ရက်ပဲ ရှိသေးတယ်"

ဤလူကို ဒါရိုက်တာ အမြင်ကပ်စ ပြုလာသည်၊ သို့ဖြင့် မည်သို့ ပထုတ်ရမည်နည်းဆိုသည်ကို စဉ်းစားသည်။

"ဒါပေမယ့် ဒီချာတိတ်ဟာ အမွှာပူးကလေးနှစ်ယောက်ရဲ့ အဖေလည်း ဖြစ်ရမယ်ဗျ"

စကော့တလန်သားသည် ဤစကားကြောင့် အနည်းငယ် တွေသွားသည်၊ ထို့နောက် ဒါရိုက်တာကို မေးသည်။

"ဒါနဲ့ ရုပ်ရှင်ကို ဘယ်တော့ စရိုက်ကြမှာလဲခင်ဗျာ"

## ၂၂၃။ ပြေနိုင်ရင်ပြေပါ

သုံးနှစ်သားချာတိတ်က သူ့အမေ့ကို မေးသည်။

"မေမေ၊ သားရဲ့ညီလေး ဘာဖြစ်လို့ လမ်းမလျှောက်တာလဲဟင်"

"မနေ့တစ်နေ့ကမှ သူ့ကို မွေးတာကိုးသားရဲ့"

"ကြောင်သားလေးတွေကျ ဘယ့်နှယ်လုပ်မလဲ၊ မွေးမွေးချင်း အစာစားတယ်၊ လမ်းလည်း လျှောက်တယ်"

"သြော် ...သူတို့က ခြေထောက်လေးချောင်း ပါတာကိုးကွယ့်"

"ဒါဖြင့် ကြက်သားလေးတွေ ဘာဖြစ်လို့ မွေးပြီး မကြာဘူး လမ်းလျှောက်ကြသလဲ၊ ကဲ..."





## ၂၂၄။ ပုစွန်တုပ်



လူသားစား အရိုင်းတစ်ယောက် ၎င်း၏သားငယ်နှင့်အတူ လမ်းလျှောက်နေသည်၊ ဤအချိန်တွင် ၎င်းတို့အပေါ်မှ လေယာဉ်တစ်စင်း ဖြတ်ပျံသွားသည်၊ သားငယ်က မေးသည်။

"အဖေ အဲဒါဘာလဲ"

"လေယာဉ်ပျံ၊ သူဟာ ပုစွန်တုပ်လိုပဲ၊ အထဲမှာပါတာကိုပဲ စားလို့ရတယ်"

## ၂၂၅။ ကြာကြာမနေစေချင်ဘူး

မိန်းမက ယောက်ျားကို မေးသည်။

"မောင်ရေ၊ မောင်ဝယ်ထားတဲ့ 'အသက်တစ်ရာပြည့်အောင်နေနည်း' စာအုပ်ကို ကျွန်မ ဘယ်လိုမှ ရှာမတွေ့ပါလား၊ ဘယ်မှာ ထားထားသလဲဟင်"

"ငါ လွှင့်ပစ်လိုက်တယ်ဟော့"

"ဘာဖြစ်လို့လဲ"

"မင်းအမေ စဖတ်တာတွေ့လို့"



www.burmeseclassic.com

www.burmeseclassic.com



## ၂၂၆။ သွေးသောက်သူ

ဧည့်သည်များအား အစေခံက ဝိုင်အရက်ခွက်များကို ကမ်းပေးသည်။ ဧည့်သည်လူကြီးတစ်ယောက်ကို တိုးတိုးလေး မေးသည်။

"လူကြီးမင်းရဲ့ဇနီး ဘာသောက်သလဲ ခင်ဗျာ"

"ငါ့ရဲ့သွေး"

## ၂၂၇။ ခင်ဗျား ရန်သူ့ဘက်ကလား

နည်းပညာပိုင်းဆိုင်ရာ လေ့ကျင့်မှုကို ပြုလုပ်ရာတွင် နည်းပြဆရာက သင်တန်းသားကို ပြောသည်။

"ဆိုပါစို့၊ ခင်ဗျားဟာ သဲကန္တာရထဲမှာ ရောက်နေတယ်၊ ရုတ်တရက် တစ်ဘက်ရန်သူဟာ ကျောက်တုံးတစ်ခုကို ကွယ်ပြီး ခင်ဗျားကို ရိုင်ဖယ်နဲ့ပစ်ဖို့ ချိန်တာကို တွေ့လိုက်ရတယ်၊ ခင်ဗျား ဘာလုပ်မလဲ"

"သူ့ထက်အရင်ဦးအောင် ကျွန်တော်ပစ်ဖို့ ကြိုးစားမယ်"

"မောင်းကို ခင်ဗျား ဖြုတ်လိုက်တယ်၊ ဒါပေမယ့် ကျည်ဆံမထွက်ဘူး"

"ဒါဆို သူ့ဘက်ကို ကျွန်တော် လက်ပစ်ဗုံး ပစ်လိုက်မယ်"

"ခင်ဗျား ပစ်လိုက်တယ်၊ ဒါပေမယ့် ဗုံးမပေါက်ဘူး"

"အဲဒါဆို လျှပ်တစ်ပြက် သူ့ကို လှံစွပ်နဲ့ ပြေးထိုးမယ်"







"ခင်ဗျား ပြေးထိုးတယ်၊ ဒါပေမယ့် ချော်သွားတယ်၊ လှံစွပ်ဟာ ကျောက်တုံးကို ထိုးမိပြီး ကျိုးသွားတယ်၊ ရန်သူက ခင်ဗျားကို ဓားနဲ့ထိုးဖို့ ပြေးလာပြီ"

"ကျွန်တော် သစ်ပင်ပေါ် တက်ပြေးမယ်"

"သဲကန္တာရမှာ သစ်ပင် မရှိဘူး"

ချောင်ပိတ်ခံလိုက်ရသလို ဖြစ်သွားသော သင်တန်းသားက နည်းပြဆရာကို မကျေမချမ်း မေးသည်။

"နေပါဦး၊ ခင်ဗျား ဘယ်သူ့ဘက်က တိုက်နေတာလဲ"

## ၂၂၈။ မသိဘူး

အမျိုးသမီးတစ်ယောက်က သင်္ဘောသားကို မေးသည်။

"ပင်လယ်ဟာ အင်မတန် လှတာပဲလားဟင်"

"ကျွန်တော်က မသိဘူး၊ ကျွန်တော်က ရေငုပ်သင်္ဘောမှာ အမှုထမ်းတာဗျ"

www.burmeseclassic.com

www.burmeseclassic.com



## ၂၂၉။ သိပ်ဈေးပေါတယ်

ငါးတန်းကျောင်းသားလေးသည် စာကြည့်တိုက်သို့ လာပြီး 'ရိုမီယိုနှင့် ဂျူးလီယက်' စာအုပ်ထူကြီးကို လာအပ်သည့်၊ စာအုပ်ကို လက်ခံယူရင်း စာကြည့်တိုက်ဝန်ထမ်းက အံ့သြတကြီး မေးသည်။

"ဒီလောက်ထူတဲ့စာအုပ်ကို မင်းဖတ်တာ မြန်လှချည်လား"

"အချစ်အကြောင်းပါတဲ့အခန်းတွေကို ကျွန်တော်ကျော်ဖတ်တယ်လေ"

## ၂၃၀။ ခေါင်းမှား

"ဒေါက်တာ၊ မော်တော်ယာဉ်တိုက်ခိုက်မှု ဖြစ်ပွားပြီးတဲ့နောက် ကျွန်တော့်ခေါင်းကို ပြန်ချုပ်ပေးတာ ဒေါက်တာလားဟင်"

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ၊ ချုပ်ထားတာကို မကြိုက်လို့လား"

"ချုပ်ရိုးတွေ ကောင်းပါတယ်၊ ဒါပေမယ့် ကျွန်တော့်ခေါင်း မဟုတ်ဘူးဗျ"





## ၂၃၁။ ဒီပြဇာတ် အောင်မြင်တယ်



"မနေ့က ခင်ဗျား တင်ဆက်တဲ့ ပြဇာတ်အထူးပွဲကို သွားကြည့်ပြီး တစ်ညလုံး အိပ်မပျော်ဘူး"

"ပြဇာတ်က တွေးစရာ၊ စဉ်းစားစရာတွေ အများကြီး ပေးလိုက်လို့ထင်တယ်"

"မဟုတ်ဘူး၊ ရုံထဲမှာ အိပ်ရေးဝခဲ့လို့"

## ၂၃၂။ နယ်မြေ

ပြဇာတ်,ကနေသည်၊ မင်းသမီး၏အမေဖြစ်သူကို လူဆိုးက သေနတ်ဖြင့် ချိန်ကာ သတ်မည်တကဲကဲ လုပ်နေသည့်အခန်း ဖြစ်သည်၊ ပြဇာတ်လာကြည့်သော ချာတိတ်က ဘေးတွင် ထိုင်နေသော အဖေဖြစ်သူ ရဲသားကို ပြောသည်။

"ဟိုမှာ အန်တီကြီးကို လူဆိုးက သတ်တော့မယ်၊ ဖေဖေ ဘာဖြစ်လို့ ငြိမ်ပြီး ထိုင်နေတာလဲ"

"ရှူးတိုးတိုး၊ ဒါ ဖေဖေ့နယ်မြေ မဟုတ်ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



## ၂၃၃။ အလုပ်ပြောင်းပါ

သူငယ်ချင်းမနှစ်ယောက် စကားပြောနေကြသည်။

"အလုပ်ပြောင်းပါလို့ ဆရာဝန်က အိုင့်ကို အကြံပေးတယ်"

"အဲဒီတော့"

"ဘာပြောင်းစရာလိုလဲ၊ အိုင်မှ အလုပ်မလုပ်တဲ့ဥစ္စာ"

## ၂၃၄။ ပိုမအိပ်နဲ့

ရုံးအုပ်ကြီး အီဗန်နော့သည် အလုပ်စားပွဲတွင် ထိုင်ရင်း ငိုက်နေသည်၊ ဤတွင် တယ်လီဖုန်း မြည်လာသည်။

"ဟဲလို"

"ကျွန်မ မစ္စတာအီဗန်နော့နဲ့ စကားပြောပါရစေရှင်"

"အီဗန်နော့ပါ၊ ဟော့– နာတာရှာလား၊ ငါပါကွ၊ ဘာဖြစ်လို့ ဆက်တာလဲ၊ အိမ်မှာ ဘာဖြစ်လို့လဲ"

"ရှင်ဘာဖြစ်လို့ အိမ်မပြန်သေးတာလဲ"

"ရုံးဆင်းချိန်မှ မရောက်သေးဘဲကွ"

"ဘာဖြစ်လို့ မရောက်သေးမှာလဲ၊ ရှင်တို့ကို တစ်နာရီစောဆင်းခိုင်းထားတယ် မဟုတ်လား"

(ရုရှားနိုင်ငံတွင် အခါကြီး ရက်ကြီး မတိုင်မီ အကြိုရက်တွင် တစ်နာရီစော၍ ရုံးဆင်းခွင့် ပြုလေ့ရှိသည်။)



"သေလိုက်ပါတော့ ငါ့နှယ်၊ အလုပ်ထဲမှာ တစ်နာရီ ပိုအိပ်မိပါကလား၊ အေးအေး အခုပဲ မျက်နှာသစ်ပြီး ပြန်လာခဲ့မယ်"



## ၂၃၅။ အိမ်ထောင်

သားဖြစ်သူက အမေကို သတင်းပေးသည်။

"မေမေ၊ ဒီနေ့ပဲ ကျွန်တော်နဲ့ မသူဇာတို့ ရုံးတက်လက်ထပ်လိုက်ကြပြီ"

"အေးအေး၊ ဝမ်းသာပါတယ် သားရယ်၊ မေမေ့ကို မေ့မသွားနဲ့နော်၊ အမေအိုကြီးဆီကို တစ်ခါတလေလဲ အလည်လာဦး၊ ကြားလား"

"အလည်လာရမယ် ဟုတ်လား၊ မေမေကလည်း ပြောတော့မယ်၊ မေမေ့ကို ကျွန်တော်တို့ လုံးဝ ပစ်မထားဘူး၊ မေမေ ကျွန်တော်တို့နဲ့ လိုက်နေရမယ်၊ မေမေသိတဲ့အတိုင်း ခုခေတ်မှာ အိမ်ဖော်ရှာရတာ အင်မတန်ခက်တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



## ၂၃၆။ ရေမွှေး

ဝယ်သူက ရောင်းသူကို ပြောသည်။

"ဒီရေမွှေးက ဘာဖြစ်လို့ ငါးအနံ့ရနေတာလဲဗျဟင်"

"နာမည်ကိုက 'ရေသူမ' ရေမွှေးလေ"

## ၂၃၇။ ဘီယာနှင့်အနုပညာ

စွယ်စုံရဂီတပညာရှင်ကြီးကို သတင်းထောက်က မေးသည်။

"ဆရာကြီးခင်ဗျာ၊ အသက် ၁၈-နှစ်အရွယ်အထိ ဆရာကြီးဟာ တယောကိုပဲ ထိုးခဲ့ပါတယ်၊ အဲဒီနောက် မမျှော်လင့်ဘဲ ဆရာကြီးဟာ စန္ဒရားဘက်ကို ပြောင်းသွားပါတယ်၊ ဘာဖြစ်လို့ပါလဲခင်ဗျာ"

"တယောပေါ်မှာ ဘီယာခွက်ကို မောင်ရင် တင်လို့ ရဖူးလားကွယ်"

## ၂၃၈။ ကတိတည်သူ

အိမ်ငှား ကိုမြကြီးက အိမ်ရှင်ဒေါ်ပုကို ပြောသည်။

"ဒေါ်ဒေါ် ဒီလလည်း ကျွန်တော် ဒေါ်ဒေါ့ကို အိမ်လခပေးနိုင်မှာ မဟုတ်ပါဘူးခင်ဗျာ"

"ဘယ်လိုလဲ မောင်မြကြီး၊ လွန်ခဲ့တဲ့လ၊ လွန်ခဲ့တဲ့နှစ်လ၊ လွန်ခဲ့တဲ့သုံးလကလည်း မင်း ဒီအတိုင်းပဲ မပေးနိုင်သေးဘူးလို့ ပြောခဲ့ပါလား"



"ကျွန်တော့်စကားကို ကျွန်တော် ဘယ်မှာ ဖျက်လို့လည်း ဒေါ်ဒေါ်"



## ၂၃၉။ ကျေနပ်တယ်

ကုမ္ပဏီပိုင်ရှင် သူဌေးသည် နေမကောင်းဖြစ်သော မိမိ၏စာရေးထံ လူနာလာကြည့်သည်။

"မောင်မြ၊ မင်း နေထိုင်မကောင်းယောင်ဆောင်တာဖြစ်နိုင်တယ်ဆိုပြီး အခု ငါ လာကြည့်တာ၊ အခု မင်း တကယ်ဖျားနေတာတွေ့တော့ ငါ ကျေနပ်ပါတယ်"

## ၂၄၀။ နှိမ်မယ်မကြံနဲ့

ကာလအတန်ကြာ မတွေ့ဖြစ်ကြသော သူငယ်ချင်းမ နှစ်ယောက် ပြန်တွေ့ကြသည်။

"ထူးထူးဆန်းဆန်း ယူ မျက်မှန်တွေဘာတွေ တပ်လို့ပါလား၊ ကောင်းပါတယ်၊ အခုလို မျက်မှန်တပ်ထားတော့ ယူ့မျက်လုံးအောက်က အရေးကြောင်းတွေကို မမြင်ရတော့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဒီမျက်မှန်နဲ့ ယူ့မျက်လုံးအောက်က အဲရေးကြောင်းတွေကို အိုင် ကောင်းကောင်းမြင်ရတယ်"

## ၂၄၁။ ထပ်ကုန်လို့ ဘယ်ဖြစ်မလဲ

အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်ရန် စကော့တလန်သား တရားရုံးသို့ ရောက်လာသည်၊ သို့သော် တရားဝင်လက်မှတ်ထိုးခါနီး ဆဲဆဲတွင် စိတ်ပြောင်းသွားသည်။

"ကျွန်တော် နောက်အမျိုးသမီးတစ်ယောက်နဲ့ပဲ လက်ထပ်တော့မယ်ဗျာ၊ မနက်ဖြန်ကျမှ ပြန်လာခဲ့မယ်"

"အဲဒါဆို လက်ထပ်စာချုပ်ကို ပြန်လည်ပြင်ဆင်ရတဲ့အတွက် နောက်ထပ် ၅-ပေါင် (စတာလင်) ပေးရလိမ့်မယ်နော်"

"ဟုတ်လား၊ အဲဒါဆို အခုအမျိုးသမီးကိုပဲ ယူလိုက်တော့မယ်ဗျာ"

## ၂၄၂။ လူကြီးလူကောင်း

"ဆွိဒင်အမျိုးသားတွေ လူကြီးလူကောင်း မဆန်ဘူးလို့ ပြောကြတာကို ကျွန်တော် သဘောမတူချင်ဘူး၊ ဘာကြောင့်လဲဆိုတော့ မနေ့က မော်တော်ကားဘီးပေါက်လို့ ဘီးအသစ်လဲတပ်နေတဲ့ အမျိုးသမီးကို မိုးရေမစိုရအောင်ဆိုပြီး ထီးနဲ့ မိုးပေးထားတဲ့ ဆွိဒင်သား တစ်ယောက်ကို တွေ့ခဲ့ရလို့ပဲ"



## ၂၄၃။ နှစ်ကားပေါင်း

အိမ်ထောင်ပြုတော့မည်ဟု သတင်းပေးလာသော သမီးကို အဖေက မေးသည်။

"ရုပ်ရှင်တစ်ခါ အတူကြည့်ဖူးတာနဲ့ အဲဒီ ယောကျ်ားနဲ့ လက်ထပ်မယ်ဆိုတော့ မလွန်လွန်းဘူးလား သမီးရယ်"

"ကျွန်မတို့ကြည့်တဲ့နေ့က နှစ်ကားပေါင်းပြတဲ့နေ့ ဖေဖေရဲ့"

## ၂၄၄။ ဆုံးဖြတ်ချက်

စာရေးမောင်မြက မိမိ၏ အထက်အရာရှိအကြောင်းကို မိတ်ဆွေများအား ပြောပြနေသည်။

"ကျွန်တော့်ဆရာဟာ ဆုံးဖြတ်ချက် မချခင်မှာ ပတ်သက်တဲ့ အချက်အလက် မှန်သမျှကို ဂရုတစိုက် ကြည့်တယ်၊ အနုလုံ ပဋိလုံ စဉ်းစားတယ်၊ အဲဒီနောက်မှာမှ မျောက်ပန်းမြှောက်ပြီး ဆုံးဖြတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com

## ၂၄၅။ သမ်းခြင်းရဲ့အကျိုး

ရုပ်မြင်သံကြား သတင်းကြေညာသူအမျိုးသမီးသည် သတင်းဖတ်နေရင်း ရုတ်တရက် ပါးစပ်ကို အကျယ်ဆုံးဖွင့်ကာ သမ်းလိုက်မိသည်၊ နောက်နေ့တွင် သူမကို ရုပ်မြင်သံကြားဌာနက အလုပ်မှ ထုတ်ပစ်လိုက်သည်၊ သို့သော် နောက်တစ်ရက်ကြာသော် ထိုအမျိုးသမီးသည် ရုပ်မြင်သံကြားတွင် ပေါ်လာပြန်သည်၊ ရုပ်မြင်သံကြားတွင် ပေါ်လာလာချင်း သမ်းပြသည်၊ ထို့နောက် ပြောသည်။

"တီဗွီပရိသတ်များရှင်၊ အခုလို သမ်းမိတဲ့အတွက် စိတ်မရှိပါနဲ့၊ ကျွန်မ အိပ်ဆေးသောက်ထားမိလို့ပါရှင်"

ထိုသို့ပြောပြီး ထိုအိပ်ဆေးရောင်းသော ကုမ္ပဏီ၏အမည်၊ ဆေးအမည်နှင့် ကုမ္ပဏီ၏ လိပ်စာတို့ကို ဖော်ပြသွားသည်။

ဤသည်မှာ မထူးဆန်းပါ၊ ဆေးကုမ္ပဏီပိုင်ရှင်က သူမကို လခပိုပေးပြီး အိပ်ဆေးကြော်ငြာသူအဖြစ် ခန့်လိုက်သောကြောင့် ဖြစ်ပါသည်။

## ၂၄၆။ အထင်သေးလှချည်လား

တစ်ကားထုတ်တိုင်း အရှုံးချည်းပေါ်နေသော ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးသည် ၁၆-နာရီတိတိ မနားတမ်းမောင်းသည့် လူစီးလေယာဉ်တွင်သာ ပြသနိုင်သည့် ရုပ်ရှင်ကားတစ်ကားကို ရိုက်ကူးထုတ်လုပ်လိုက်သည်၊ ဤသတင်းကိုကြားသော ၎င်း၏ ပြိုင်ဘက်တစ်ဦးက ဤသို့ မှတ်ချက်ပေးသည်။





"ဒါ ဘာမှ မထူးဆန်းပါဘူး၊ သူ့အတွက် ရုပ်ရှင်ကြည့်သူတွေ ရုံထဲက မထွက်နိုင်အောင် လုပ်ဖို့ ဒီတစ်နည်းပဲ ရှိတယ်လေ"



## ၂၄၇။ ဒီတစ်ခါ ရှင့်အလှည့်

ဇနီးသည် ရုတ်တရက် ကွယ်လွန်သွားသဖြင့် မစ္စတာစမစ်သည် ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးဖို ဖြစ်သွားရသည်၊ အရွယ်ရှိသေးသည့်အတိုင်း မကြာမီမှာပင် နောက်အိမ်ထောင် ပြုသည်၊ ဇနီးသစ်နှင့် ဘုရားကျောင်းတွင် လက်ထပ်ပြီးစီး၍ အိမ်သို့ အတူတကွ ပြန်ရောက်လာကြသောအခါ မစ္စတာစမစ်က ဗီရိုကို ဖွင့်ပြသည်၊ ယင်းဗီရိုတွင် မိန်းမဆောင်ဦးထုပ်တစ်လုံးကို မြင်ရသည်၊ စမစ်က ပြောသည်။

"မိန်းမရေ၊ ဒီဦးထုပ်ကို ယူမဆောင်းပါနဲ့လို့ တောင်းပန်ချင်တယ်၊ အရင်ဇနီးနဲ့ ပတ်သက်ပြီး အမှတ်ရစရာဆိုလို့ ဒါပဲရှိလို့ပါ"

အချိန်အနည်းငယ် ကြာသွားသည်၊ စမစ်၏ ဒုတိယဇနီး ကွယ်လွန်သွားပြန်သည်၊ ကွယ်လွန်ပြီး မကြာမီ နောက်မိန်းမယူပြန်သည်၊ တတိယဇနီးကို ခေါ်ပြီး အိမ်သို့ ရောက်လာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကအတိုင်း ဗီရိုကို ဖွင့်ပြသည်။

"မိန်းမရေ၊ ဒီဗီရိုထဲက မိန်းမဆောင်း ဦးထုပ်နှစ်လုံးကို ယူမသုံး နဲ့ကွယ်၊ အရင်မိန်းမနှစ်ယောက်နဲ့ ပတ်သက်ပြီး သတိရစရာဆိုလို့ ဒါတွေပဲ ရှိလို့ပါကွယ်"

တတိယဇနီးက ပြန်ပြောသည်။

"စိတ်မပူပါနဲ့ရှင်၊ ကျွန်မ လက်ဖျားနဲ့တောင် မတို့ပါဘူး၊ ဒါပေမယ့် တစ်ခုတော့ ရှင်သိထားပါ၊ ဒီ ဗီရိုထဲမှာ ထားမယ့် တတိယဦးထုပ်ဟာ ယောကျ်ားဆောင်းဖြစ်မယ်နော်"

## ၂၄၈။ မြိမ်းခြောက်မှု (၁)

မိန်းမက ယောကျ်ားကို ပြောသည်။

"တမြန်နေ့က ရှင် အိမ်ကို မနေ့က ပြန်လာတယ်၊ မနေ့က ရှင် အိမ်ကို ဒီနေ့ ပြန်လာတယ်၊ ဒီနေ့ ရှင် အိမ်ကို မနက်ဖြန်မှ ပြန်လာရင် သဘက်ခါကျရင် ရှင့်ကို ကျွန်မ မပေါင်းတော့ဘူး၊ ကျွန်မပြောတာ သဘောပေါက်ရဲ့လား"

## ၂၄၉။ မြိမ်းခြောက်မှု (၂)

မိန်းမက ယောကျ်ားကို ပြောသည်။

"ဆေးလိပ်နံ့ကို ကျွန်မ သည်းမခံနိုင်ဘူးလို့ ပြောထားပြီးသား၊ အဲဒါကြောင့် ရှင် အခန်းပြင်ထွက်ပြီး ဆေးလိပ်





သောက်မလား၊ ဒါမှ မဟုတ် ကျွန်မ သီချင်း စဆိုလိုက်ရမလား"



## ၂၅၀။ အလကား လုပ်ပါ့မလား

"အင်း ပြောစရာတော့ ဖြစ်နေပြီ၊ ခင်ဗျားက ရောဘတ်ကို ငွေသုံးထောင် ချေးလိုက်တယ်၊ ဒီကောင်က မိန်းမကို ခိုးပြီး ပြေးသွားပါပကော"

"ကျုပ်ကို အကြောင်းမဲ့ ပိုက်ဆံချေးတဲ့လူစားလို့ ခင်ဗျား ထင်လို့လား"

## ၂၅၁။ ကောက်ချက်

အလှကုန်ပစ္စည်းများရောင်းသော ဆိုင်ကို ညပိုင်းက သူခိုးဝင်ခိုးသွားသည်၊ ခေါင်းလျှော်ရည်ကလွဲ၍ ဆိုင်ရှိပစ္စည်းအားလုံး ပါသွားသည်၊ မှုခင်းစုံထောက်က အောက်ပါအတိုင်း ကောက်ချက်ချသည်။

"သူခိုးဟာ ဆံပင်ပြောင်နေတဲ့လူ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



## ၂၅၂။ စံပြယောက်ျား

အမျိုးသမီးဂျာနယ်တစ်စောင်က မိမိ၏ စာဖတ်ပရိသတ်များ အကြား ပြိုင်ပွဲတစ်ခု ကျင်းပသည်၊ ပြိုင်ပွဲခေါင်းစဉ်မှာ ‘စံပြယောက်ျား ကို အတိုဆုံးနှင့် အရှင်းဆုံး အဓိပ္ပာယ်ဖွင့်ဆိုပါ’ဟူ၍ ဖြစ်သည်။

အောက်ပါဖွင့်ဆိုချက်ကို ပေးပို့သော အမျိုးသမီးက ပထမဆု ရသွားသည်။

“စံပြယောက်ျားဟူသည် စံပြမိန်းမကို မိမိ ရထားသည်ဟု ယုံကြည်သူ ဖြစ်သည်”

## ၂၅၃။ သိတာ နောက်ကျသွားတယ်

မုဆိုးမတစ်ဦးသည် ကွယ်လွန်သူယောက်ျားကို မြေမြှုပ် သင်္ဂြိုဟ်သည်၊ တစ်ပတ်ကြာသောအခါ ယောက်ျား၏အုတ်ဂူသို့ ရောက်လာသည်၊ အုတ်ဂူပေါ်တွင် ပန်းများကို အသစ်လဲထားပြီး ပတ်ဝန်းကျင်တွင် အမှိုက်သရိုက်များကို ရှင်းလင်းထားကြောင်း ၎င်း တွေ့ရသည်၊ တစ်ယောက်ယောက်က အုတ်ဂူချင်းမှားပြီး လုပ်ထားတာ ဖြစ်မှာပဲဟု အောက်မေ့ကာ အိမ်ပြန်သွားသည်။

နောက်တစ်လအကြာ ဂူရှိရာသို့ ၎င်း ရောက်လာသောအခါ အမျိုးသမီးတစ်ဦး အုတ်ဂူကို ရှင်းလင်းနေကြောင်း တွေ့ရသည်၊ သို့ဖြင့် မုဆိုးမက အမျိုးသမီးက ပြောသည်။







“တစ်ခုခု အမှား အယွင်း ရှိနေပြီထင်တယ်၊ ဒါ ကျွန်မယောက်ျားရဲ့ အုတ်ဂူရှင့်”

“မဟုတ်ပါဘူး၊ ကျွန်မ ယောက်ျားရဲ့ အုတ်ဂူပါ” အမျိုးသမီးက ပြန်ဖြေသည်။

“ဒါ မဖြစ်နိုင်ပါဘူး၊ ကျွန်မယောက်ျားဟာ ခင်ပွန်းကောင်း ဖြစ်ခဲ့တယ်၊ ရတဲ့ လခကို တစ်ပြားမကျန် ကျွန်မကို အပ်တယ်၊ အိမ်ကိုလည်း အမြဲတမ်း အချိန်မှီ ပြန်လာတယ်ရှင့်”

“ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် ကျွန်မတို့အတွက် နေ့လယ်စာ ထမင်းစားအားလပ်ချိန်နဲ့ အလုပ်ကို အချိန်စောပြီးစီးအောင် လုပ်နိုင်လို့ဆိုပြီး ရုံဖန်ရံခါရတဲ့ ဆုကြေးတွေနဲ့ လုံလောက်ခဲ့တယ်ရှင့်”

## ၂၅၄။ ဟိုဘက်ကမ်း

“ဟေ့ ချာတိတ်၊ ဒီတံတားကိုကျော်ရင် ငါ ဘယ် ရောက်မလဲကွ”

“ဘယ်ရောက်ရမှာလဲ၊ ဟိုဘက်ကမ်းပေါ့”



www.burmeseclassic.com

www.burmeseclassic.com



## ၂၄၄။ မမျှော်လင့်ထားရင် ဖြစ်တတ်တာပဲ

သတင်းစာထဲမှာ သတင်းတိုတစ်ပုဒ်။

"မနေ့က ဘတ်စ်ကားတစ်စီးပေါ်တွင် ထူးဆန်းသော ကိစ္စတစ်ခု ဖြစ်ပွားသည်၊ အမျိုးသမီးတစ်ယောက်ကို အမျိုးသားတစ်ယောက်က ထိုင်ခုံနေရာ ဖယ်ပေးသည်၊ အမျိုးသမီး သတိမေ့သွားသည်၊ သတိပြန်လည်လာပြီး ထိုအမျိုးသားကို ကျေးဇူးတင်စကား ပြောသောအခါ အမျိုးသား သတိမေ့သွားသည်"

## ၂၄၅။ နောက်ဆုံးဖျော်ဖြေရာ

နီကိုလိုင်သည် ဆေးရုံတက်နေသော သူငယ်ချင်း အင်ဒရေးထံ လူနာ လာကြည့်သည်၊ အင်ဒရေး၏ ကုတင်ဘေးတွင် ဆေးနှင့် လူနာ၏ ပစ္စည်းအချို့ထားရန် ပေးထားသော စားပွဲကလေးပေါ်၌ ဗော့ဒ်ကာအရက်တစ်ပုလင်း ထောင်ထားသည်ကို တွေ့ရသည်၊ ပုလင်းထဲ၌ အရက်အနည်းငယ်သာ ကျန်တော့သည်၊ နီကိုလိုင်က ပြောသည်။

"သူငယ်ချင်း၊ မင်းရဲ့နောက်ဆုံးဖျော်ဖြေရာဟာ ဒါပဲလားကွာ"

"မဟုတ်ဘူး၊ အံဆွဲထဲမှာ နောက်တစ်ပုလင်းအပြည့် ကျန်သေးတယ်"





## ၂၄၆။ ဘွေးမိသည်မှာ



အသက် ၂၀-အရွယ် မိန်းကလေးကို ဇနီးအဖြစ် ယူထားသော အသက် ၇၀- အရွယ် အဘိုးကြီးက ပြောသည်။

"ရယ် စ ရာ တော့ ကောင်းသားဗျနော်၊ သူ အသက် ၇၀ ပြည့်တဲ့အချိန်မှာ ကျုပ်ရဲ့အသက် ၁၂၀ ရှိနေတော့မယ်"

## ၂၄၇။ မဖတ်ပါဘူး

အမျိုးသမီးတစ်ဦး လမ်းလျှောက်လာသည်၊ တစ်နေရာတွင် မျက်မမြင်တစ်ဦး တောင်းစားနေသည်ကို တွေ့ရသည်၊ ၎င်းရှေ့ချထားသော ဦးထုပ်အဟောင်းပေါ်တွင် လူများ စွန့်ကြဲထားသော ငွေစက္ကူအချို့ ရှိနေသည်၊ တောင်းစားသူကိုယ်တိုင်ကမူ ဂျာနယ်တစ်စောင်ကို လက်တွင် ကိုင်ထားသည်၊ အမျိုးသမီးက မျက်မှောင်ကြုတ်ပြီး မေးသည်။

"ကန်းတယ်ဆိုတဲ့လူက ဂျာနယ်တွေ ဘာတွေ ဖတ်လို့ပါလား"

"ကျွန်တော် မဖတ်ပါဘူး၊ ရုပ်ပုံပဲ ကြည့်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



## ၂၄၉။ မှားပြီထင်တယ်

ရှေးဟောင်းရဲတိုက်တစ်ခု၏ ပိုင်ရှင်ထံ နယ်မှမိတ်ဆွေတစ်ယောက် အလည်ရောက်လာသည်၊ ညအချိန်ရောက်သောအခါ အိမ်ရှင်၏တပည့်က ဧည့်သည်အိပ်ရမည့် အိပ်ခန်းကို လိုက်ပြသည်၊ ဧည့်သည်က မေးသည်။

"ဒီအခန်းထဲမှာ ထူးကာဆန်းတာ မဖြစ်ဖူးဘူးလား"

"လွန်ခဲ့တဲ့ဆယ်နှစ်က တစ်ခါဖြစ်ဖူးတယ်၊ ဒီအခန်းမှာ အိပ်တဲ့ ဧည့်သည်ကို မနက်ပိုင်းမှာ အသက်ရှင်လျက် တွေ့ခဲ့ရပါတယ်"

## ၂၅၀။ သူများထက်လျင်လို့ သူခိုးလုပ်စားတာပေါ့

ကုန်သည်နှစ်ယောက် စကားပြောနေကြသည်။

"မစ္စတာစမစ်ရဲ့ စိန်ရွှေရတနာဆိုင်ကို သူခိုးဝင်ခိုးတာ သုံးကြိမ်ရှိပြီ၊ ရဲကလည်း သူခိုးကို ခုချိန်ထိ မမိနိုင်သေးဘူး"

"စမစ်က ရဲကိုပဲ အားကိုးနေတာလား၊ သူ့ဟာသူရော ဘာမှ မလုပ်ဘူးလား"

"လုပ်တာပေါ့၊ ဆိုင်ရှေ့ မှန်ပြခန်းထဲမှာ စိန်အတုတွေကို ခင်းပြလိုက်တယ်၊ အဲဒီအနားမှာ ကျောက်တွေကို သူခိုးက လက်နဲ့ထိလိုက်တာနဲ့ အလိုအလျောက် ခလုတ်နှိပ်ပြီးသား၊ ဓာတ်ပုံရိုက်ပြီးသား ဖြစ်သွားမယ့် အကောင်းစား ကင်မရာတစ်လုံးကို ထောင်ထားလိုက်တယ်"





"အင်မတန်စိတ်ကူးကောင်းတဲ့ ပုဂ္ဂိုလ်ပါလား၊ အဲဒီတော့ ဘာဖြစ်သလဲ"

"ကျောက်တွေကို သူခိုးလက်နဲ့တောင် မတို့ဘူး၊ ကင်မရာကို ခိုးသွားတယ်"



## ၂၅၁။ ခုမှပဲပေါ်တော့တယ်

အမေဖြစ်သူက မိန်းငယ်ငယ်ကအကြောင်းကို သမီးအား ပြောပြနေသည်။

"မေမေက အတင်းငြင်းတယ်၊ အဲဒီအခါမှာ သမီးရဲ့ ဖေဖေက မေမေ့ရှေ့မှာ ဒူးထောက်ပြီး တောင်းပန်တယ်"

ဤတွင် စကားဝိုင်းထဲ ဝင်မပါဘဲ တစ်ချိန်လုံး သတင်းစာကို ဖတ်နေသော ယောကျ်ားက ဒေါသသံဖြင့် ဝင်ပြောသည်။

"ဘာပြောတယ်၊ ငါက မင်းရဲ့ရှေ့မှာ ဒူးထောက် တောင်းပန်တယ် ဟုတ်လား၊ ကျားသားမိုးကြိုး"

"စိတ်မတိုပါနဲ့ရှင်၊ ရှင့်ကို ကျွန်မက ရည်ရွယ်ပြီး ပြောတာ မဟုတ်ဘူး၊ သမီးရဲ့အဖေအကြောင်းကို ပြောပြနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com

## ၂၆၂။ အရုပ်ဆိုးမယား

အိမ်ထောင်ရေးအကြောင်းကို ဆွေးနွေးနေကြသည်။

"အရုပ်ချောတဲ့ မိန်းမထက် အရိုးဆိုးတဲ့ မိန်းမကို မယားအဖြစ်ယူတာက ပိုကောင်းတယ်လို့ ကျွန်တော် အမြဲတမ်း ယူဆခဲ့တယ်၊ ရုပ်ချောတဲ့မိန်းမက ကိုယ့်ကို အချိန်မရွေး ပစ်သွားနိုင်တယ် မဟုတ်လား"

"အရုပ်ဆိုးတဲ့မိန်းမကလည်း ပစ်သွားနိုင်ပါတယ်ဗျာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒီအခါကျရင် ဒီလို မယ်ကုဝဏ်နဲ့ ကွဲသွားတာ ခပ်ကောင်းကောင်းပဲလို့ အားလုံးက ပြောကြမယ်လေ"

## ၂၆၃။ ပိုဝေးသွားသလားပဲ

"အဘွား၊ နီးပဒေါရွာနဲ့ ကလော့သော့ရွာ ဘယ်လောက်ဝေးသလဲဟင်"

"အရင်တုန်းက ၅–မိုင်ဝေးတယ်၊ နောက်ပိုင်း မြို့ပေါ်က ကျွမ်းကျင်သူတွေဆိုလား လာကြပြီး ဟိုတိုင်း သည်တိုင်းလုပ်တယ်၊ ၇–မိုင် ဖြစ်သွားတယ်၊ အဲဒီတော့ အခု ၂–မိုင်ပိုလျှောက်ရတာပေါ့ ငါ့မြေးရယ်"





## ၂၆၄။ တစ်နိုင်ငံတစ်မျိုးစီပေါ့



ဥရောပတိုက်သား တစ်ယောက် ကိုယ်ပိုင်ကားဖြင့် ကမ္ဘာလှည့်ခရီး သွားရာ မော်လ်တာနိုင်ငံသို့ ရောက်လာသည်၊ ဤနိုင်ငံတွင် ကားမောင်းသမားများ စည်းမရှိ၊ ကမ်းမရှိ မောင်းချင်ရာမောင်းနေကြသည်ကို တွေ့ရရာ ယာဉ်ထိန်းရဲကို အံ့ဩစွာ မေးသည်၊ ယာဉ်ထိန်းရဲက အေးအေးဆေးဆေး ပြန်ဖြေသည်။

"ဒါကို အရေးမစိုက်စမ်းပါနဲ့၊ တချို့နိုင်ငံတွေမှာ လက်ဝဲမောင်း၊ တချို့နိုင်ငံတွေမှာကျတော့ လက်ယာကပ်မောင်းစနစ်လုပ်ထားကြတယ်၊ ကျွန်တော်တို့နိုင်ငံမှာ နေသိပ်ပူတယ် မဟုတ်လား၊ အဲဒီတော့ ကားမောင်းတဲ့လူတွေက အရိပ်ရှိတဲ့ဘက် ကပ်မောင်းကြတယ်လေ"

## ၂၆၅။ တောသားဆိုတော့ လျှော်ကြီးထိုး ရိုးရိုးပဲသိတယ်

အိပ်ခန်းမျက်နှာကြက်ကို မည်သည့်ဆေးအရောင် သုတ်ရမည်နည်းနှင့် ပတ်သက်၍ လင်မယားနှစ်ယောက် စကားများကြသည်၊



www.burmeseclassic.com

www.burmeseclassic.com


မည့်သူမှ တစ်ယောက်ကိုတစ်ယောက် အလျှော့မပေးကြသည်နှင့် လမ်းပြင်ထွက်ကာ တွေ့သည့်လူ၏အကြံဉာဏ်ကို တောင်းခံရန် သဘောတူလိုက်ကြသည်၊ လမ်းပေါ်တွင်တွေ့သောလူကို နှစ်ယောက်သား ဝိုင်းမေးကြသည်၊ ထိုလူက ပြန်ပြောသည်။

"ကျွန်တော့်အမြင်မှာတော့ ခင်ဗျားမိန်းမပြောတဲ့အတိုင်း အပြာနုရောင် သုတ်သင့်တယ်၊ မျက်နှာကြက်ကို ခင်ဗျားနဲ့စာရင် သူကပိုပြီး ခဏခဏ မြင်ရတယ်မဟုတ်လား"

"ဘာလဲ၊ ခင်ဗျား တောကလာတဲ့လူလား"

(စာဖတ်သူကို အထင်မသေးပါ၊ စဉ်းစားကြည့်လျှင် ရယ်ရပါမည်။)

## ၂၆၆။ တစ်ချက်ခုတ် သုံးချက်ပြတ်

စကော့တလန်သားတစ်ယောက်သည် မိမိ၏မိတ်ဆွေနှင့်အတူ ဆရာဝန်ထံ လာပြသည်၊ ဆရာဝန်က စစ်ဆေးကြည့်ရှုပြီးသောအခါ မိတ်ဆွေဖြစ်သူက နားမလည်ဟန်ဖြင့် မေးသည်။

"ဟေ့လူ၊ ရင်ဘတ်အောင့်တယ်၊ ဗိုက်နာတယ်ဆိုပြီး ဘာဖြစ်လို့ ဆရာဝန်ကို ခင်ဗျား ပြောရတာလဲ၊ ခင်ဗျား ကျွန်တော့်ကိုပြောတော့ ခေါင်းပဲကိုက်တယ်ဆို"

"ရင်ဘတ်အောင့်ချင်သလိုလိုပဲလို့ မိန်းမကပြောတယ်၊ သမီးကလည်း ဗိုက် ခဏခဏ နာတယ်လို့ ပြောတယ်"

"အဲဒါနဲ့ ဘာဆိုင်လို့တုံး"

"ခင်ဗျား တော်တော် နားဝေးတာပဲ၊ မိန်းမနဲ့သမီး အတွက် စစ်ဆေးကြည့်ရှုခ ထပ်ပေးရလောက်အောင် အထိ ကျုပ် မတုံးဘူးဗျ"



## ၂၆၇။ သူများလက်ဦးသွားလို့

လော့ဒ်ကလီးမင်းသည် သာမန်အချိန်ထက်စော၍ အိမ်သို့ ပြန်ရောက်လာရာ လုံးဝ မမျှော်လင့်သော မြင်ကွင်းကို မြင်လိုက်ရသည်၊ ၎င်း၏အစေခံသည် ၎င်း၏ အိမ်နေဝတ်ရုံကိုဝတ်လျက် ၎င်းထိုင်နေကျ ဆိုဖာပေါ်တွင် အခန့်သား ထိုင်ကာ ၎င်းသောက်နေကျ ဆေးပြင်းလိပ်ကို ခဲထားသည်၊ လက်တစ်ဖက်တွင်လည်း လော့ဒ်ကလီးမင်းအကြိုက် ဝီစကီခွက်ကို ကိုင်ထားသည်၊ သခင်ဖြစ်သူက အံကြိတ်ပြီး ပြောသည်။

"ယော့ကောင်၊ ငါ့မိန်းမကိုပါ မင်းပေါင်ပေါ်တင်ထားရင် ပိုမကောင်းဘူးလား"

"ကျွန်တော် စဉ်းစားပါသေးတယ်၊ ဒါပေမယ့် မာလီက ဦးသွားလို့"



www.burmeseclassic.com

www.burmeseclassic.com



## ၂၆၈။ ခင်ပွန်းလောင်း

"မေမေ၊ သမီးလက်ထပ်မယ့် ယောကျ်ားလောင်းကို တွေ့ပြီ မေမေရဲ့"

"အဲဒါဆို သူ့ကို မေမေနဲ့ မိတ်ဆက်ပေးပါကွယ်"

"ဟောဟိုမှာ တွေ့လား၊ အိမ်ရှေ့မှာ မာစီဒီးကား ထိုးရပ်လိုက်ပြီ၊ အခု သူ ကားထဲက ထွက်လာလိမ့်မယ်"

"သမီး၊ သမီးခင်ပွန်းလောင်းက သမီးထက် အသက် ၂၀-လောက် ကြီးနေပုံပါလား"

"အခုထွက်လာတာ သူ မဟုတ်ဘူး မေမေ၊ သူ့ရဲ့ သားအငယ်ဆုံး"

## ၂၆၉။ တတိယလူ ဖြစ်သွားမယ်

(ဆိုဗီယက်ယူနီယံတွင် ယခင်က ဗော့ဒ်ကာတစ်ပုလင်းကို သုံးရူဘယ်သာ ပေးရသည်၊ သို့သော် သုံးရူဘယ်ပင် မတတ်နိုင်သော ဇိုးသမားအချို့မှာ မိမိတွင်ပါသော တစ်ရူဘယ်ကို လက်ထဲကိုင်ကာ ဘဝတူများကို အဖော်လိုက်စပ်ရသည်၊ နှစ်ယောက်ရှိဦးတော့ မသောက်နိုင်သေး၊ တတိယလူလာသည်အထိ စောင့်ကြရသည်။)

အလုပ်သွားမည့်ယောကျ်ားအတွက် မိန်းမက ထမင်းချိုင့် ပြင်ပေးနေသည်၊ ယောကျ်ားက ပြောသည်။

"မိန်းမရေ၊ အလုပ်ကအပြန် 'တတိယလူ'အဖြစ်နဲ့ ပေါင်းသောက်နိုင်အောင် ငါ့ကို တစ်ရူဘယ်တော့ ပေးလိုက်ပါဦးကွာ"



တစ်ရူဘယ်ကို ဆောင့်ကြီး အောင့်ကြီး ပေးရင်း မိန်းမက ပြောသည်။

"ရှင် စောစောတော့ အိမ်ပြန်လာနော်၊ နို့မဟုတ်ရင် ရှင် 'ပထမလူ'ဖြစ်ဖို့ မလွယ်ဘူး"

## ၂၇၀။ သမက်မေတ္တာ

ယောက္ခမက သမက်ကို ပြောသည်။

"မောင်လှပို သိပ်ပြီး အမေ့ကို ဂရုစိုက်နေပါလား၊ အသက် ငါးနှစ်လောက် တိုရင်တိုသွားပါစေ၊ မြိတ်ကလာတဲ့ ဒူးရင်းသီး ကောင်းကောင်းတစ်လုံးလောက် စားချင်တယ်လို့ လွန်ခဲ့တဲ့ ခြောက်လလောက်က အမေပြောခဲ့တဲ့စကားကို မင်းသတိရသားပဲ"

"ဟုတ်ကဲ့၊ သတိရလို့ အခု နှစ်လုံးတောင် ယူခဲ့ပါတယ်"

## ၂၇၁။ သတင်းထူးမပါဘူး

လက်ဖက်ရည်ဆိုင်ထဲဝင်လာသော ကိုမြကို ရောက်နှင့်နေသော ကိုလှက မေးသည်။





www.burmeseclassic.com

www.burmeseclassic.com



"ကိုမြ၊ ဘာသတင်း ထူးသေးလဲဗျ"

"ဘာမှ မထူးဘူး၊ ကျွန်တော် အိမ်က ထွက်လာတော့ ယောက္ခမကြီး အိပ်နေတုန်း"

## ၂၅၂။ ဆုတောင်းပါ

နှစ်မြုပ်လုဆဲဆဲ ဖြစ်နေသော သင်္ဘော၏ ကပ္ပတိန်က သင်္ဘောသားအားလုံး ကြားအောင် အော်မေးသည်။

"ဟေ့၊ မင်းတို့အထဲမှာ အန္တရာယ်ကင်းဂါထာရွတ်တတ်တဲ့အကောင် ရှိသလား"

"ကျွန်တော် ရွတ်တတ်ပါတယ်ခင်ဗျ"

"အေး၊ အဲဒါဆို မင်းရွတ်ပြီး နေရစ်ခဲ့၊ ကျန်တဲ့လူတွေ အားလုံး သက်ကယ်အင်္ကျီအမြန်ဆုံးဝတ်ကြ၊ သက်ကယ်အင်္ကျီ တစ်ထည်လိုနေတာနဲ့ အတော်ပဲ"

## ၂၅၃။ လက်မအားလို့ပါ

"တပ်သားမောင်မြ၊ မင်းဆီမှာ လက်နက်အပြည့်အစုံ ရှိပါလျက်နဲ့ ဘာဖြစ်လို့ တိုက်ပွဲဖြစ်တဲ့နေရာကနေ ထွက်ပြေးရသလဲ"

"လက်တစ်ဖက်မှာ ရိုင်ဖယ်ရှိတယ်၊ နောက်တစ်ဖက်မှာ လက်ပစ်ဗုံးကို ကိုင်ထားတယ်၊ ဒါကြောင့် လက်နှစ်ဖက်စလုံး မအားဘူး၊ ဘာလဲ၊ ရန်သူ့ကို ကျွန်တော့်သွားနဲ့ ကိုက်ရမှာလား"

## ၂၅၄။ တော်တဲ့ပုံ မဆောင်စမ်းပါနဲ့



ပင်လယ်ကမ်းစပ်တွင် ကိုချူချာ ငါးမျှားနေသည်၊ ရုတ်တရက် အမေရိကန် ရေငုပ်သင်္ဘော ပေါ်လာသည်၊ အမေရိကန် ရေတပ်ဗိုလ်က မေးသည်။

"ဟဲလို၊ ဆိုဗီယက် စစ်သင်္ဘော ဘယ်ဘက်ကို မောင်းသွားသလဲဗျာ၊ မြင်လိုက်ရင် ညွှန်စမ်းပါ"

ကိုချူချာ လက်ညှိုးညွှန်ပြသည်။

"North West ပဲ၊ Thank You"

အနောက်မြောက်ဘက် မောင်းရန် အမေရိကန်ရေတပ်ဗိုလ် အမိန့်ပေးလိုက်သည်၊ မကြာမီ ဆိုဗီယက်ရေငုပ်သင်္ဘောပေါ်လာသည်၊ ချူချာကို မေးသည်။

"ဟေ့ ရဲဘော်ချူချာ၊ အမေရိကန်သင်္ဘော ဘယ်ဘက်ကို မောင်းသွားသလဲဗျ"

"North West"

"ဟာ၊ သူများအထင်ကြီးအောင် ရွတ်ပြမနေစမ်းနဲ့၊ လက်ညှိုးနဲ့သာ ညွှန်ပြစမ်းပါ"





www.burmeseclassic.com

www.burmeseclassic.com



## ၂၇၅။ ကြယ်တွေလ...ကု မပေါ်ချင်း

မိန်းမဖြစ်သူ မိဘများထံ အလည်ပြန်သွားသဖြင့် နီကိုလိုင်သည် သူငယ်ချင်း အီဗန်ကို အိမ်သို့ခေါ်ကာ နှစ်ယောက်သား အရက်သောက်ကြသည်၊ မသောက်မီ နီကိုလိုင်က ပြောသည်။

"သူငယ်ချင်း၊ ကောင်းကင်မှာ ကြယ်ပေါ်တာနဲ့ တော်ကြမယ်နော်၊ ငါ မနက်ဖြန်မနက် ရုံးတက်ရဦးမယ်ကွ"

သုံးရက်တိတိ ကြာသွားသည်၊ သူငယ်ချင်းနှစ်ယောက် ဆက်သောက်ဆဲ၊ အိမ်တံခါးကို ခေါက်သံကြားရသည်၊ နီကိုလိုင် နေရာမှထပြီး ဖွင့်လိုက်ရာ ရဲသားကို တွေ့ရသည်၊ ရဲသားက မေးသည်။

"ခင်ဗျားတို့အိမ်ခန်းဟာ ဘာဖြစ်လို့ ၂၄–နာရီမီးဖွင့်နေရတာလဲဗျ"

ဤတွင် အီဗန်က နားမလည်နိုင်ဟန်ဖြင့် နီကိုလိုင်ကို မေးသည်။

"နီကိုလိုင်၊ မင်းပြောကော့ ကြယ်ပေါ်တာနဲ့ တော်မယ်ဆို၊ ဘယ်လိုဖြစ်တာလဲ"

"ဆောရီး သူငယ်ချင်း၊ ပြတင်းပေါက်အစား ဗီရိုကိုပဲ ငါ ကြည့်မိတယ်ထင်တယ်"





## ၂၇၆။ ကွယ်ရာမှာတစ်မျိုး ရှေ့မှာတစ်မျိုး



"ကွယ်ရာမှာ ခင်ဗျားရဲ့အထက်အရာရှိကို ခင်ဗျားဝေဖန်တာ ရစရာမရှိဘူး၊ အဲ အစည်းအဝေးမှာကျတော့ သူ့ကို ခင်ဗျားပဲ ချီးမွမ်းပြန်တယ်၊ ဘယ်လိုသဘောလဲ"

"ဘာသဘောမှ မဟုတ်ဘူး၊ စကားတစ်ခွန်းကို နှစ်ခါထပ်မပြောချင်လို့"

## ၂၇၇။ အမြည်းမလိုဘူး

"ဝမ်းပက်ပေးပါ"

"ဘာနဲ့မြည်းမလဲခင်ဗျာ"

"(လျှာလေးအာလေးသံဖြင့်) ဘာ...ဘာမှမလိုဘူး"

"အမြည်းမပါဘဲ သောက်ရင် အန္တရာယ်ရှိတယ်နော်"

"မလို...မလိုဘူးဗျာ"

"မလုပ်ပါနဲ့၊ ပေါင်မုန့်ဖြစ်ဖြစ် နည်းနည်း ကိုက်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



" ဟိုဆိုလဲ ပေး…ပေးဗျာ"

ပေါင်မုန့်ကို ယူပြီး ကိုက်လိုက်သည်၊ ချက်ချင်းဆိုသလို ကြမ်းပေါ် လဲကျ္ျသွားသည်။

"ပြော … ပြောတယ်မဟုတ်လား၊ ဘာအမြည်း … အမြည်းမှ မလိုပါဘူးလို့"

## ၂၅၀။ အမွှာပူး

"ရှင့်ကို သတင်းကောင်းပေးရမယ်၊ ရှင့်ရဲ့ သတ္တမမြောက် ကလေး ရှောရှောရှူရှူ မွေးတယ်ရှင့်"ဟု သူနာပြုဆရာမက ကလေးအဖေကို ပြောသည်။

"ဆဋ္ဌမမြောက်ကလေးကို ဆရာမ ပြောချင်တာထင်ပါ"

"ဟုတ်ကဲ့၊ ဆဋ္ဌမမြောက်ကလေးလည်း မွေးပါတယ်ရှင်"



BURMESE CLASSIC .com

www.burmeseclassic.com